www.burmeseclassic.com

တက္ကသိုလ်

# ဝင်းကြွယ်

## ခယောင်းလမ်းမှသွေးချင်းညီနောင်

ဝမ်အင်း၏ ရှု့ကွေ့ကျုန်းလု

ဒုတိယပိုင်း
ဇာတ်သိမ်းပိုင်း



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# ဝင်းကြွယ်

## စယောင်းလမ်းမှ သွေးချင်းညီနောင်

(ဒုတိယပိုင်း – ဇာတ်သိမ်း)

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

## နီဂုံး

ဝန်းကျင်၌ စိမ်းလန်းစိုပြည်သော တောအုပ်များ ဖုံးလွှမ်းလျက်ရှိသည်။

တောလမ်းကလေးနံဘေးတွင် အလေ့ကျပေါက်နေသော ရောင်စုံပန်းကလေးများကြောင့် ငွေ့ယမ်းတိုက်ခိုက်လာသော လေပြည်နှင့်အတူ မွှေးကြိုင်သင်းပျံ့သောရနံ့များ ပါဝင်လာသည်။

ဤနေရာမှာ ...

ဓားရဲတိုက်အနောက်ဘက် မလှမ်းမကမ်းတွင်ရှိသော တောအုပ်တစ်ခု ဖြစ်သည်။

တောအုပ်အလယ်တွင် မကြာသေးမီက ရှင်းလင်းခုတ်ထွင်ထားသော မြေကွက်လပ်တစ်ခု ရှိနေ၏။

ဓားရဲတိုက်သခင် လုကျင်းရှယ်က ကျန်းစုနှင့် ကျိုရန်ကိုးတို့ သိုင်းပညာ လေ့ကျင့်နိုင်ရန် ဖန်တီးပေးထားခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤနေရာသည် ခြောက်သွေ့တိတ်ဆိတ်ပြီး လူသူအရောက်အပေါက် နည်းလှလေသည်။

ယနေ့နံနက် မိုးစင်စင်လင်းသည်နှင့် မြေကွက်လပ်သို့ လူနှစ်ယောက် ရောက်ရှိလာသည်။

ထိုလူနှစ်ယောက်မှာ ကျန်းစုနှင့် ကျိုရန်ကိုးတို့ ဖြစ်ကြလေသည်။

သူတို့သည် တစ်လံသာသာခန့်ခွာ၍ တစ်ယောက်နှင့်တစ်ယောက် မျက်နှာချင်းဆိုင် ရပ်နေကြသည်။

အတန်ကြာမှ ကျန်းစုက တိတ်ဆိတ်မှုကို စတင်ဖြိုခွဲလိုက်သည်။

"ကျိုရန်ကိုး ... မင်းဟာ ထိပ်တန်းသိုင်းသမားတစ်ယောက် ဖြစ်နေပြီ၊ ဒါကြောင့် မင်းကို နောက်ဆုံးအဆင့် စမ်းသပ်မယ်၊ ကြိုးစားပြီး ခုခံပါ"

ကျိုရန်ကိုး ခေါင်းညိတ်လိုက်သည်။

"ကျုပ် ကြိုးစားပါ့မယ်"

"ကောင်းပြီ ... နယ်စားကြီး ကုန်းချဲ့ကျန်းဟာ သံမဏိလက်ချောင်းသိုင်းကို တစ်ဖက်ကမ်းခပ် တတ်မြောက်ထားတယ်၊ သူ့ရဲ့သိုင်း



ကွက်အချို့ဟာ လျှို့ဝှက်ဆန်းကြယ်ပြီး ကြောက်စရာကောင်းတယ်၊ ကျုပ်သိသမျှ သင်ပေးမယ် ... မင်း ဂရုစိုက်ပြီး မှတ်ထားပါ"

ယင်းသို့ပြောပြီးလျှင် လက်ဝါးတစ်ဖက် ထောင်လိုက်လေသည်။

သူ၏လက်ဝါးတွင် သံမဏိဖြင့်ပြုလုပ်ထားသော လက်ဝါးတစ်ခုကို ကွင်းဖြင့်စွပ်ထား၏။

ထိုလက်ဝါးတွင် လက်ညှိုး၊ လက်ခလယ်၊ လက်ချောင်းနှစ်ချောင်းသာ ပါရှိလေသည်။

သံမဏိလက်ချောင်းများသည် နေရောင်ထဲတွင် ဝင်းလက်တောက်ပြောင်သောအရောင်များ ထွက်ပေါ်ဟလေသည်။

ကျန်းစုက ...

"နယ်စားကြီးကုန်း ချဲ့ကျန်းသာ ဒီလို သံမဏိလက်ချောင်းနှစ်ချောင်းနဲ့ ယှဉ်ပြိုင်မှာပဲ၊ ကဲ ... မင်း ကြိုးစားကြည့်ပါ"

စကားဆုံးလျှင် လူလည်း ရှေ့သို့ခုန်သွားကာ ကျိုရန်ကိုးအား တိုက်ခိုက်ဂိုက်လေသည်။

ကျိုရန်ကိုးက ဓားကိုဆွဲထုတ်၍ ပြန်လည်၍တိုက်ခိုက်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် နန်းစဉ်ဓားကို လုံခြုံစိတ်ချရသောနေရာတွင် သိမ်းဆည်းထားခဲ့လေသည်။

ကျွန်းစုက သံမဏိလက်ချောင်းနှစ်ချောင်းဖြင့် ပုံပန်းအမျိုးမျိုး တိုက်ကွက်ဆင်သည်။

ဦးခေါင်းပိုင်းကို တိုက်ရန်ဟန်ပြင်ပြပြီး ဝမ်းဗိုက်ကို တိုက်ခိုက်၏။

တစ်ဖန် ရင်ဝကို သံမဏိလက်ချောင်းများဖြင့် ထိုးဟန်ပြကာ ခြေထောက်ချင်း ရိုက်လှဲလိုက်လေသည်။

ယခုတစ်ကြိမ် ကျွန်းစု၏တိုက်ခိုက်မှုသည် တစ်မူထူးခြားနေပေသည်။

ထို့ကြောင့် ကျိုရန်ကိုး သတိကြီးစွာထားကာ ခုခံကာကွယ်နေရ၏။

သံမဏိလက်ချောင်းနှစ်ချောင်း တိုက်ကွက်ကို ယခုမှ တွေ့မြင်ဖူးသည်ဖြစ်ပေရာ တိုက်ခိုက်ရန် မတတ်နိုင်သည့်အပြင် ခုခံကာကွယ်ရန်လည်း အခက်အခဲ ဖြစ်နေ၏။

ကျွန်းစုက ကျိုရန်ကိုး အခြေအနေမဟန်သည်ကို တွေ့ရသော်လည်း အလျှော့မပေးပါချေ။



အားမာန်အပြည့်ဖြင့် တရကြမ်း တိုက်ခိုက်လေသည်။

ကျိုရန်ကိုးနောက်သို့ တစ်လှမ်းပြီးတစ်လှမ်း ဆုတ်သွားရ၏။ နောက်ဆုံး ဆုတ်ရန်လမ်းမရှိတော့ဘဲ သစ်ပင်တစ်ပင်နှင့် နောက်ကျောကပ်မိသွားလေသည်။

ထိုစဉ် ...

"သတိထား"

ကျွန်းစုက ကျယ်လောင်စွာ အော်ဟစ်ပြီး ရှေ့သို့ ခုန်အုပ်ကာ ကျိုရန်ကိုး၏ရင်ဝဆီသို့ သံမဏိလက်ချောင်းများဖြင့် ထိုးချလိုက်လေသည်။

ကျိုရန်ကိုး ထိတ်လန့်ကာ နံဘေးသို့ရှောင်တိမ်းပြီး နီးကပ်လာသော ကျွန်းစုအား ဓားဖြင့်ထိုးချလိုက်သည်။

ကျွန်းစုက ရှောင်တိမ်းခြင်း မပြုပါချေ။

သံမဏိလက်ချောင်းနှစ်ချောင်းဖြင့် ကျိုရန်ကိုး၏ဓားကို ဖမ်းညှပ်လိုက်၏။

ကျိုရန်ကိုးက ပြန်လည်ဆွဲထုတ်လိုက်သော်လည်း မလွတ်နိုင်တော့ပါ။

သူတို့နှစ်ယောက် အားချင်းယှဉ်ပြိုင် တွန်းနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျိုရန်ကိုးက အမျိုးမျိုးကြိုးစား၍ ဓားကိုဆွဲထုတ်သည်၊

ကျန်းစုကို တွန်းပစ်သည်။

သို့သော် သံမဏိလက်ချောင်းနှစ်ချောင်းဖြင့် ညှပ်ထားခြင်းမှ မလွတ်နိုင်ချေ။

ကျန်းစု မဲ့ပြုံးပြုံးရင်း ...

"ကုန်းချဲ့ကျန်းက မင်းရဲ့ဓားကို ဒီလိုညှပ်ထားလိမ့်မယ်၊ ဒါဟာ သူ့ရဲ့ လျှို့ဝှက်ချက်တစ်ခုပဲ"

ပြောရင်း သံမဏိလက်ချောင်းနှစ်ချောင်းကို ကန့်လန့်လှည့်ချလိုက်ရာ ...

'ချွမ်'

ကျိုရန်ကိုး၏ဓားမှာ ထက်ပိုင်ကျိုးသွားလေသည်။

ထိုသို့ ကျိုးသွားသည်နှင့်တစ်ပြိုင်နက် ကျန်းစုက ငြာသံတစ်ချက်ပေးကာ ရှေ့တိုး၍ သံမဏိလက်ချောင်း နှစ်ချောင်းဖြင့် ကျိုရန်ကိုး၏လည်ပင်းသို့ ထိုးချလိုက်သည်။

ကျိုရန်ကိုး မျက်လုံးပြူးသွားသည်။

သူ လုံးဝ မရှောင်တိမ်းနိုင်တော့သဖြင့် ကြောက်လန့်ကာ မျက်လုံးစုံမှိတ် ထားလိုက်ရ၏။



ကျန်းစုက အချိန်မီ ရပ်တန့်လိုက်၏။

ကျန်းစုသက်ပြင်းချလိုက်သည်။ ချက်ချင်းလက်ကို ပြန်ရုပ်သိမ်းလိုက်ပြီး ...

"ကုန်းချဲ့ကျန်းဟာ တိုက်ခိုက်တဲ့အခါ သံမဏိလက်ချောင်းနှစ်ချောင်းနဲ့ ရန်သူရဲ့လက်နက် ဓားလှံတွေကို ဖမ်းညှပ်ထားတယ်၊ ပြီးတော့ ... ချိုးပစ်တယ်၊ ရန်သူ ကြောင်အမ်းအမ်းဖြစ်နေတဲ့အချိန်မှာ ရှေ့တိုးပြီး ရန်သူရဲ့လည်ပင်း၊ ဒါမှမဟုတ် ရင်ဝကို သံမဏိလက်ချောင်းနဲ့ ထိုးချပြီး အနိုင်ယူလိုက်တော့တာပဲ၊ ဒါဟာ ... သူ့ရဲ့ လျှို့ဝှက်သိုင်းကွက် တစ်ကွက်ပဲ"

ကျိုရန်ကိုးမှာ ကုန်းချဲ့ကျန်း အသုံးပြုသော လျှို့ဝှက်သိုင်းကွက်ကို သိလိုက်ရ၏။

သို့သော် ခုခံကာကွယ်ရန် နည်းလမ်းရှာမရချေ။

ကုန်းချဲ့ကျန်းကို မဆိုထားနှင့် ... ကျွမ်းကျင်မှု အလျဉ်းမရှိသေးသော ကျန်းစု၏ တိုက်ခိုက်မှုကိုပင် မရှောင်နိုင်ခဲ့ပါ။

ဤသို့ဆိုလျှင် ကုန်းချဲ့ကျန်းနှင့် ရင်ဆိုင်တွေ့ဆုံပါက သေဆုံးသွားနိုင်သည်။

ကျိုရန်ကိုး စိတ်ဓာတ်ကျဆင်းသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှ ဓားကျိုးကို လွှင့်ပစ်လိုက်ပြီး ...

"ကျုပ် နှစ်ပေါင်းများစွာ သိုင်းပညာသင်ကြားလာပေမယ့် ကုန်းချဲ့ကျွန်းကို မနိုင်နိုင်သေးဘူးဆိုတော့ ..."

စကားကို ဆုံးအောင် မပြောနိုင်ပါချေ။

အသံမှာ တစ်စထက်တစ်စ တိမ်ဝင်ပျောက်ကွယ်သွားလေတော့သည်။

ကျွန်းစုလည်း စိတ်မကောင်းဖြစ်သွားသည်။

ကျိုရန်ကိုး ခေါင်းငုံ့ကာ ...

"ကျုပ်မှာ စိတ်တူကိုယ်တူ အဖော်တစ်ယောက်လောက်ရှိရင် သိပ်ကောင်းမှာပဲ၊ ကုန်းချဲ့ကျွန်းကို အနိုင်ရမှာ သေချာတယ်"

သူက မရည်ရွယ်ဘဲပြောလိုက်ခြင်းဖြစ်၏။

သို့သော် ကျွန်းစုမှာ ပျောက်ဆုံးသွားသော ဘုရင့်သားတော်ကြီးကို သတိရလာသည်။

ဘုရင့်သားတော်ကြီးသာရှိလျှင် ညီအစ်ကိုနှစ်ယောက် တွဲကာ ကုန်းချဲ့ကျွန်းကို ချေမှုန်းသုတ်သင်နိုင်မည် မဟုတ်လား။

ကျိုရန်ကိုး၏ လက်ရှိဓားပညာမှာ ထိပ်တန်းအဆင့်ရောက်နေပြီ ဖြစ်သော်လည်း ကုန်းချဲ့ကျွန်းကို ရင်ဆိုင်နိုင်မည် မဟုတ်ပါ။



သူ့အား နောက်ထပ် ထူးခြားသောသိုင်းပညာများ သင်ကြားပေးနိုင်မှသာ ဖြစ်ပေမည်။

ဤအချက်ကို ကျိုရန်ကိုးလည်း နားလည်သဘောပေါက်ထားပါသည်။

သူသည် ကျွန်းစုကို စိုက်ကြည့်ကာ ...

"ဆရာ ... ကျွန်းစုကျွန်းကို အနိုင်ရဖို့ နည်းလမ်းမရှိဘူးလား။ ထူးခြားတဲ့ သိုင်းပညာတစ်ခုခု ထပ်သင်ရရင် ကောင်းမယ်ထင်တယ်"

ကျွန်းစုစိတ်ထဲ ထိခိုက်သွားရလေသည်။

သူသည် ကျိုရန်ကိုးအား ပြန်လည်၍ ကြည့်လိုက်ပြီး ...

"ကျုပ်လည်း ဒါကိုပဲ စဉ်းစားနေပါတယ်၊ ဒါပေမဲ့ ဖြစ်နိုင်၊ မဖြစ်နိုင် တွေးနေတာပါ"

"ဘာများလဲ ဆရာ"

"ကုန်းချဲ့ကျွန်းကို အနိုင်ရဖို့ဆိုတာ သိုင်းပညာတစ်ခုပဲ ရှိတယ်"

ကျွန်းစု၏စကားကြောင့် ကျိုရန်ကိုး၏မျက်နှာ ချက်ချင်းဝင်းလက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘာပညာလဲ ဆရာ … ဘယ်မှာသင်ရမှာလဲ"

ကျန်းစုဏ်မျက်နှာ လေးနက်တည်ကြည်သွားလေသည်။

"ရိုက်ျကျန်းလို့ခေါ်တဲ့ အားလွှဲအားပြောင်း ပညာတစ်ခုပဲ၊ ဒါပေမဲ့ ဒီပညာဟာ ရှောင်လင်ကျောင်းရဲ့ ထိပ်တန်းသိုင်းပညာတစ်ခု ဖြစ်တယ်၊ ကျောင်းထိုင်ဆရာတော်မှတစ်ပါး တခြားခွင့်ပြုချက်မရဘဲ ဒီပညာကို ဘယ်သူမှ သင်ယူခွင့်မရှိဘူး၊ ဒါကြောင့် ဆရာက မင်းကို ဘယ်လိုသင်ကြားပေးရမလဲလို့ စဉ်းစားမရ ဖြစ်နေတာပါ"

ကျိုရန်ကိုးက အားတက်သရောဖြင့် …

"ဒါဆို … ကျုပ် ရှောင်လင်ကျောင်းကို သွားမယ်၊ ပြီးရင် ကျောင်းထိုင်ဆရာတော်နဲ့ တွေ့ပြီး ကျုပ်ကို ရိုက်ျကျင်း သိုင်းပညာ သင်ပေးဖို့ အကူအညီရအောင် တောင်းရမှာပဲ"

ကျန်းစုခေါင်းကို လေးပင်စွာ ခါယမ်းလိုက်ပြီး …

"ကျုပ်တော့ ဖြစ်မယ်မထင်ပါဘူး"

ကျိုရန်ကိုးက …

"ကျုပ်ကတော့ ဒီပညာကို ရအောင်သင်မယ်၊ ပြီးရင် … ကုန်းချဲ့ကျန်းကို သုတ်သင်ပစ်မယ်၊ တစ်နေ့ တာလိနန်းတော်ဟာ ကျုပ်လက်ထဲ ပြန်ရောက်ရမယ်"



ကျန်းစုက ကျိုရန်ကိုးကို စိုက်ကြည့်ကာ ကျေနပ်နေမိလေတော့သည်။

❋

တာလိနန်းတော်အတွင်းရှိ ခန်းမကျယ်ကြီးတစ်ခုအတွင်း ဖြစ်သည်။

ခန်းမအတွင်းရှိ ကြီးမားသော ကုလားထိုင်ကြီးတစ်လုံးတွင် လူတစ်ယောက် အခန့်သား ထိုင်နေသည်။

သူ၏ ကျယ်ပြန့်သောနဖူး၊ ချိုင့်ဝင်နေသောနားထင်၊ ကောက်ကွေ့သော နှာခေါင်း၊ ပြူးကျယ်သော မျက်လုံးများကြောင့် အရုပ်ဆိုးသူ ကောက်ကျစ်သူ ဖြစ်ကြောင်း သိနိုင်သည်။

ထို့အပြင် မည်းနက်သောမျက်ခုံးနှင့် ရှည်လျားသော နှုတ်ခမ်းမွေးများ ပါရှိလေသည်။

ထိုလူမှာ တခြားသူမဟုတ်ပါ။

တာလိပြည်အား သိမ်းပိုက်ထားသော နယ်စားကြီး ဒေနီးချဲ့

www.burmeseclassic.com

www.burmeseclassic.com



ကျန်းပင် ဖြစ်ပါသည်။

သူသည် ခန်းမကျယ်ကြီးအတွင်းရှိ လူများအား မျက်လုံး တစ်ချက် ဝေ့ကြည့်လိုက်လေသည်။

ခန်းမကျယ်၏ ရှေ့ဆုံးလူအများရှေ့တွင် ထူးခြားသော လူ နှစ်ယောက် ရှိနေပါသည်။

တစ်ယောက်မှာ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများ ရှည် လျားစွာရှိပြီး အနီရောင်အဝတ်အစားများ ဝတ်ဆင်ထားသည်။

သူ့အား ရုတ်တရက်ကြည့်လိုက်လျှင် မီးတောက်မီးလျှံတစ်ခု အလား ထင်မှတ်မှားရမည် ဖြစ်လေသည်။

ထိုလူမှာ မီးလျှံဓားသမားပင် ဖြစ်ပါသည်။

ကျန်တစ်ယောက်မှာမူ ငွေရောင်အဝတ်အစားများ ဝတ် ဆင်ထားသည်။

သူ၏မျက်နှာမှာ ဖြူဖွေးနေပြီး လူသေအလောင်းပမာ ရှိနေ ၏။

ထိုလူသည် ရေဘုရင် ဖြစ်ပါသည်။

မီးလျှံဓားသမားနှင့် ရေဘုရင်တို့အား တွေ့ရလျှင် ကုန်းချဲ့ ကျန်း သဘောကျစွာ ပြုံးလိုက်ပြီး ...



"မင်းတို့နှစ်ယောက်ကို အခုလိုတွေ့ရတာ ကျေပ် ဝမ်းသာ တယ်"

တာလိပြည်အား သိမ်းပိုက်နိုင်လျှင် မီးလျှံဓားနှင့် ရေဘုရင် တို့မှာ မြို့စားငယ်များဘဝမှ မြို့စားကြီးများ ဖြစ်လာကြသည်။

သူတို့သည် ပိုင်နက်နယ်မြေသို့သွားကာ အုပ်ချုပ်၍ စည်း စိမ်ယစ်မူးနေခဲ့ကြ၏။

ယခု သူတို့နှစ်ယောက်လည်း အသက်အရွယ်ကြီးရင့်လာကြ ပြီ ဖြစ်လေသည်။

သူတို့သည် အကြောင်းကိစ္စရှိလျှင် နယ်စားကြီးကုန်းချဲ့ကျန်း ထံသို့ စာပို့ခိုများဖြင့်သာ ဆက်သွယ်တတ်ကြသည်။ လူကိုယ်တိုင် ရောက်မလာကြချေ။

ယခုမူ ...

ကုန်းချဲ့ကျန်းက အမိန့်ထုတ်ကာ ခေါ်လိုက်သောကြောင့် ရောက်လာရခြင်းဖြစ်လေသည်။

မီးလျှံဓားသမားက ဦးညွှတ်လိုက်ပြီး ...

"နယ်စားကြီးအတွက် လက်ဆောင်ပစ္စည်းတွေ ယူလာပါ တယ်"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး လက်ဖွေ့ယမ်းပြလိုက်ရာ အနီရောင် ဝတ်ဆင်ထားသူ တစ်စု သေတ္တာတစ်လုံးထမ်းကာ ခန်းမအတွင်းသို့ ဝင်လာကြ၏။

ခန်းမရှေ့သို့ရောက်လျှင် ရပ်တန့်လိုက်ပြီး သေတ္တာကို ချထားလိုက်လေသည်။

မီးလျှံဓားသမားက အားရပါးရရယ်ကာ သေတ္တာကိုဖွင့်လိုက်၏။

ထိုအခါ အတွင်းဘက်တွင် ပြိုးပြိုးပြက်ပြက် ဝင်းလက်တောက်ပနေသော အဖိုးတန် ရွှေငွေကျောက်မျက်ရတနာများကို တွေ့မြင်လိုက်ရလေသည်။

ကုန်းချဲ့ကျန်းက ငုံ့ကြည့်ပြီး သဘောကျသွားဟန်ဖြင့် ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

✹

"မင်း မဆိုးဘူး"

ထိုမှ၌ ရေဘုရင်ကလည်း ကုန်းချဲ့ကျန်းကို ဦးညွတ်ကာ ...



"ကျုပ်လည်း နယ်စားကြီးအတွက် လက်ဆောင်ယူလာပါတယ်"

ပြောပြီး လက်ဖွေ့ယမ်းပြလိုက်ရာ လူတစ်စု ဝင်လာကြလေသည်။

ထိုလူများသည် သေတ္တာငယ်ကလေးတစ်လုံးအား ရင်ဝယ်ပိုက်ကာ ဝင်လာကြခြင်း ဖြစ်သည်။

အနီးသို့ရောက်လျှင် ရေဘုရင်အား လှမ်းပေးလိုက်ကြ၏။

ရေဘုရင်က လှမ်းယူပြီး နယ်စားကြီး ကုန်းချဲ့ကျန်းကို ပေးလိုက်သည်။

ကုန်းချဲ့ကျန်း ခေါင်းခါယမ်းလိုက်ပြီး ...

"မင်းပဲ ဖွင့်လိုက်ပါ"

ရေဘုရင်က သေတ္တာကို ဖွင့်ပြလိုက်သည်။

ထိုအခါ အတွင်းဘက်တွင် အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပနေသော စိန်များရှိနေသည်ကို တွေ့ရ၏။

ကုန်းချဲ့ကျန်း သဘောကျသွားလေသည်။ ပြီး၍ ခေါင်းတဆတ်ဆတ်ညိတ်ကာ ...

"မဆိုးဘူး၊ မင်းတို့နှစ်ယောက် တော်တော်ကလေး ဟန်ကျ

www.burmeseclassic.com

www.burmeseclassic.com



နေပြီထင်တယ်၊ ပုန်ကန်မယ့်လူ၊ ဆူပူအုံကြွမယ့်လူတွေသတင်း ဘာများ ကြားသေးသလဲ"

ရဲဘုရင်က ရင်ကော့လိုက်ပြီး ...

"နယ်စားကြီးနံဘေးမှာ ကျုပ်တို့နှစ်ယောက် ရှိနေမှတော့ ဘယ်သူက ခေါင်းဆောင်ဝံ့တော့မှာလဲ ... ဟား ဟား ဟား"

မီးလျှံဓားသမားကလည်း သဘောကျစွာ ရယ်မောလိုက်လေသည်။

မှန်ပါသည် ...။

မီးလျှံဓားသမားနှင့် ရဲဘုရင်တို့သည် ကုန်းချဲ့ကျန်းအပေါ် အလွန်သစ္စာရှိပြီး တော်လှန်ပုန်ကန်လိုသူများကို ရက်ရက်စက်စက် သုတ်သင်ပစ်လိုက်သည်။

နယ်စားကြီး ကုန်းချဲ့ကျန်း ဤမျှ နှစ်ပေါင်းကြာကြာ ရပ်တည်နိုင်ခဲ့ခြင်းမှာ သူတို့နှစ်ယောက်၏ ကူညီမှုကြောင့်ဆိုလျှင် မမှားနိုင်ချေ။

ကုန်းချဲ့ကျန်းက တည်ကြည်သောမျက်နှာထားဖြင့် ...

"မင်းတို့နှစ်ယောက်ဟာ အားကိုးရတာ မှန်ပါတယ်၊ ဒါပေမဲ့ ကျုပ်နဲ့ဝေးနေတာ ခက်တယ်၊ အရေးကြုံရင် တိုင်ပင်လို့ရအောင် ဒီက



နေ့ကစပြီး ကျုပ်နဲ့ အတူတူနေကြရလိမ့်မယ်"

ရဲဘုရင်နှင့် မီးလျှံဓားသမားတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြ၏။

သူတို့သည် နယ်စားကြီး ကုန်းချဲ့ကျန်း၏စကားကို မငြင်းပယ်ဘဲ အမြဲနားထောင်ကြသူများဖြစ်ကြသည့်အလျောက် ယခု ကုန်းချဲ့ကျန်းက သူနှင့်အတူ ရှိနေရမည်ဆိုခြင်းကြောင့် ထူးခြားသော အကြောင်းတစ်ခုခု ရှိနေပြီဟု သဘောပေါက်လိုက်ကြသည်။

မီးလျှံဓားသမားက ကုန်းချဲ့ကျန်းကို လှမ်းကြည့်လိုက်ပြီး...

"မင်းတို့နှစ်ယောက် ကျုပ်နဲ့လိုက်ခဲ့"

ပြောပြီး အတွင်းဘက်သို့ လျှောက်သွားလေသည်။

မီးလျှံဓားသမားနှင့် ရဲဘုရင်တို့ ချက်ချင်း နောက်မှ လိုက်သွားကြလေသည်။

ခန်းမဆောင်၏ တစ်ဖက်တွင် မလွယ်ပေါက်ရှိသည်။

ထိုမလွယ်ပေါက်မှ ထွက်သောအခါ စင်္ကြံလမ်းကလေးတစ်ခု တွေ့ရ၏။

စင်္ကြံလမ်းကလေးအဆုံးတွင် လျှို့ဝှက်အခန်းငယ်တစ်ခု ရှိနေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကုန်းချဲ့ကျုန်းသည် ယင်းလျှို့ဝှက်အခန်းငယ်အတွင်း၌ လွန်ခဲ့သောနှစ်ပေါင်းများစွာက တာလိပြည်အား သိမ်းပိုက်ရန် အစီအစဉ်များ ရေးဆွဲခဲ့ပေသည်။

ဤလျှို့ဝှက်အခန်းသည် ကုန်းချဲ့ကျုန်း၏ အလွန်အရေးပါသော နေရာတစ်ခုအဖြစ် တည်ရှိနေသည်။

ယခု ကုန်းချဲ့ကျုန်းက လျှို့ဝှက်အခန်းဆီသို့ ဦးတည်လျှောက်သွားနေ၏။

အလွန်အရေးကြီးသော ကိစ္စရပ်များ ပေါ်ပေါက်လာနေပြီဖြစ်ကြောင်း နောက်မှလိုက်လာကြသော ရေဘုရင်နှင့် မီးလျှံဓားသမားတို့က သဘောပေါက်လိုက်ကြလေသည်။

လျှို့ဝှက်အခန်းကား အလွန်အရေးကြီးသောအခါမှသာ ဆွေးနွေးတိုင်ပင်ရာ အခန်းအဖြစ် အသုံးပြုတတ်သည် မဟုတ်ပါလား။

ကုန်းချဲ့ကျုန်းတွင် မည်သို့သောကိစ္စရပ်များ ကြုံတွေ့နေရပါသနည်း။

ကုန်းချဲ့ကျုန်း အောင်မြင်ကျော်ကြားခြင်းသည် သူတို့အတွက် တိုးတက်ခြင်းပင်။



ကုန်းချဲ့ကျုန်း ဒုက္ခနှင့် ရင်ဆိုင်ရလျှင် သူတို့အတွက် ကျဆုံးခြင်းပင် မဟုတ်ပါလား။

မီးလျှံဓားသမားနှင့် ရေဘုရင်တို့ စိတ်လှုပ်ရှားနေကြလေတော့သည်။

✹ ✹ ✹

www.burmeseclassic.com

www.burmeseclassic.com



## လျှို့ဝှက်တာဝန်

လျှို့ဝှက်အခန်း ...။

လျှို့ဝှက်အခန်းမှာ သာမန်အခန်းမျှသာ ဖြစ်သည်။

ခန်းမဆောင်ကြီးကဲ့သို့ အဖိုးတန်ပရိဘောဂများဖြင့် တန်ဆာဆင်ထားခြင်း မရှိပါချေ။

ထိုင်ခုံများ ခင်းထားပြီး စားပွဲတစ်လုံးသာ ရှိသည်။

သို့သော် လျှို့ဝှက်အခန်းပတ်လည်နံရံများမှာ ကျောက်သားနံရံများ ဖြစ်နေ၏။

လျှို့ဝှက်အခန်းတွင်းမှ ပြောစကားများကို အပြင်ဘက်မှ ချောင်းနားထောင်၍ ရမည်မဟုတ်ပါချေ။

လျှို့ဝှက်အခန်းသို့ ရောက်လာလျှင် ကုန်းချဲ့ကျန်းက မီးလျှံခားသမားနှင့် ရေဘုရင်တို့အား ထိုင်စေသည်။

ပြီးမှ သူက စားပွဲခုံနောက်တွင်ထိုင်ကာ ...



"မင်းတို့ကို အရေးကြီးတဲ့ကိစ္စတစ်ခု တိုင်ပင်စရာရှိတယ်"

မီးလျှံခားက ဖွင့်ထားသော လျှို့ဝှက်တံခါးပေါက်ဘက်သို့ လှမ်းကြည့်လိုက်လေသည်။

တံခါးပေါက်တွင် သန်မာထွားကျိုင်းသူတစ်ယောက် စောင့်ကြပ်နေ၏။

ထိုလူအား မီးလျှံခားသမား စိတ်မချဘဲ ဖြစ်နေသည်ကို ရိပ်မိသော ကုန်းချဲ့ကျန်းအား သဘောကျစွာ ပြုံးရင်း လက်ကာပြလိုက်ပြီး ...

"သူ့အတွက် စိတ်မပူပါနဲ့၊ သူဟာ နားလည်းမကြားဘူး၊ စကားလည်း မပြောတတ်ဘူး၊ ဒါပေမဲ့ ... သူ့ရဲ့ လူသတ်တဲ့ပညာကတော့ တော်တော်ကြောက်စရာကောင်းတယ်၊ ကျုပ်ဆီမှာ သူ့လိုလူမျိုး လေးယောက်ရှိတယ်၊ သူတို့ဟာ ကျုပ်အမိန့်ကလွဲပြီး ဘယ်သူ့စကားမှ နားမထောင်ဘူး၊ ကျုပ်ရဲ့အမူအရာကိုကြည့်တာနဲ့ ကျုပ်ဘာလုပ်ချင်တယ်ဆိုတာ သူတို့သိကြတယ်"

ကုန်းချဲ့ကျန်းက သာမန်အစောင့်တစ်ယောက်အကြောင်း ချီးမွမ်းပြောဆိုနေသဖြင့် မီးလျှံခားသမားနှင့်ရေဘုရင်တို့၏ စိတ်တွင် ကသိကအောင့် ဖြစ်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူတို့က အလေးမထားဘဲ မေ့မေ့ပျောက်ပျောက်နေလိုက်ကြ၏။

ရေဘုရင် ခေါင်းညိတ်ကာ ...

"ဟုတ်ပါပြီလေ ... ဒါပေမဲ့ အရေးကြီးတဲ့ကိစ္စ ပြောမယ်ဆိုရင် တံခါးပိတ်ထားလိုက်ရင် ပိုကောင်းမယ်လို့ ထင်ပါတယ်"

ကုန်းချဲ့ကျန်းက သူတို့နှစ်ယောက်အား စိုက်ကြည့်ကာ...

"မင်းတို့နှစ်ယောက်ကြောင့် ကျုပ် တာလီပြည်ကိုအောင်ပွဲခံနိုင်ခဲ့တယ်၊ သိမ်းပိုက်နိုင်ခဲ့တယ်ဆိုရင် မမှားဘူး၊ ဒါပေမဲ့ ... မင်းတို့နှစ်ယောက်ကြောင့်ပဲ ကျုပ်တို့ရဲ့ အောင်မြင်မှုတွေ ကျဆုံးရမလို ဖြစ်နေပြီ"

ရေဘုရင်က ကုန်းချဲ့ကျန်းအား နားမလည်စွာကြည့်ရင်း...

"ဘာဖြစ်လို့လဲ"

ကုန်းချဲ့ကျန်း သက်ပြင်းချကာ ...

"လုံကိုင်တပ်ဖွဲ့ဝင်တွေနဲ့အတူ ဘုရင့်သားတော်နှစ်ပါး လွတ်သွားတာ မင်းတို့ သိတယ်မဟုတ်လား"

ရေဘုရင်က ခေါင်းညိတ်လိုက်သည်။

"သိပါတယ်"



"လွတ်သွားတဲ့ လုံကိုင်တပ်ဖွဲ့ဝင်တွေကို မင်းတို့နှစ်ယောက်တာဝန်ယူရတယ် မဟုတ်လား"

မီးလျှံဓားသမားက မကျေမနပ်ဖြင့် ကြားဖြတ်ဖြေလိုက်လေသည်။

"ကျုပ်တို့ကြောင့် သားတော်နှစ်ပါး လွတ်သွားရတာလို့ နယ်စားကြီး ပြောချင်တာလား".

ကုန်းချဲ့ကျန်း ပါးစပ်ပိတ်ထားလိုက်သည်။

စူးရှသောမျက်လုံးများဖြင့် မီးလျှံဓားသမားကို စိုက်ကြည့်နေ၏။

မီးလျှံဓားသမားက မဲ့ပြုံးပြုံးကာ ...

"ကျုပ် သေသေချာချာ စစ်ဆေးကြည့်တော့ ဘုရင့်သားတော်တစ်ပါးဟာ ရေထဲခုန်ချသွားတဲ့ လူနဲ့အတူ လွတ်မြောက်သွားတယ်၊ နောက်တစ်ယောက်ကတော့ ကုန်းကြောင်းပြေးသွားတယ်၊ နယ်စားကြီးနဲ့ ရင်ဆိုင်တိုးခဲ့ပါသေးတယ်လေ"

ထိုစကားကြားရလျှင် ကုန်းချဲ့ကျန်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

ဘုရင့်သားတော်တစ်ပါး လွတ်မြောက်သွားသည်[illegible] သူ့တာ

www.burmeseclassic.com

www.burmeseclassic.com



ဝန် မကောင်းပါချေ။

မီးလျှံစားသမားနှင့် ရေဘုရင်တို့အား အပြစ်ပုံချ၍ မရတော့ပါ။

အမှန်ဆိုလျှင် ဤအချက်ကို ကြိုတင်ရိပ်မိထားသည်။

သို့သော် သူက မီးလျှံစားသမားနှင့် ရေဘုရင်တို့ကို အပြစ်ပုံကာ လွတ်မြောက်သွားသော သားတော်နှစ်ပါးအား သဲကြီးမဲကြီး လိုက်လံရှာဖွေစေလိုခြင်း ဖြစ်သည်။

ဘုရင့်သားတော်နှစ်ပါးနှင့် ပတ်သက်၍ ယခုနှစ်ပိုင်း၌ ဟိုမှသည်မှ ထူးခြားသောသတင်းများ ထွက်ပေါ်လာသည်ကို ကြားနေရသည် မဟုတ်ပါလား။

ဘုရင့်သားတော်များ လွတ်မြောက်သွားသည့်အတွက် နေ့တိုင်း သူ ရတက်မအေးနိုင်ခဲ့ချေ။

ကုန်းချဲ့ကျွန်းက သက်ပြင်းချကာ ...

"ဘာပဲဖြစ်ဖြစ် သားတော်နှစ်ပါး လွတ်သွားခဲ့တယ် မဟုတ်လား၊ သူတို့ကို ကျွေးမွေးစောင့်ရှောက်မယ့်လူရှိရင် အခုလောက်ဆို ကြီးပြင်းလှရောပေါ့၊ တစ်နေ့ တို့ကို ဒုက္ခမပေးဘူးလို့ ဘယ်သူက ပြောနိုင်မလဲ"



မီးလျှံစားသမားက ငြိမ်နေလိုက်သည်။

သားတော်နှစ်ပါး လွတ်မြောက်သွားသည့်အတွက် သူတို့လည်း အပြစ်မကင်းဟု ခံစားနေရလေသည်။

ကုန်းချဲ့ကျွန်းက ဆက်ပြောလေသည်။

"တို့တစ်တွေ အေးအေးဆေးဆေး လက်ပိုက်ကြည့်နေလို့ မဖြစ်တော့ဘူး၊ သားတော်တွေ ဘယ်ရောက်နေတယ်ဆိုတာ သေသေချာချာ စုံစမ်းရမယ်၊ လိုက်ရှာရမယ်၊ တို့ကို ဒုက္ခမပေးခင် လက်ဦးအောင် သုတ်သင်ပစ်ရမယ်၊ မြွေပွေးမြွေဟောက်ဆိုတာ ငယ်တယ်၊ ကြီးတယ်မဟုတ် အဆိပ်ရှိတာချည်းပဲ၊ တို့တစ်တွေ အောင်မြင်မှုစည်းစိမ်မက်မောပြီး လွတ်ထားခဲ့တာ အမှားပဲ"

မီးလျှံစားသမား ပခုံးတွန့်ကာ ...

"သုံးနှစ်လုံးလုံး နေ့ညမပြတ် သူတို့ကို လိုက်ရှာခဲ့တာ မတွေ့တော့ သေပြီလို့ ထင်မိတာပေါ့၊ အခုမှ ဘယ်လိုလုပ်ပြီး သတင်းရလာတာလဲ"

"ကျုပ် လွှတ်ထားတဲ့ အထောက်တော်တွေက သံသယဖြစ်စရာကောင်းတဲ့ လူမှန်သမျှ စောင့်ကြည့်နေကြတယ်၊ အဲဒီအထောက်တော်တွေဆီက သတင်းရတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် အခန်းဝတွင် စောင့်နေသူ လှုပ်လှုပ်ရှားရှား ဖြစ်သွား သည်ကို တွေ့ရ၏။

ကုန်းချဲ့ကျန်း လှမ်းကြည့်လိုက်လျှင် အခန်းရှေ့သို့ လူနှစ် ယောက် ရောက်ရှိလာသည်ကို တွေ့မြင်ရလေသည်။

ကုန်းချဲ့ကျန်းမျက်နှာ ပြုံးရွှင်သွားကာ ...

"ဟော့ ... သူတို့ကို လွှတ်လိုက်ပါ"

ပြောရင်း ခြေဟန်လက်ဟန် ပြလိုက်သည်။

အခန်းဝတွင် စောင့်နေသူမှာ နားမကြားသော်လည်း ကုန်း ချဲ့ကျန်း၏အပြုအမူကို သဘောပေါက်ပြီး လမ်းဖယ်ပေးလိုက်လေ သည်။

ထိုအခါ လူနှစ်ယောက် အခန်းတွင်းသို့ လျင်မြန်စွာ လှမ်း လာကြ၏။

သူတို့သည် ကုန်းချဲ့ကျန်းရှေ့သို့ရောက်လျှင် ဒူးထောက်ကာ အရိုအသေပေးလိုက်ကြ၏။

ကုန်းချဲ့ကျန်းက သူတို့ကိုကြည့်ရင်း ...

"ဘယ်လိုလဲ ... သတင်းထူးပြီလား"

တစ်ယောက်က ဦးခေါင်းညိတ်ကာ ...



"ကျုပ်တို့ စုံစမ်းကြည့်တဲ့အခါ ခားရဲတိုက်ပိုင်ရှင် လုကျွင်းရယ် ဟာ ကလေးငယ်တစ်ယောက်ကို မွေးစားခဲ့တယ်လို့ သိရပါတယ်"

"ဘယ်သူ့ကလေးတုံး"

"ဒါတော့ မသိရသေးပါဘူး၊ ကလေးနာမည်ကတော့ ကျိုရှန် ကိုးလို့ ခေါ်ပါတယ်"

ကုန်းချဲ့ကျန်း ခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

ထိုလူက ဆက်၍ တင်ပြလိုက်၏။

"ရဲတိုက်ဟာ ချောင်းနဲ့သိပ်မဝေးပါဘူး၊ ဒါကြောင့် ချောင်း ထဲခုန်ဆင်းပြီး ထွက်ပြေးလွတ်မြောက်သွားတဲ့လူဟာ ဘုရင့်သား တော်နဲ့အတူ ခားရဲတိုက်ကို ရောက်လာနိုင်စရာ အကြောင်းရှိပါတယ်"

ထိုစကားကြားရလျှင် မီးလျှံခားသမားနှင့် ရေဘုရင်တို့ စိတ် ဝင်စားသွားလေ၏။

ကုန်းချဲ့ကျန်း မျက်မှောင်ကြုတ်ကာ ...

"ကလေးတွေက ဘယ်အရွယ်ရှိပြီလဲ"

"အသက်တစ်ဆယ့်ကိုးနှစ်လောက်ရှိပါပြီ"

ကုန်းချဲ့ကျန်း ရင်ခုန်သွားသည်။

ဘုရင့်သားတော်များ လွတ်မြောက်သွားခဲ့သည်မှာလည်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ဆယ့်ရှစ်နှစ်ကျော်လွန်ပြီး တစ်ဆယ့်ကိုးနှစ်နီးပါး ရှိပြီမဟုတ်ပါလား။

ဓားရဲတိုက်ပိုင်ရှင် လုကျင်းရယ်သည် ဘုရင်မင်းမြတ်အပေါ် အလွန်သစ္စာရှိသူတစ်ယောက် ဖြစ်ခဲ့သည်။

သူတို့က အင်အားအလွန်ကောင်းနေသဖြင့် နီးရာဓားကြောက်ကာ မဟာမိတ်ဖွဲ့ခြင်းသာ ဖြစ် နိုင်သည်။

နောက်ကွယ်တွင် ထွက်ပြေးလွတ်မြောက်သွားသော ဘုရင့်သားတော်အား ကာကွယ်စောင့်ရှောက်ထားနိုင်သည် မဟုတ်ပါလား။

ကုန်းချဲ့ကျန်းသည် ဓားရဲတိုက်သို့သွား၍ ကျိုရန်ကိုးဆိုသူအား လေ့လာကြည့်ရန် ဆုံးဖြတ်လိုက်လေသည်။

ကုန်းချဲ့ကျန်းက တခြားလူတစ်ယောက်ဘက်သို့လှည့်ကာ

"မင်းကကော"

"ရှောင်လင်ကျောင်းမှာရောက်နေတဲ့ ကျုပ်တို့လူ တစ်ယောက်က စာတစ်စောင် ပေးပို့လိုက်ပါတယ်"

ပြောရင်း ဝါးကျည်တောက်တစ်ခုကို လက်နှစ်ဖက်ဖြင့် ကိုင်ကာ ကုန်းချဲ့ကျန်းအား ရိုသေစွာ လှမ်းပေးလိုက်လေသည်။

ကုန်းချဲ့ ကျန်းက ဝါးကျည်တောက်ကို ဖွင့်ကာ အထဲမှစာကို



ထုတ်ယူလိုက်ပြီး ခပ်သွက်သွက် ဖတ်လိုက်လေသည်။

စာဖတ်ရင်း သူ၏မျက်ခုံးမွေးအစုံ နဖူးအလယ်သို့ စုသွားကြ၏။

အတန်ကြာ စာဖတ်ပြီးသွားလျှင် တစ်စုံတစ်ခုအား စိုးရိမ်ကြောင့်ကြနေသည့်အလား မျက်မှောင်ကြုတ်နေ၏။

သူသည် စကားမပြောဘဲ တွေဝေနေပြီးမှ သက်ပြင်းချလိုက်သည်။

တစ်ဖန် မီးလျှံဓားသမားနှင့် ရေဘုရင်တို့အား ဝေ့ကြည့်လိုက်ပြီး ...

"မင်းတို့နှစ်ယောက် ရှောင်လင်ကျောင်းကို သွားရမယ်"

ရေဘုရင်နှင့် မီးလျှံဓားသမားတို့ အံ့သြသွားကြလေသည်။

သူတို့သည် အလွန်ကျော်ကြားသော ရှောင်လင်ကျောင်း၏ အမည်ကို ကြားဖူးထားကြလေသည်။

ထို့ကြောင့် ရှောင်လင်ကျောင်းအား သွားရန် မဝံ့ပါချေ။

သူတို့ စိုးရိမ်ပူပန်နေကြသည်ကိုတွေ့လျှင် ကုန်းချဲ့ကျန်းက လက်ကာပြကာ ...

"မင်းတို့ ဘာမှ စိုးရိမ်စရာမလိုပါဘူး၊ ရှောင်လင်ကျောင်းမှာ

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်လူတစ်ယောက် ရှိပါတယ် ... သူ့ကိုသွားတွေ့ပါ၊ မသင်္ကာစရာကောင်းတဲ့သူတွေ့ရင် သုတ်သင်ပစ်ဖို့ ကျုပ် အမိန့်ပေးတယ်လို့ ပြောရုံပါပဲ”

မီးလျှံဓားသမား မကျေမနပ်ဖြင့် ...

“ဒါဆိုရင် ခြေမြန်တော်တစ်ယောက် လွှတ်လိုက်တာနဲ့ ဖြစ်ပါတယ် ... ဘာဖြစ်လို့ ကျုပ်တို့က သွားရမှာလဲ”

ကုန်းချဲ့ကျန်းက တည်ကြည်သောမျက်နှာထားဖြင့် ...

“တကယ်လို့သာ ရှောင်လင်ကျောင်းမှာ ဘုရင့်သားတော် ရောက်နေရင် ဘယ့်နှယ်လုပ်မလဲ”

မီးလျှံဓားသမား ပါးစပ်ပိတ်ထားလိုက်လေသည်။

ရေဘုရင်က ဦးခေါင်းကို တဆတ်ဆတ်ညိတ်ရင်း ...

“ဘုရင့်သားတော်ဆိုရင် ဘယ်နေရာပဲ ရောက်နေပါစေ လိုက်သုတ်သင်ရမှာပဲ”

သူ၏စကားကိုကြားရလျှင် ကုန်းချဲ့ကျန်း သဘောကျသွားသည့်အလား တဟားဟား ရယ်မောလိုက်လေတော့သည်။

❁ ❁ ❁



## ရန်သူတော်ဟောင်း

ဓားရဲတိုက်တစ်ခုလုံး လှုပ်လှုပ်ရွရွ ဖြစ်နေ၏။

ယနေ့ ဓားရဲတိုက်သို့ နယ်စားကြီးကုန်းချဲ့ကျန်း ရောက်ရှိသာမည်ဟု ရှေ့တော်ပြေးသတင်းများအရ ကြိုတင်သိရှိထားရခြင်းကြောင့် ဖြစ်လေသည်။

လုကျင်းရယ်မှာ မျက်နှာပျက်နေသည်။

ကျန်းစုနှင့်ကျိုရန်ကိုးတို့လည်း စိတ်လှုပ်ရှားနေကြ၏။

လုကျင်းရယ်က ကုန်းချဲ့ကျန်းရောက်လာလျှင် အပြစ်ဆိုစရာမရှိအောင် အစစအရာရာ စီမံနေ၏။

ကျိုရန်ကိုးမှာမူ ဓားရေး ခပ်သွက်သွက် လေ့ကျင့်နေ၏။ သူ၏မျက်နှာမှာ တင်းမာနေပြီး မျက်လုံးအစုံ ရဲရဲနီနေသည်။

သူ၏ မဟာရန်သူတော်နှင့် မကြာမီ ရင်ဆိုင်တွေ့ရတော့မည် မဟုတ် ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ကျိုရန်ကိုး ဓားရေးလေ့ကျင့်နေကြောင်း ကြားရလျှင် ကျန်းစုနှင့် လုကျင်းရယ်တို့ ပျာပျာသလဲ ရောက်လာကြသည်။

လုကျင်းရယ်၏နဖူးပေါ်တွင် ချွေးသီးချွေးပေါက်များ စို့နေ၏။

ကျိုရန်ကိုးအား တွေ့လျှင်တွေ့ချင်း ပြစ်တင်ပြောဆိုလိုက်လေသည်။

"မင်းသားလေး ဘာလုပ်နေတာလဲ … တော်ကြာ ကုန်းချဲ့ကျန်း ရောက်လာတော့မယ်ဆိုတာ မသိဘူးလား … ဒုက္ခပါပဲ"

ကျိုရန်ကိုးမှာ ကုန်းချဲ့ကျန်းအား လုကျင်းရယ်က ကြောက်နေသည်ကို တွေ့ရလျှင် ခံပြင်းဒေါသ ထွက်လာလေသည်။

ထို့ကြောင့် လုကျင်းရယ်အား မကျေမနပ်ကြည့်ကာ …

"ဖေဖေ … ဒီလူယုတ်မာကို ကြောက်နေစရာမလိုပါဘူး၊ သူ ဒီနေရာကို ရောက်လာတာနဲ့ ကျုပ် သုတ်သင်ပစ်လိုက်မှာပဲ"

လုကျင်းရယ် ထိတ်လန့်သွားသည်။ ကျန်းစုကို လှမ်းကြည့်လိုက်ပြီး …

"ကျန်းစုရေ အားလုံးဒုက္ခရောက်ကုန်တော့မယ်၊ မင်းသားလေးကို ကြည့်ပြောစမ်းပါဦး"



ကျန်းစုက မင်းသားလေးအားကြည့်ကာ လက်ဝါးဖြန့်ရင်း…

"ဓားပေးပါ မင်းသားလေး"

ကျိုရန်ကိုး မျက်နှာပျက်သွားသည်။

ကျန်းစုကို မယုံကြည်နိုင်စွာ ကြည့်ကာ …

"ဆရာလည်း ကုန်းချဲ့ကျန်းကို ကြောက်နေတယ် မဟုတ်လား"

ကျန်းစု တုန်လှုပ်ခြင်း အလျဉ်းမရှိချေ။ တည်ကြည်သော မျက်နှာထားဖြင့် ကျိုရန်ကိုးကိုကြည့်ကာ …

"လောကပေါ်မှာ ကျုပ်ရဲ့အရှင်သခင်ကလွဲရင် ဘယ်သူ့ကိုမှ မကြောက်ပါဘူး၊ အရှင်သခင်အတွက် အချိန်မရွေး အသက်အသေခံဝံ့ပါတယ်"

"ဒါဖြင့် ကုန်းချဲ့ကျန်း ရောက်လာတဲ့အခါ လုပ်ကြံကြတာပေါ့"

ကျန်းစု ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်ဘူး"

"ဘာကြောင့်"

"ကုန်းချဲ့ကျန်းက ဒီကို အကြောင်းမရှိဘဲ ဘာကြောင့်လာရ

www.burmeseclassic.com

www.burmeseclassic.com



သလဲဆိုတာ မင်းသားလေးသိသလား"

ကျိုရန်ကိုး ပါးစပ်ပိတ်ထားလိုက်လေသည်။

ကျန်းစုက အံကြိတ်ကာ ...

"လုကျင်းရယ်ရဲ့မွေးစားသား ကျိုရန်ကိုးဟာ ဘုရင်မင်းမြတ်ရဲ့သားတော် ဖြစ်နိုင်တယ်ဆိုတာ သတင်းရသွားမှာ သေချာတယ် ဒါကြောင့် ဘုရင့်သားတော် ဟုတ်,မဟုတ် စစ်ဆေးဖို့လာတာပဲ"

ထိုစကားကြားရလျှင် ကျိုရန်ကိုး အနည်းငယ် ရင်ထိတ်သွားလေသည်။

ကုန်းချဲ့ကျန်းသည် သူ့အား စစ်ဆေးရန် ရောက်ရှိလာမည်မဟုတ်ပါလား။

ထို့ကြောင့် သူက တိတ်တဆိတ်လုပ်ကြံရန် မဖြစ်နိုင်တော့ပါ။

မိမိအား သတိပြုကြည့်မိသူတစ်ယောက်ကို မည်သို့လုပ်ကြံနိုင်ပါမည်နည်း။

ကျိုရန်ကိုး စိတ်ခတ်ကျဆင်းသွား၏။

ကျန်းစုက ဆက်ပြောလိုက်လေသည်။

"အခုအချိန်မှာ သူ့ကို လုပ်ကြံဖို့ မလွယ်ဘူးဆိုတာ သဘော



ပေါက်ပြီ ထင်တယ်၊ သူ့ကိုလုပ်ကြံမိရင် သူမသေဘဲ ကိုယ်သာ သေသွားနိုင်တယ်၊ အကောင်းဆုံးက တတ်နိုင်သလောက် အစစအရာရာ သည်းခံပါ။ ကုန်းချဲ့ကျန်းကို ရန်မပြုရဘူး၊ ကုန်ကုန်ပြောရရင် မကျေနပ်တဲ့အမူအရာတောင်မှ မပြရဘူး၊ သူလုပ်သမျှ ခေါင်းငုံ့ခံရမယ်"

ကျိုရန်ကိုး မကျေမနပ်ဖြင့် ခေါင်းငုံ့ထားလိုက်လေ၏။

ကျန်းစုနှင့် လုကျင်းရယ်တို့သည် သူ့အတွက် ပြောနေခြင်းဖြစ်ကြောင်း သူ နားလည်ထားပါသည်။

ထို့ကြောင့် အသာငြိမ်နေလိုက်လေတော့သည်။

ကျန်းစုမှာ ကျိုရန်ကိုးအား ဟန့်တားလိုက်ရသဖြင့် စိတ်မကောင်း ဖြစ်နေ၏။ သို့သော် မတတ်နိုင်ပါချေ။

ရန်သူကို မျက်ဝါးထင်ထင် တွေ့မြင်နေရပြီဖြစ်သော်လည်း လက်ပိုက်ကြည့်နေရုံသာ ရှိတော့သည်။

ကုန်းချဲ့ကျန်း သူတို့အား ယုံကြည်စိတ်ချသွားလျှင် နောက်ပိုင်း၌ လွယ်လင့်တကူဖြင့် လှုပ်ရှားနိုင်မည် မဟုတ်ပါလား။

ကျိုရန်ကိုးကို နှစ်သိမ့်သောအပြုံးမျိုးဖြင့် ကြည့်ရင်း ...

"ရှောင်လင်ကျောင်းက ရိုကျိုကျင်းပညာကို သင်ကြားတတ်မြောက်ပြီဆိုရင် မင်းသားလေးကို ကျူပ် မတားတော့ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကျိုရန်ကိုးမှာ ရှောင်လင်ကျောင်းမှ ရီကျိုကျင်းသိုင်းကျမ်းကို မရ ရအောင်ယူမည်ဟု ဆုံးဖြတ်လိုက်သည်။

ထိုစဉ်မှာပင် ဓားရဲတိုက်အပြင်ဘက်မှ ...

"နယ်စားကြီး ကြွချီတော်မူလာပြီ"

ကျယ်လောင်သောအော်သံနှင့်အတူ ခရာမှုတ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

လုကျင်းရယ်၏ ခန္ဓာကိုယ် တစ်ချက်တုန်ခါသွားကာ ...

"ဟော ... ပြောရင်းဆိုရင်း ရောက်လာပြီ"

ကျန်းစုက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ပြီးနောက် ...

"ကျုပ် ထွက်တွေ့လို့တော့ မဖြစ်ဘူး၊ ခင်ဗျားမျက်နှာ မပျက်ပါစေနဲ့၊ မင်းသားလေး ... ကျုပ်ပြောစကား နားထောင်ပါ"

ပြောပြီးလျှင် အခန်းတွင်းမှ ခပ်သွက်သွက် လှမ်းထွက်သွား၏။

ရှောင်၍မလွတ်တော့မည့်အတူ လာမည့်ဘေး ပြေးတွေ့မည်ဟု လုကျင်းရယ် ဆုံးဖြတ်လိုက်သည်။

ကျိုရန်ကိုး၏လက်ကို ဆွဲကိုင်လိုက်ပြီး ...

"လာ သား ... နယ်စားကြီးကို သွားကြိုကြစို့"



သူ၏အမူအရာမှာ ဧည့်သည်လာ၍ ပျော်ရွှင်နေသော အိမ်ရှင်ပမာ ဟန်မူရာ ချက်ချင်းပြောင်းလဲသွားလေသည်။

ကျိုရန်ကိုး သက်ပြင်းချလိုက်သည်။

စိတ်ကိုလျှော့ချပြီး လုကျင်းရယ်နောက်သို့ လိုက်သွားလေတော့သည်။

✿

ဓားရဲတိုက်မှာ တာလီပြည်မှ ကျော်ကြားသော ရဲတိုက်တစ်ခု ဖြစ်လေသည်။

ခေတ်အဆက်ဆက် ကျော်ကြားမှုဂုဏ်ကို ထိန်းသိမ်းနိုင်ခဲ့သော ရဲတိုက်တစ်ခုလည်း ဖြစ်သည်။

ရဲတိုက်အဝင်တွင် ကြိုးဆွဲတံတားတစ်ခုရှိပြီး တံတားအား ရေကျုံးအပေါ်မှ ဖြတ်၍ခင်းကာ အဝင်အထွက် ပြုနိုင်လေသည်။

မလိုအပ်ပါက တံတားကို ကြိုးဖြင့်ဆွဲတင်ထားလျှင် ဝင်ထွက်၍ ရတော့မည် မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ရဲတိုက်အတွင်းဘက်သို့ရောက်လျှင် ကျောက်ဖြူပြားခင်းထားသော လမ်းရှိသည်။ ထိုလမ်းကလေး၏ တစ်ဖက် တစ်ချက်တွင် ရောင်စုံပန်းပင်များ စိုက်ပျိုးထားသည်။

ယနေ့ ဓားရဲတိုက်ပတ်ဝန်းကျင်တွင် အစောင့်အကြပ်များ ထူထပ်စွာချထား၏။

နယ်စားကြီးကုန်းကုန်းချဲ့ကျန်း၏ လုံခြုံရေးကို ဓားရဲတိုက်က အပြည့်အဝ တာဝန်ယူထားကြောင်း ပြခြင်းဖြစ်သည်။

ကုန်းချဲ့ကျန်းသည် နောက်လိုက်အနည်းငယ်နှင့် ဓားရဲတိုက်သို့ ရောက်ရှိလာသည်။

ဓားရဲတိုက်ရှိ ကျိုရန်ကိုးသာ ဘုရင့်သားတော်အစစ်အမှန်ဖြစ်ပြီး သူ့အား တိုက်ခိုက်လာလျှင် လူနည်းသည့်အတွက် စိုးရိမ်စရာရှိသည်ဟု ရေဘုရင်နှင့်မီးလျှံဓားသမားတို့က သတိပေးကြလေသည်။

သို့သော် ကုန်းချဲ့ကျန်းက လက်မခံပါချေ။

ဓားရဲတိုက်သည် သူ့အား ဒုက္ခမပေးနိုင်ဟု တစ်ထစ်ချ ယုံကြည်သည်။

အကယ်၍ ကျိုရန်ကိုးသာ ဘုရင့်သားတော် ဖြစ်နေလျှင်လည်း သူက သုတ်သင် မည်ဟု ယုံကြည်ထားလေသည်။



ကုန်းချဲ့ကျန်းသည် ရဲတိုက်အတွင်းသို့ ဝင်လိုက်လာရင်း လုကျင်းရယ်နံဘေးမှ ပါလာသော ကျိုရန်ကိုးကို တစ်ချိန်လုံး အကဲခတ်ကြည့်ခဲ့၏။

လုကျင်းရယ်က ကြိုတင်ပြင်ဆင်မွမ်းမံထားသော ဧည့်ခန်းဆီသို့ ဦးတည်ခေါ်ဆောင်သွားကာ နေရာထိုင်ခင်းပေးလေသည်။

အားလုံး နေရာတကျထိုင်ပြီးလျှင် အစီအစဉ်များအရ အရက်များနှင့် စားသောက်ဖွယ်ရာများကို အလုပ်သမားများက လာရောက်ချထားပေးလိုက်သည်။

ကုန်းချဲ့ကျန်းက သူ့အား လှိုက်လှိုက်လှဲလှဲ ကြိုဆိုဧည့်ခံသည်ကို တွေ့ရလျှင် ကျေနပ်သွားလေသည်။

လုကျင်းရယ်မှာ သူ့အား အာမခံဝံ့သည်ကိုလည်း ပို၍ ထင်ရှားစွာ သိမြင်သွား၏။

လုကျင်းရယ်က အရက်ခွက်ကို အရက်ငှဲ့လိုက်သည်။

ကုန်းချဲ့ကျန်းအား တစ်ခွက်လှမ်းပေးရင်း သူကိုယ်တိုင် တစ်ခွက်ယူ၍ အရက်ခွက်ကို မြှောက်ကာ ...

"နယ်စားကြီးကုန်းချဲ့ကျန်း ဓားရဲတိုက်ကိုလာတဲ့အတွက် ဝမ်းမြောက်တဲ့အနေနဲ့ ကျုပ် အရက်တစ်ခွက် သောက်ပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး အရက်ခွက်ကို တစ်ရှိန်ထိုး မော့ချလိုက်လေသည်။

ကုန်းချဲ့ကျန်း ရယ်မောလိုက်သည်။

"ဟား ဟား ဟား … လုကျင်းရယ်က ဘယ်တော့မှ အရက်မသောက်ဘူးလို့ သတင်းကြားတယ်၊ ကျုပ်ကိုဂုဏ်ပြုတဲ့ အရက်သောက်လို့ ချီးကျူးပါတယ်ဗျာ"

ပြောရင်း သူကလည်း အရက်ခွက်ကိုမော့ချလိုက်လေသည်။

အခန်းတွင်း၌ လူများများစားစား မရှိပါချေ။ စားရဲတိုက်မှ တာဝန်ခံသိုင်းဆရာ လေးငါးယောက်နှင့် လုကျင်းရယ်၊ ကုန်းချဲ့ကျန်းတို့အပြင် ကျိုရန်ကိုးနှင့် နောက်လိုက်လေးယောက်သာ ရှိလေသည်။

ကုန်းချဲ့ကျန်းက လုကျင်းရယ်ကိုကြည့်ကာ …

"ကျုပ် ဘာကြောင့် စားရဲတိုက်ကို ရောက်လာရသလဲ ဆိုတာ ခင်ဗျားသိလား"

လုကျင်းရယ် ခေါင်းခါယမ်းပြလိုက်သည်။

"မသိပါဘူး၊ ဒါပေမဲ့ … နယ်စားကြီး အပန်းဖြေဖို့ အပျော်ခရီးထွက်လာတယ်ဆိုရင် စားရဲတိုက်မှာ ပျော်သလောက် နေနိုင်ပါတယ်၊ အစစအရာရာကို လိုလေသေးမရှိ စီစဉ်ပေးပါ့မယ်၊ နယ်စားကြီးရောက်လာတဲ့အတွက် စားရဲတိုက်ရဲ့ဂုဏ်သိက္ခာ ပိုမိုမြင့်မားလာရပါတယ်ဗျာ"



ကုန်းချဲ့ကျန်း မဲ့ပြုံးပြုံးကာ …

"ကျုပ် အပျော်ခရီး ထွက်လာတာ မဟုတ်ဘူး၊ ခင်ဗျား ကလေးတစ်ယောက် မွေးစားထားတယ်ကြားလို့ လာကြည့်တာပဲ"

လုကျင်းရယ် အနည်းငယ် ရင်ထိတ်သွားသည်။

ကုန်းချဲ့ကျန်း ဤမျှ မြန်မြန်ဆန်ဆန် ပြောလာလိမ့်မည်ဟု မထင်မိချေ။

ထို့ကြောင့် မျက်မှောင်ကြုတ်ကာ …

"ကျုပ်ရဲ့မွေးစားသားကိုကြည့်ရအောင် လာတယ်ဆိုတော့ အံ့သြစရာပဲဗျာ"

ကုန်းချဲ့ကျန်းက သူ၏စကားကို ဂရုမစိုက်ချေ။ လုကျင်းရယ်ကို စိုက်ကြည့်ရင်း …

"ခင်ဗျားက ဘယ်ကလေးကိုများ မွေးစားထားတာလဲ"

လုကျင်းရယ်မှာ ဖြေစရာစကားလုံးများ စဉ်းစားထားပြီး ဖြစ်လေသည်။

ကုန်းချဲ့ကျန်းက မေးလာလျှင် တွေဝေစဉ်းစားနေခြင်း မပြုဘဲ ဒိုးခနဲ ဒေါက်ခနဲ အဖြေပေးလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဪ ... ကျုပ်ညီမရဲ့သားပါဗျာ၊ ကျုပ်တူ ဆိုပါတော့၊ သူ့ မိဘတွေက ကွယ်လွန်သွားတာနဲ့ ကျုပ်ကပဲ မွေးစားထားတာပါ"

ကုန်းချဲ့ကျန်း ရှေ့ဆက်မမေးနိုင်ရန် စကားပိတ်၍ ပြောလိုက်ခြင်း ဖြစ်သည်။

ကုန်းချဲ့ကျန်း မျက်မှောင်ကြုတ်သွား၏။

အနည်းငယ်စဉ်းစားပြီးမှ ...

"ကဲ ... ခင်ဗျားသားကို ခေါ်ကြည့်လိုက်စမ်းပါဦး"

လုကျင်းရယ်က မနီးမဝေးတွင် ငြိမ်သက်စွာရပ်နေသော ကျိုရန်ကိုးကို လက်ယပ်ခေါ်လိုက်လေသည်။

ကုန်းချဲ့ကျန်းမှာ လုကျင်းရယ်နှင့်အတူ တံတားပေါ်အထိ လာကြသောကြောင့် မွေးစားသားဆိုသူ ဖြစ်ရမည်ဟု ရိပ်မိခဲ့၏။

ကျိုရန်ကိုးက လုကျင်းရယ်ထံသို့ ခြေလှမ်းမှန်မှန်ဖြင့် လျှောက်သွားလေ၏။

ကျိုရန်ကိုးအနီးသို့ ရောက်သောအခါ လုကျင်းရယ်က ...

"ဟောဒါ ... ကျုပ်ရဲ့သားတော်မောင်ပါပဲ"

ကျန်းချဲ့ကျန်းသည် ကျိုရန်ကိုးအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်နေ၏။



ကျိုရန်ကိုးမှာ ခေါင်းငုံ့ထားလိုက်ရလေ၏။

လုကျင်းရယ်က ကျိုရန်ကိုး၏လက်ကို ဆွဲကာ ရယ်မောရင်း ...

"သား ... ဟောဒါက နယ်စားကြီး ကုန်းချဲ့ကျန်းဆိုတာပဲ၊ တာလိပြည်ရဲ့ခေါင်းဆောင်ဆိုရင် မမှားဘူး၊ ကဲ ကဲ ... ဦးညွှတ်လိုက်ပါဦး"

ထိုစကားကိုကြားရုံလျှင် ကျိုရန်ကိုး၏ခန္ဓာကိုယ် တစ်ချက်တုန်ခါသွားသည်။

သူသည် ဘုရင့်သားတော်ဖြစ်သောကြောင့် ကုန်းချဲ့ကျန်းကို ဦးညွှတ်စရာမလိုပါ။

လုံးစံအရ သူကသာ ကိုယ့်ကို ဦးညွှတ်ရမည် ဖြစ်လေသည်။

သို့သော် အခြေအနေနှင့် အချိန်အခါ ကွာနေပေသေးသည်။ ကျိုရန်ကိုး ခံပြင်းသောစိတ်ကို ချိုးနှိမ်ရင်း ကြမ်းပြင်ပေါ်သို့ ဒူးထောက်လိုက်၏။ တစ်ဖန် လက်နှစ်ဖက်ဆုပ်ကာ ...

"နယ်စားကြီးကို ဦးညွှတ်ပါတယ်"

ကုန်းချဲ့ကျန်း၏ မျက်လုံးအစုံတွင် ကောက်ကျစ်စဉ်းလဲသော အရိပ်အယောင်များ ထွက်ပေါ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"မဆိုးပါဘူး၊ ဟေ့ … ဒီသူငယ်က တော်တော့်ကို လိမ္မာရေးခြား ရှိပါလား"

ပြောရင်း လုကျင်းရယ်ဘက်လှည့်ကာ …

"သူ့ကို သိုင်းပညာ သင်ပေးထားသလား"

လုကျင်းရယ် ခေါင်းခါယမ်းလိုက်သည်။

"မသင်ပေးပါဘူး"

ကုန်းချဲ့ကျန်း အံ့ဩသွားသည်။

"သိုင်းပညာသင်ပေးမထားဘူး … ဟုတ်လား၊ လူငယ်လူရွယ်ဆိုတာ သိုင်းပညာအသင့်အတင့် တတ်မြောက်ထားမှ ဖြစ်မှာပေါ့"

"ကျုပ်ညီမရဲ့ ယောကျာ်းဟာ သိုင်းသမားတစ်ယောက်ပါ၊ တစ်နေ့ သူဟာ လူဆိုးတွေနဲ့တိုက်ခိုက်ရင်း သေဆုံးသွားပါတယ်၊ ဒါကြောင့် ကျုပ်ညီမက သိုင်းပညာကို စိတ်နာတယ်၊ သူ့ရဲ့သားကို ဘယ်တော့မှ သိုင်းပညာသင်မပေးဖို့ အတန်တန် မှာသွားတယ်ဗျ"

ကုန်းချဲ့ကျန်းက ထိုင်ရာမှထလိုက်သည်။ တစ်ဖန် ကျိုရန်ကိုး အနီးသို့ လျှောက်သွားကာ ဖေးမဆွဲယူလိုက်၏။

ကျိုရန်ကိုးအား အနီးကပ်ငေ့၍ကြည့်ရင်း …



"မင်း သိုင်းပညာမတတ်ဘူး … ဟုတ်လား"

"ဟုတ်ကဲ့"

"ဒါဖြင့် ဘာများသင်သလဲ"

"စာပေတော့ လေ့လာလိုက်စားပါတယ် ခင်ဗျာ"

ကုန်းချဲ့ကျန်းက ရယ်မောလိုက်သည်။

ပြီးနောက် ကျိုရန်ကိုးအား ဆုပ်ကိုင်ထားသော လက်ချောင်းများကို အားစိုက်လိုက်လျှင် …

"အောင်မယ်လေး"

နာကျင်လှသောကြောင့် ကျိုရန်ကိုးမျက်နှာ ရှုံ့မဲ့သွားကာ အသံထွက်အော်လိုက်လေသည်။

သို့သော် ကုန်းချဲ့ကျန်းက အလွတ်မပေးပါချေ။

"သွားစမ်း"

အော်ငေါက်ကာ တွန်းထုတ်လိုက်၏။ ကျိုရန်ကိုးမှာ ကိုယ်ဖော့ပညာကို အသုံးပြု၍ အကျမနာအောင် ခုန်ထွက်သွားလျှင် ရသော်လည်း ကုန်းချဲ့ကျန်း ရိပ်မိသွားမည်စိုးသဖြင့် ကြမ်းပြင်ပေါ်သို့ ခြေပစ်လက်ပစ် လှဲချလိုက်လေသည်။

'ဝုန်း'

www.burmeseclassic.com

www.burmeseclassic.com



ကျိုရန်ကိုးမှာ တော်တော်နှင့် ပြန်မထလာနိုင်ချေ။

လုကျင်းရယ် ရင်ထိတ်သွားပြီး ...

"နယ်စားကြီး ... ဘယ်လိုလုပ်လိုက်တာလဲဗျာ"

ကုန်းချဲ့ကျုန်းက လုံးဝ ဂရုမစိုက်ပါ။ လက်တစ်ဖက်ဝှေ့ယမ်းပြလိုက်လေသည်။

ထိုအခါ သူနှင့်အတူပါလာသော လူလေးယောက်မှာ ကျိုရန်ကိုးအနီးသို့ ချဉ်းကပ်သွားပြီး တစ်ယောက်တစ်လှည့်စီ ထိုးကြိတ်ကန်ကျောက်လိုက်ကြ၏။

ကျိုရန်ကိုးမှာ အသားနာကျင်လာသဖြင့် ဒေါသခြောင်းခြောင်း ထွက်လာလေသည်။

သူသည် ပြန်လည်တိုက်ခိုက်ရန် ဟန်ပြင်လိုက်ပြီးမှ မည်သူမျှမရိပ်မိမီ အသာငြိမ်နေလိုက်ရ၏။

သူက ပြန်လည်ခုခံလျှင် ကုန်းချဲ့ကျုန်းကို အသေသတ်နိုင်မည်မဟုတ်ဘဲ သူသာ ကုန်းချဲ့ကျုန်းလက်ချက်ဖြင့် သေဆုံးရပေမည်။

လုကျင်းရယ်လည်း ကြား အချောင်သေရပေလိမ့်မည်။

ယခုလောလောဆယ် အသားအနာခံခြင်းက အားလုံး၏ အသက်ချမ်း သာရာရမည့် အကောင်းဆုံးနည်းလမ်းပင် ဖြစ်ပေသည်။



ကျိုရန်ကိုးမှာ လူလေးယောက်အလယ်တွင် အလူးအလဲခံနေရလေသည်။

လူလေးယောက်ကလည်း ကျိုရန်ကိုးအား မညှာမတာ ထိုးကြိတ်ကန်ကျောက်ကြလေသည်။

ထို့ကြောင့် တစ်ခဏအတွင်း ကျိုရန်ကိုး၏မျက်နှာမှာ ညိုမည်း ရောင်ကိုင်းလာတော့၏။

ကျိုရန်ကိုးမှာ လူပျော့လူညံ့တစ်ယောက်အလား ပြန်လည်ခုခံခြင်းမပြုဘဲ လွတ်လမ်းရှာကြံကာ ထွက်ပြေးနေ၏။

သို့သော် သူသည် လေးယောက်လက်မှ မလွတ်နိုင်ချေ။

ကုန်းချဲ့ကျုန်း မျက်မှောင်ကြုတ်သွားလေသည်။

ကျိုရန်ကိုးကိုကြည့်ရင်း သူ၏မျက်လုံးများတွင် အံ့ဩသောအရိပ်အယောင်များ ထွက်ပေါ်နေ၏။

အတန်ကြာလျှင် လက်တစ်ဖက် ဝှေ့ယမ်းပြလိုက်၏။

ထိုအခါ ဝိုင်း၍ထိုးကြိတ်ကန်ကျောက်နေသူများ ချက်ချင်းနောက်ဆုတ်သွားကြ၏။

ကျိုရန်ကိုးမှာ ကြမ်းပြင်ပေါ်လဲကာ ကျန်ရစ်သည်။

သူသည် ကြိုးစား၍ လူးလိမ့်ထရင်း အနီးရှိ တိုင်တစ်တိုင်ကို

www.burmeseclassic.com

www.burmeseclassic.com



မှီကာ ရပ်နေသည်။

ထိုစဉ်မှာပင် ...

"သေပေတော့"

ကျယ်လောင်သော အော်ငေါက်သံနှင့်အတူ ကုန်းချဲ့ကျန်း လေထဲသို့ ထိုးတက်ရင်း ကျိုရန်ကိုးအား ခုန်အုပ်လိုက်လေ၏။

ကျိုရန်ကိုး ရင်ထိတ်သွားသည်။

ကုန်းချဲ့ကျန်းက သူ့အား အသေသတ်ရန် ကြိုးစားနေပေပြီ၊ သူက ပြန်လည်တိုက်ခိုက်ရမည်လား။

"မလုပ်ပါနဲ့"

ကြောက်ကြောက်ရွံ့ရွံ့ဖြင့် အသံကုန်အော်ဟစ်ကာ မျက်နှာကို လက်ဝါးဖြင့် အုပ်ထားလိုက်လေသည်။

ကျိုရန်ကိုး၏အပြုအမူမှာ သူရဲဘောကြောင်သူတစ်ယောက်၏ အပြုအမူမျိုး ဖြစ်နေ၏။

ကုန်းချဲ့ကျန်း၏ သံမဏိလက်ချောင်းများမှာ သူ၏လည်ပင်းအား ထောက်မိသွားလေ၏။

သို့သော် ထိုးသွင်းလိုက်ခြင်း မရှိချေ။

ကျိုရန်ကိုးက ကြောက်ရွံ့တုန်လှုပ်သောလေသံဖြင့် ...



"ကျုပ် ... ကျုပ်ကို မသတ်ပါနဲ့"

ကုန်းချဲ့ကျန်း ကျိုရန်ကိုးကို ကြည့်ကာ သက်ပြင်းချလိုက်၏။

"မကြောက်ပါနဲ့ကွာ၊ ငါက မင်းကို သိုင်းပညာ သင်လို့ရ မရ စမ်းကြည့်တာပါ၊ ကဲ ကဲ ... မင်းလည်း သိုင်းပညာသင်လို့ ဖြစ်မှာ မဟုတ်ပါဘူး၊ စာပေပညာကိုပဲ ဆက်ပြီးလေ့လာကြိုးစား ... ဟုတ်လား"

"ဟုတ် ... ဟုတ်ကဲ့"

ကုန်းချဲ့ကျန်းက နောက်လှည့်မကြည့်ဘဲ ...

"လုကျင်းရယ်"

လုကျင်းရယ်က ပျာပျာသလဲ ထူးလိုက်လေသည်။

"အမိန့်ရှိပါ နယ်စားကြီး"

"ကျိုရန်ကိုးကို ကောင်းကောင်း ဂရုစိုက်ပါ၊ သူဟာ နောင်တစ်နေ့မှာ တာလိပြည်ရဲ့ စာပေပညာရှင်တစ်ယောက် ဖြစ်လာနိုင်တယ်"

"စိတ်ချပါ နယ်စားကြီး"

"သူ့အတွက် စာပေပညာ သင်ကြားပေးဖို့ အကူအညီလိုရင် ကျုပ်ဆီ လူလွှတ်ပြီး အကြောင်းကြားလိုက်၊ ကဲ ... ကျုပ်သွားမယ်"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး လက်ဖဝါးယမ်းပြလိုက်သည်။

အတူပါလာသူ လေးယောက်က ရှေ့ဆုံးမှ ထွက်ခွာသွားတော့၏။

ကုန်းချဲ့ကျန်းက နောက်မှ လိုက်သွားသည်။

မကြာမီ ဓားရဲတိုက်အပြင်ဘက်မှ ကျယ်လောင်သော မြင်းခွာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေ၏။

ကုန်းချဲ့ကျန်းမှာ ဓားရဲတိုက်မှ ပြန်လည်ထွက်ခွာသွားပြီ ဖြစ်လေသည်။

ကုန်းချဲ့ကျန်းနှင့် ရင်ဆိုင်ခဲ့ရသော ကျိုရန်ကိုးမှာ အသက်ရှင်လျက် ကျန်ရစ်ခဲ့ပြီး မဟုတ်ပါလား။

လုကျင်းရယ် သက်ပြင်းချလိုက်သည်။

သူ၏ပခုံးပေါ်မှ လေးလံသော ဝန်ထုပ်ဝန်ပိုးများ ပြုတ်ကျသွားသည်ဟု ခံစားလိုက်ရလေတော့သည်။

✺



ကျိုရန်ကိုးမှာ တွေတွေကြီး ငေးကာ ရပ်နေသည်။

အခန်းတွင်းသို့ ကျန်းစု ဝင်လာသည်ကိုပင် မမြင်မိပေ။

သူ၏ဦးခေါင်းအတွင်း၌ မူးနောက်ရီဝေနေပြီး ရင်ထဲ၌ ဖော်မပြနိုင်သောခံစားချက်များ ခံစားနေရလေသည်။

သူသည် ဘုရင့်သားတော်ဖြစ်လျက် ယုတ်မာကောက်ကျစ်သော နယ်စားကြီး ကုန်းချဲ့ကျန်းကို ဒူးထောက်ဦးညွတ်လိုက်ရလေသည်။

သူ၏ဖြစ်အင်ကို ကွယ်လွန်သွားပြီဖြစ်သော မိဘနှစ်ပါးမြင်လျှင် ဖြေဆည်နိုင်တော့မည် မဟုတ်ပါ။

သူသည် မိဘနှစ်ပါးအတွက် ကလဲ့စားမချေနိုင်သည့်အပြင် အရှုံးပေးလိုက်ရသောကြောင့် ခံပြင်းသည့်စိတ်များ တဖွားဖွား ပေါ်ပေါက်လာလေသည်။

နှုတ်ခမ်းများ ပေါက်ပြဲကာ သွေးစို့လာသည်အထိ သွားဖြင့်ကိုက်ထားမိ၏။

အသားနာကျင်ခြင်းဝေဒနာမှာ နှလုံးသားမှ နာကျင်ခြင်းကို မီနိုင်မည် မဟုတ်ချေ။

သူသည် ယောကျ်ားတစ်ယောက် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျိုရန်ကိုး တွေဝေစဉ်းစားနေ၏။

သူ၏ပခုံးကို လက်တစ်ဖက်က ညင်သာစွာ လာ၍ကိုင်လိုက်လေသည်။

မော့ကြည့်လိုက်သောအခါ ကျန်းစု ဖြစ်နေသည်ကို တွေ့ရသည်။

ကျန်းစု၏မျက်ဝန်းအစုံတွင် မျက်ရည်များ ပြည့်လျှံနေသည်။

သူသည် ကျိုရန်ကိုးကိုကြည့်ပြီး ဝမ်းနည်းကြေကွဲစွာဖြင့် ...

"မင်းသားလေး ... ကျုပ်အပြစ်ကြောင့် အခုလို ဖြစ်ရတာပါ၊ မင်းသားလေးသာ တစ်စုံတစ်ရာဖြစ်ရင် ကျုပ်မှာ အပြစ်ရှိပါတယ်၊ ကျုပ်ကို အပြစ်ပေးပါ"

ကျိုရန်ကိုး ခေါင်းခါယမ်းလိုက်သည်။

ကျန်းစုတွင် အပြစ်မရှိပါ။

ကျန်းစုသည် ကုန်းချဲ့ကျန်းကို ရင်ဆိုင်နိုင်ရန် တတ်မြောက်ထားသော သိုင်းပညာများ အိတ်သွန်ဖာမှောက် သင်ကြားပေးပြီပြီ မဟုတ်ပါလား။

ကုန်းချဲ့ကျန်းအား အနိုင်မရလေသည့်အတွက် အပြစ်ရှိမည် မဟုတ်ချေ။

ကျိုရန်ကိုးက အံတင်းတင်းကြိတ်ရင်း ...

"ဆရာမှာ အပြစ်မရှိပါဘူး"

ကျန်းစု ခေါင်းငိုက်စိုက်ချထားလိုက်သည်။

ကျိုရန်ကိုးက ဆက်ပြောလိုက်သည်။

"ရိုကျိုကျင်းပညာရဖို့ ကျုပ် ရှောင်လင်ကျောင်းကိုသွားတော့မယ်"

သူ၏စကားကိုကြားလျှင် လုကျင်းရယ်နှင့်ကျန်းစုတို့၏ ခန္ဓာကိုယ်များ တုန်ခါသွားကြ၏။

သူတို့သည် ကျိုရန်ကိုးကို ဟန့်တားရန် မကြိုးစားကြချေ။

ကျိုရန်ကိုး ပြတ်သားစွာ ဆုံးဖြတ်ချက်ချပြီးဖြစ်ကြောင်း သူတို့ နားလည်သဘောပေါက်ထားကြလေတော့သည်။

✿

ဤနေရာမှာ လမ်းဆုံလမ်းခွ တစ်ခုဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခပ်လှမ်းလှမ်းတွင် အရိပ်ကောင်းကောင်း သစ်ပင်ကြီးတစ်ပင်ရှိပြီး စား သောက်ဖွယ်ရာများ၊ လက်ဖက်ရည်များ ရောင်းချသော ဆိုင်တစ်ဆိုင် ရှိလေသည်။

အနယ်နယ်အရပ်ရပ်က ခရီးသွား ခရီးတစ်ထောက်နားခိုရာ နေရာတစ်ခု ဖြစ်သည်။

ယခု ထိုနေရာသို့ မြောက်ဘက်တောလမ်းမှ လူနှစ်ယောက် လာနေကြ၏။

ထိုလူနှစ်ယောက်မှာ တစ်ယောက်က အနီရောင်အဝတ်အစားများ ဝတ်ဆင်ထားပြီး ကျန်တစ်ယောက်မှာမူ ငွေရောင်အဝတ်အစားများ ဝတ်ဆင်ထားလေသည်။

ထိုလူနှစ်ယောက်မှာ မီးလျှံဓားသမားနှင့်ရေဘုရင်တို့ ဖြစ်ကြပါသည်။

သူတို့သည် လမ်းဆုံလမ်းခွသို့ ရောက်လျှင် လမ်းဘေးရှိဆိုင်ထဲသို့ ဝင်သွားလေ၏။

ထို့နောက် စားသောက်ဖွယ်ရာများနှင့် လက်ဖက်ရည်များမှာကြားကာ အေးအေးဆေးဆေး စားသောက်နေကြလေသည်။

သူတို့နှစ်ယောက်အား အပြင်ပန်းမှကြည့်လျှင် ခရီးသွားများ



ဖြစ်မည်ဟု ထင်ရသော်လည်း သေသေချာချာ အကဲခတ်ကြည့်လျှင် တစ်စုံတစ်ယောက်အား စောင့်မျှော်နေကြောင်း သိသာနိုင်ပေသည်။

နေအတော်မြင့်နေပြီဖြစ်ရာ လမ်းပေါ်တွင် လူသွားလူလာ ရှင်းလင်းနေပေသည်။

ခရီးတစ်ထောက်နားသော ခရီးသည်များလည်း လိုရာခရီးသို့ ဆက်လက်ထွက်ခွာသွားကြလေသည်။

ထို့ကြောင့် မွန်းလွဲအချိန်သို့ရောက်လျှင် စားသောက်ဆိုင်တန်းကလေး၌ မီးလျှံဓားသမားနှင့်ရေဘုရင်တို့သာ ကျန်ရစ်ခဲ့ကြတော့၏။

သူတို့ ချိန်းဆိုထားသူက ယခုတိုင် ရောက်မလာသေးချေ။

ရေဘုရင်သည် အေးတိအေးစက်အမူအရာရှိသော်လည်း အလွန် စိတ်လှုပ်ရှားမြန်လွယ်သည်။

အချိန်အတော်ကြာ စောင့်နေသော်လည်း ချိန်းဆိုထားသူရောက်မလာသေးသဖြင့် စိတ်လှုပ်ရှားကာ ...

"ဘယ်လိုလဲကွ ... မလာသေးပါလား"

မီးလျှံဓားသမားလည်း စိတ်ပျက်နေ၏။ သူချိန်းထားသူ မြန်မြန်ရောက်လာပါစေဟု ကျိတ်၍ ဆုတောင်းနေရ၏။

www.burmeseclassic.com

www.burmeseclassic.com



ရေဘုရင်က မကျေမနပ်ဖြင့် ...

"ဒီလောက်ကျမှ မလာတော့ဘူး ထင်ပါတယ်"

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင် မီးလျှံစားသမား၏မျက်လုံးများ ဝင်းလက်ကာ ...

"ဟိုမှာ လာနေပြီကွ"

ရေဘုရင် လှမ်းကြည့်လိုက်လျှင် သူတို့ထံသို့ ခပ်လှမ်းလှမ်းမှ လာနေသော ဘုန်းတော်ကြီးတစ်ပါးကို တွေ့မြင်လိုက်ရလေသည်။

ရေဘုရင် မျက်မှောင်ကြုတ်ကာ ...

"မင်းဟာက သေချာလို့လား"

"သေချာပါတယ်၊ ဟော ... တို့ကိုတွေ့လို့ ဝင်လာပြီ"

မှန်ပါသည် ...။

ဘုန်းတော်ကြီးသည် သူတို့နှစ်ယောက်အား တွေ့ရလျှင် မျက်နှာပြုံးရွှင်သွားပြီး လက်ဖက်ရည်ဆိုင်အတွင်းသို့ ဝင်လာလေသည်။

သူတို့ရှေ့သို့ ရောက်လာသည်နှင့် ...

"နယ်စားကြီးကုန်းချဲ့ကျန်း ... ကျန်းမာချမ်းသာရဲ့လား"

ထိုဘုန်းတော်ကြီးမှာ ရှောင်လင်ကျောင်းမှ သိုင်းသင်တန်းတာဝန်ခံ ဆရာဖိတုန်း ဖြစ်ပါသည်။



ဖိတုန်းသည် နယ်စားကြီး၏လူ ဖြစ်နေသည်မဟုတ်ပါလား။

အမှန်တော့ ဖိတုန်းမှာ ကြေးစားသိုင်းသမားဘဝဖြင့် နယ်စုံအောင် ရောက်ခဲ့ဖူးသည်။

ထိုစဉ်ကတည်းက နယ်စားကြီးကုန်းချဲ့ကျန်းနှင့် ဆက်သွယ်ခဲ့ခြင်း ဖြစ်သည်။

နယ်စားကြီးကုန်းချဲ့ကျန်းမှာ သူ၏ သံမဏိလက်ချောင်းပညာကို ရှောင်လင်ကျောင်းမှ ရီကျိုကျင်းပညာကသာ ချေဖျက်အနိုင်ယူနိုင်ကြောင်း သိရှိထား၏။

ရီကျိုကျင်းပညာ တတ်မြောက်ထားသူများကို နည်းအမျိုးမျိုးဖြင့် သုတ်သင်ပစ်ရန် သူက ဖိတုန်းနှင့်တိုင်ပင်ကာ ဖိတုန်းအား ရှောင်လင်ကျောင်းသို့ ထိုးဖောက်စိမ့်ဝင်စေခဲ့ခြင်း ဖြစ်သည်။

ဖိတုန်းသည် ရီကျိုကျင်းပညာ တတ်မြောက်ထားသော အူးတိ၊ အူးကျန်းနှင့် အူးကျားတို့ကို သုတ်သင်ရန် အမျိုးမျိုး ကြိုးစားခဲ့သည်။

မအောင်မြင်သောကြောင့် ကျောင်းထိုင်ဆရာတော်အား

www.burmeseclassic.com

www.burmeseclassic.com



အမျိုးမျိုး လီဆယ်လျှောက်တင်ကာ အပြစ်ဒဏ်ကျအောင် ချောက်တွန်းခဲ့သည်။

ဘုန်းတော်ကြီးသုံးပါးကို အပြစ်ဒဏ်အကျဉ်းချ ခံရသည်မှာ ဖိတုန်း၏လက်ချက်ဆိုလျှင် မမှားချေ။

အူးကျုန်းတို့သုံးယောက်မရှိတော့လျှင် ဖိတုန်းမှာ ရှောင်လင်ကျောင်း၌ သူ့ခြေသူ့လက် စွမ်းဆောင်နိုင်ခဲ့လေတော့သည်။

ယခုမှု သူ့အား ပညာပေးဆုံးမမည့် ထောက်ရှန်းပေါ်လာပြီ မဟုတ်ပါလား။

ထောက်ရှန်းသည် အူးကျုန်းတို့ထံမှ ရှီကျိုကျင်းပညာ သင်ကြားကတ်မြောက်လိမ့်မည်ကို ရိပ်မိသောကြောင့် ကုန်းချဲ့ကျုန်းထံ သတင်းပေးပို့လိုက်ခြင်း ဖြစ်ပါသည်။

မီးလျှံခါးသမားနှင့် ရေဘုရင်တို့မှာ ရှောင်လင်ကျောင်းမှ သိုင်းပညာများကို လေးစားသူများ ဖြစ်ကြသည့်အလျောက် ဖိတုန်းကို လေးလေးစားစား ကြိုဆိုကြလေသည်။

ဖိတုန်းက ကုလားထိုင်တစ်လုံးတွင် ထိုင်ချပြီးနောက် ...

"ခင်ဗျားတို့ကို ကုန်းချဲ့ကျုန်း လွှတ်လိုက်တာလား"

မီးလျှံခါးသမား ခေါင်းညိတ်လိုက်သည်။



"ဟုတ်ပါတယ်"

ရေဘုရင်နှင့် မီးလျှံခါးသမားတို့ စိတ်ဝင်စားသွားကြသည်။

ရေဘုရင်က ပြုံးကာ ...

"ကျုပ်တို့က နယ်စားကြီးရဲ့ ယုံကြည်စိတ်ချရတဲ့ လူတွေပါ၊ ကျုပ်က ရေဘုရင်ပါ၊ သူကတော့ မီးလျှံခါးသမားပါ၊ ခင်ဗျား ပြောစရာရှိတာ စိတ်ချလက်ချ ပြောနိုင်ပါတယ်"

ဖိတုန်းက ရေဘုရင်နှင့်မီးလျှံခါးသမားတို့၏ အမည်များကို ကြားဖူးထားလေသည်။

ထို့ကြောင့် ကုန်းချဲ့ကျုန်းလွှတ်လိုက်သော လူများဖြစ်ကြောင်း ယုံကြည်စိတ်ချသွား၏။

သူသည် ပတ်ဝန်းကျင်ကို တစ်ချက်အကဲခတ်လိုက်ပြီး ...

"တာလိပြည်က ဘုရင့်သားတော်တစ်ပါး ထွက်ပြေးလာတာ တကယ်လားဗျ၊ ခင်ဗျားတို့ အရင်ဖြေကြည့်ပါဦး"

"ဟုတ်ပါတယ်"

"ဒီလိုဆိုရင် တာလိဘုရင့်သားတော်ဟာ ရှောင်လင်ကျောင်းကို ရောက်နေပြီထင်တယ်"

ထိုစကားကြားရလျှင် ရေဘုရင်နှင့်မီးလျှံခါးသမားတို့ မျက်

www.burmeseclassic.com

www.burmeseclassic.com



လုံးပြုံးကျယ်သွားကြလေတော့သည်။

ရဲဘုရင်မှာ စိတ်လှုပ်ရှားလွန်းသဖြင့် ထိုင်ရာမှ ထလိုက်ပြီး …

"ခင်ဗျားပြောတာ သေချာရဲ့လားဗျ … ပြန်ပြောစမ်းပါဦး"

"ဒီလိုလေ … လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်နီးပါးအချိန် ရှောင်လင်ကျောင်းက ဘုန်းကြီးသုံးပါးဟာ ကလေးတစ်ယောက် ကောက်ရပြီး မွေးစားခဲ့တယ်၊ သူတို့ဟာ အပြစ်ဒဏ်ကျခံနေရတဲ့ အကျဉ်းသားတွေဆိုတော့ ကလေးကို ဘယ်လိုလုပ်ပြီး ရနိုင်မှာလဲ၊ တစ်ယောက်ယောက်က ကလေးကိုခေါ်ပြီး ထွက်မပြေးနိုင်တော့လို့ ထားပစ်ခဲ့တာ ဖြစ်မှာပေါ့"

သူက ရဲဘုရင်တို့အား တစ်ချက် အကဲခတ်ရင်း …

"ကျုပ်ပြောတာ မဟုတ်ဘူးလား"

ရဲဘုရင် ခေါင်းညိတ်လိုက်ပြန်သည်။

"ဖြစ်နိုင်ပါတယ်"

ဖိတုန်း သဘောကျ၍ ပြုံးကာ …

"ကျုပ် ဒီလိုတွေးမိတော့ အဖြစ်အပျက်ကို စုံစမ်းကြည့်တယ်၊ ဒီအခါမှာ ဒဏ်ကျဆောင်ရှေ့ လူသေအလောင်း ခြောက်



-ယောက် တွေ့ရတယ်ဆိုတာ သိရတယ်ဗျ"

ဖိတုန်း၏စကား ကြားရလျှင် မီးလျှံဓားသမားနှင့် ရဲဘုရင်တို့ မယုံကြည်နိုင်လောက်အောင် ဖြစ်သွားလေသည်။

သူတို့ နှစ်ပေါင်းများစွာ ခြေရာခံလိုက်ရှာနေသော ဘုရင့်သားတော်မှာ ရှောင်လင်ကျောင်းသို့ ရောက်ရှိနေပြီ မဟုတ်ပါလား။

ရဲဘုရင် ဝမ်းသာသွားကာ …

"သူ အခု ဘယ်မှာလဲ"

"ရှောင်လင်ကျောင်းမှာ ရှိနေပါတယ်"

ရဲဘုရင်နှင့် မီးလျှံဓားသမားတို့ ပြိုင်တူထရပ်လိုက်ကြလေသည်။

"ကျုပ်တို့သွားသတ်မယ် … ခင်ဗျားလမ်းပြပေးပါ"

ဖိတုန်းက လက်ကာပြလိုက်သည်။

"ခင်ဗျားတို့ ရှောင်လင်ကျောင်းပေါ် တက်သွားလို့ ဘယ်ဖြစ်မလဲ၊ ရှောင်လင်ကျောင်းသားတစ်ယောက်ကို သတ်ဖို့လာတာ ရှောင်လင်ကျောင်းကလူတွေ လက်ပိုက်ကြည့်နေကြမယ် ထင်သလား"

မီးလျှံဓားသမားနှင့် ရဲဘုရင်တို့ မည်သို့မျှ ပြန်မပြောတော့

www.burmeseclassic.com

www.burmeseclassic.com



တော့ချေ။

သူတို့ မည်မျှပင် တော်နေပါစေ ရှောင်လင်ကျောင်းနှင့် ထိပ်တိုက် ရင်မဆိုင်ဝံ့ချေ။

ဖိတုန်းက ပြုံးကာ ...

"ထောက်ရှန်းအတွက် စိတ်မပူပါနဲ့ဗျာ ... ကျုပ် တာဝန်ယူပါ့မယ်"

ရေဘုရင် မျက်မှောင်ကြုတ်သွားပြီး ...

"ထောက်ရှန်း ... ဟုတ်လား၊ ထောက်ရှန်းဆိုတာက ဘယ်သူလဲ"

"ထောက်ရှမ်းဆိုတာ ဘုရင့်သားတော်ပေါ့"

"ခင်ဗျားက ဘယ်လိုတာဝန်ယူမှာလဲ"

ဖိတုန်း ပခုံးတွန့်ကာ ...

"ဒါတော့ ခင်ဗျားတို့သဘောပဲ၊ ခင်ဗျားတို့ သူ့ကို ဘာဖြစ်စေချင်သလဲဆိုတာသာ ပြောပါ ... ကျုပ် ဖြစ်အောင်လုပ်ပေးမယ်"

ရေဘုရင်နှင့်မီးလျှံဓားသမားတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြ၏။

ရေဘုရင်က သဘောကျစွာ ပြုံးရင်း ...



"ကောင်းပြီ၊ ထောက်ရှန်းကို အသေသတ်လိုက်ပါ၊ ဘယ်လိုနည်းနဲ့မဆို သူသေသွားဖို့ အရေးကြီးတယ်၊ တကယ်လို့များ ခင်ဗျားဒုက္ခတွေ့မယ်ဆိုရင် ကျုပ်တို့ ချက်ချင်းလာကူညီပါ့မယ်၊ ဘာမှ စိုးရိမ်စရာမလိုပါဘူး"

ဖိတုန်း ပြုံးလိုက်လေသည်။

သူသည် တာလီပြည်တွင် မြို့စား ရွာစားတစ်ခုခု ရလိမ့်နိုးနိုး မျှော်ကိုးနေသူဖြစ်သည်။

ထောက်ရှန်းအား သုတ်သင်ပစ်နိုင်ပါက ကုန်းချဲ့ကျန်းက ကျိန်းသေ ချီးမြှင့်မြှောက်စားပေလိမ့်မည်။

ဖိတုန်းမှာ သူ့အတွေးနှင့်သူ ပျော်ရွှင်သွားကာ ခေါင်းတဆတ်ဆတ်ညိတ်လိုက်လေသည်။

"စိတ်ချပြီးသာ နေပါ ... ကျွန်တော် ထောက်ရှန်းကို မဖြစ်ဖြစ်တဲ့နည်းနဲ့ သုတ်သင်လိုက်ပါ့မယ်၊ ဒါထက် ကျုပ်နဲ့ ခင်ဗျားတို့အခု လောလောဆယ် အဆက်အသွယ်ဖြတ်လို့ မဖြစ်ဘူးထင်တယ်"

"ဟုတ်ပါတယ် ... ကျုပ်တို့ ခင်ဗျားရဲ့သတင်းကို အမြဲစောင့်မျှော်နေမှာပါ"

"အကြောင်းထူးရှိရင် ဒီကိုပဲ လာခဲ့ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ ... ဒီလိုဆို ကျုပ်သွားမယ်"

"ကောင်းပါပြီဗျာ"

ဖိတုန်းက ရေဘုရင်နှင့် မီးလျှံဓားသမားတို့ကို နှုတ်ဆက်ကာ ထွက်ခွာသွားရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ် ရေဘုရင်က ယခုမှ သတိရလာဟန်ဖြင့် ...

"ခဏနေပါဦး ... နယ်စားကြီး ကုန်းချဲ့ကျန်းက လက်ဆောင်ပါးလိုက်တဲ့ပစ္စည်းတွေ ယူသွားပါဦးဗျာ"

ပြောပြီး အင်္ကျီအိတ်ထဲမှ အထုပ်ကလေးတစ်ထုပ်ကို နှိုက်ယူကာ ပေးလိုက်လေသည်။

ဖိတုန်းက လှမ်းယူပြီး ဖွင့်ကြည့်လိုက်လေသည်။

အတွင်းဘက်၌ ပြိုးပြိုးပြက်ပြက် ဝင်းလက်တောက်ပနေသော စိန်ရွှေရတနာများကို တွေ့ရလျှင် သွားများ ပေါ်အောင်ပြုံးကာ ...

"ဟာ ... အားနာစရာကောင်းလိုက်တာ၊ နယ်စားကြီးကို ပြောလိုက်ပါဗျာ ... ကျုပ်က အများကြီး ကျေးဇူးတင်ပါတယ်လို့"

ပြောပြီး ချာခနဲလှည့်ကာ ထွက်သွားတော့၏။

ရေဘုရင်နှင့် မီးလျှံဓားသမားတို့သည် ဖိတုန်း၏နောက်



ကျောကို စိုက်ကြည့်ရင်း ကျန်ရစ်ခဲ့ကြလေတော့သည်။

✹

"ထောက်ရှန်း"

ရုတ်တရက် ထွက်ပေါ်လာသောအသံကြောင့် ထောက်ရှန်း၏ ခြေလှမ်းများ တုံ့ခနဲ ရပ်သွားလေသည်။

သူသည် နံနက်စာယူရန် မီးဖိုဆောင်သို့ ထွက်လာခဲ့ခြင်းဖြစ်သည်။ အချိန်က အနည်းငယ်နောက်ကျသွားသောကြောင့် လမ်းရိုးလမ်းစဉ်အတိုင်း မသွားဘဲ လေ့ကျင့်သည့်မြေကွက်လပ်ကို ဖြတ်သွားခဲ့လေသည်။

ထိုစဉ် သိုင်းပညာ သရုပ်ပြလေ့ကျင့်နေသော တာဝန်ခံ ဖိတုန်းက ဟန့်တားလိုက်ခြင်းဖြစ်သည်။

ယနေ့ သိုင်းသင်တန်းသားများမှာ နှစ်ဖက်သွား ဓားရှည်တစ်မျိုး လေ့ကျင့်နေသောကြောင့် ဖိတုန်း၏လက်တွင်း၌ ဓားတစ်ချောင်း ရှိနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဖိုတုန်းက ထောက်ရှန်းအနီးသို့ လျှောက်သွားသည်။

ထောက်ရှန်းမှာ ယွန်းဗန်းကလေးကိုကိုင်ရင်း ကြောင်အမ်းအမ်းဖြစ်နေသည်။

ဖိုတုန်းက ထောက်ရှန်းအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်ပြီးမှ မဲ့ပြုံးပြုံးကာ ...

"မင်းရဲ့သိုင်းပညာ တော်တော် တိုးတက်နေပြီလား"

ထောက်ရှန်း ရင်လေးသွားသည်။

ဖိုတုန်းက အရင်တစ်ကြိမ်က နည်းတူ သူ့ကိုစမ်းသပ်တော့မည်ကို နားလည်လိုက်၏။

သူသည် ဖိုတုန်းနှင့် ရန်မဖြစ်လိုပါ။ ထို့ကြောင့် ...

"အရင်အတိုင်းပဲ ... မထူးပါဘူး"

ပြောပြီးလျှင် ချာခနဲလှည့်ကာ မီးဖိုဆောင်ဘက်သို့ ခပ်သုတ်သုတ် လျှောက်သွားလိုက်လေသည်။

ထောက်ရှန်း၏စကားကြောင့် သင်တန်းသားများ သဘောကျသွားပြီး ဝါးခနဲ ရယ်မောလိုက်ကြ၏။

ဖိုတုန်း ဒေါသခြောင်းခြောင်း ထွက်သွားကာ ...

"သေပေတော့"



စိတ်ထဲမှကြိတ်၍ ရေရွတ်ရင်း လက်ထဲမှ နှစ်ဖက်သွားဓားဖြင့် ထောက်ရှန်း၏ နောက်ကျောသို့ ပစ်ပေါက်လိုက်လေသည်။

ဖိုတုန်းက အားကုန်ပစ်ပေါက်လိုက်ခြင်း ဖြစ်သည်။

ထောက်ရှန်းသာ ရှောင်တိမ်းခြင်းမပြုနိုင်လျှင် မုချသေဆုံးရမည်။

ဝိုင်းကြည့်နေကြသူများမှာ ထောက်ရှန်းအတွက် စိုးရိမ်ပူပန်သွားကြ၏။

ထောက်ရှန်းက ရှေ့သို့ ခပ်သုတ်သုတ် လျှောက်သွားရင်း အနောက်ဘက်မှ လေတိုးသံများ ထွက်ပေါ်လာနေသည်ကို သတိပြုမိလိုက်မိ၏။

ထို့ကြောင့် ရင်ထိတ်ကာ ခေါင်းငုံ့ရှောင်လိုက်လေသည်။

'ဒုတ်'

ဖိုတုန်းပစ်ပေါက်လိုက်သောဓားဖျား နံရံတွင် စိုက်ဝင်သွားလေသည်။

ထောက်ရှန်း စိတ်တိုသွား၏။

နောက်လှည့်ကြည့်သော် ဖိုတုန်းအား တွေ့ရလျှင် မကြေမနပ် ဖြစ်သွားပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲဗျ"

ဖိုးတုန်း ပြုံးလိုက်သည်။

တစ်ဖန် လေသံအေးအေးဖြင့် ...

"မင်း ရှောင်နိုင်မှန်းသိလို့ ကျုပ်ပစ်လိုက်တာပါ ... ဟဲ ဟဲ ဟဲ"

ထောက်ရှန်း သက်ပြင်းချလိုက်သည်။ ဖိုးတုန်း သူ့အား နောက်ပြောင်ကျီစယ်နေသည်ဟု ထင်မိလေသည်။

ထို့ကြောင့် ပခုံးတွန့်ကာ ...

"နောက်တစ်ခါဆို သတိထားပါဗျာ၊ ကျုပ်သာ မရှောင်နိုင်ရင် ပွဲချင်းပြီး သေမယ်ဗျ"

သူ၏စကားကြောင့် နံဘေးမှ ဝိုင်းကြည့်နေကြသူများ ရယ်မောလိုက်ကြပြန်၏။

ဖိုးတုန်းက ထောက်ရှန်းအနီးသို့ ချဉ်းကပ်သွားပြီး ...

"ထောက်ရှန်း ... မင်းက ဓားကို ရှောင်နိုင်တယ်ဆိုတော့ ဓားပညာလည်း သင်ရလိမ့်မယ်ထင်တယ်"

ထောက်ရှန်း မျက်မှောင်ကြုတ်ကာ ...

"ဘာလဲ ... ခင်ဗျား စမ်းကြည့်ဦးမလို့လား"



"ဟုတ်တယ်"

ပြောရင်း ဖိုးတုန်းက စတင်တိုက်ခိုက်လိုက်လေသည်။

ဖိုးတုန်းသည် ထောက်ရှန်းအား လက်နက်မဲ့တိုက်ခိုက်၍ အနိုင်မရနိုင်ကြောင်း သဘောပေါက်သောကြောင့် ဟန်ပြသုံးလေးကွက်မျှ တိုက်ခိုက်လိုက်ပြီးလျှင် နံရံတွင်စိုက်ဝင်နေသော ဓားကို ဆွဲထုတ်လိုက်သည်။

ဓားကို ဖွေ့ယမ်းကာ သဘောကျစွာ ရယ်မောရင်း ...

"ကျုပ် ဓားခုတ်ချက်တွေကိုလည်း မင်းလွတ်အောင် ရှောင်နိုင်မှာ ကျိန်းသေတယ်၊ ကျုပ် တပည့်တွေ ပညာရအောင် ရှောင်တိမ်းပြစမ်းပါဦး"

ထိုစကားကြောင့် ထောက်ရှန်း ကျေနပ်သွားသည်။

သူသည် လက်နှစ်ဖက်ဖြင့် ယွန်းဇုန်းလေးကို ဓေါင်လိုက်ကိုင်ရင်း ဟိုဟိုသည်သည် ရှောင်တိမ်းပြလိုက်လေသည်။

ထို့နောက် သဘောကျကာ တဟားဟား ရယ်မောနေလေသည်။

ထောက်ရှန်း၏ ပေါကြောင်ကြောင်နိုင်ပုံကိုတွေ့ရသဖြင့် ဖိုးတုန်း သဘောကျသွား၏။

www.burmeseclassic.com

www.burmeseclassic.com



"ထောက်ရှန်း ... ဒီကနေ့ မင်း ငါ့လက်ချက်နဲ့ သေရမယ်"

စိတ်ထဲ၌ ကြုံးဝါးကာ အစွမ်းထက်မြက်သော ဓားကွ ်များကို အသုံးပြုရင်း ပြင်းထန်စွာ တိုက်ခိုက်လေသည်။

ဖိတုန်း၏တိုက်ကွက်များမှာ အလွန်ပင်ကြောက်မက်ဖွယ်ကောင်းလှသည်။

ထောက်ရှန်းသည် သရုပ်ပြကစားနေသည် ထင်မှတ်ကာ ပေါ့ပေါ့တန်တန်ရှောင်တိမ်းနေရာမှ တစ်စထက်တစ်စ အခက်ကြုံလာလေတော့သည်။

ကြိုးစား၍ ရှောင်တိမ်းသော်လည်း ဖိတုန်း ဖိ၍တိုက်ခိုက်လာသောကြောင့် မျက်လုံးပြူးမျက်ဆန်ပြူး ဖြစ်လာရသည်။

နောက်ဆုံး ခန္ဓာကိုယ်ပင် မဟန်နိုင်ဘဲ မြေပေါ်သို့ လှိမ့်ကာ ရှောင်တိမ်းနေရသည်။

ဖိတုန်းသည် ထောက်ရှန်းအား လုံးဝမညှာမတာ ဖိ၍ တိုက်ခိုက်နေသည်။

အခြေအနေ မဟန်မှန်း ရိပ်စားမိလိုက်လျှင် ထောက်ရှန်းက မြေကွက်လပ် တစ်ဖက်စွန်းရောက်အောင် တစ်ပတ်ပြီးတစ်ပတ် လှိမ့်သွားကာ ခုန်ထလိုက်၏။



ထို့နောက် ထွက်ပြေးသွားရန် ကြံရွယ်လိုက်လေသည်။

ထိုစဉ် ဖိတုန်းက ထပ်မံတိုက်ခိုက်လာသောကြောင့် မရှောင်နိုင်ဘဲ လက်ထဲမှ ယွန်းဗန်းကလေးဖြင့် ခံပေးလိုက်ရ၏။

'ဒုတ်'

ယွန်းဗန်းကလေး နှစ်ခြမ်းပြတ်သွားတော့၏။

ထိုတဒင်္ဂအချိန်ကလေးအတွင်းမှာပင် ဖိတုန်းသည် သူ့အား အသေသတ်ရန် ကြိုးပမ်းနေကြောင်း ထောက်ရှန်း ရိပ်မိသွား၏။

သူသည် ဒေါသထွက်လာသဖြင့် ဓားမှရပ်နေသူ တစ်ယောက်ထံ ပြေးသွားကာ ဓားလုယူလိုက်သည်။

တစ်ဖန် ဖိတုန်းဓားကွက်များကို ခုခံရင်း ...

"ခင်ဗျား လွန်ပြီထင်တယ်"

"ကျုပ်လွန်တော့ မင်း ဘာလုပ်ချင်သလဲ"

"ကောင်းပြီ ... ခင်ဗျားသာ သတိကောင်းကောင်းထားပေတော့"

ထောက်ရှန်းမှာ ဖိတုန်းကို ဆုံးမရန် ဆုံးဖြတ်ချက်ချလိုက်သည်။ ဓားကို ကျွမ်းကျင်စွာကိုင်ရင်း ပြန်လည်တိုက်ခိုက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထောက်ရှန်းသည် ဖိတုန်းထက် ဓားပညာသာလွန်နေပါသည်။

ယင်းသို့ ပြန်လည်တိုက်ခိုက်သည်နှင့် ဖိတုန်းမှာ ချက်ချင်းနောက်ဆုတ်သွားရသည်။

ထောက်ရှန်း မဲ့ပြုံးပြုံးက …

"သတိထား"

ပြောရင်း ရှေ့တိုးကာ လက်ထဲမှဓားကို စက်ဝိုင်းသဏ္ဍာန်တစ်ချက်မွှေလိုက်လေသည်။

'ခွမ်'

ဖိတုန်းလက်ထဲမှ ဓား လွင့်စဉ်သွား၏။

ထို့အပြင် ဖိတုန်း၏အဝတ်အစားများ အစိတ်စိတ်အမြွှာမြွှာ စုတ်ပြတ်သွားလေတော့သည်။

သို့သော် ဖိတုန်း၏ကိုယ်ပေါ်တွင် ဓားဒဏ်ရာဆို၍ ခြစ်ရာမျှပင် မရှိချေ။

ထောက်ရှန်း ပညာပေးဆုံးမလိုက်ကြောင်း လူတိုင်း သိကြသည်။

ဖိတုန်း မျက်လုံးပြူးကျယ်သွားသည်။



ထောက်ရှန်းကို မယုံကြည်နိုင်စွာ ကြည့်ရင်း …

"မင်း … မင်း"

ထိုစဉ်မှာပင် ဝင်းထရံအပြင်ဘက်မှ ခြေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

တစ်ဆက်တည်းမှာပင် …

"ဆူဆူညံညံနဲ့ ဘာဖြစ်နေကြတာလဲ"

စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

အားလုံး လှမ်းကြည့်လိုက်လျှင် ခြောက်ဆယ်ကျော်ခန့်ရှိ ဘုန်းတော်ကြီးတစ်ပါးမှာ ဘုန်းကြီးငယ်များ ခြံရံလျက် လျှောက်လာနေသည်ကို တွေ့ရ၏။

ထိုဘုန်းတော်ကြီးမှာ ရှောင်လင်ကျောင်းမှ စည်းကမ်းထိန်းသိမ်းရေးမှူး ဖြစ်လေသည်။

စည်းကမ်းထိန်းသိမ်းရေးမှူးကို တွေ့ရလျှင် ဖိတုန်း သွားဖြီး ရယ်မောကာ …

"ဟဲ ဟဲ … ဘာမှ မဖြစ်ပါဘူး၊ ထောက်ရှန်းကို ဓားပညာ လေ့ကျင့်ပေးနေတာပါ"

www.burmeseclassic.com

www.burmeseclassic.com



စည်းကမ်းထိန်းသိမ်းရေးမှူးမှာ အစိတ်စိတ်အမြွှာမြွှာ ဖြစ်နေသော ဖိုတုန်း၏ အင်္ကျီကိုကြည့်ကာ မျက်မှောင်ကြုတ်သွား၏။

သို့သော် ဘာမှ မေးမနေတော့ဘဲ ...

"ဖိုတုန်း ... မနက်ဖြန်ည အရှေ့ဘက် သုံးမိုင်အကွာက အိမ်တစ်လုံးကို သွားရမယ်၊ အဲဒီမှာ တစ္ဆေခြောက်တယ်လို့ ပြောတာ သွားနှိမ်နင်းပေးရမယ်၊ မင်း တပည့်တစ်ယောက် ခေါ်ပြီးသွားပါ"

ဖိုတုန်း ခေါင်းညိတ်လိုက်သည်။

"အမိန့်အတိုင်း ဆောင်ရွက်ပါ့မယ်"

စည်းကမ်းထိန်းသိမ်းရေးမှူးက ထောက်ရှန်းကို တစ်ချက် လှမ်းကြည့်လိုက်သည်။

ထို့နောက် သဘောကျစွာပြုံးပြီး ထွက်သွားလေသည်။

ဖိုတုန်း၏မျက်နှာ မည်းမှောင်နေသည်။

သူသည် တစ္ဆေနှင် သွားရမည်ဟုကြားရလျှင် ချက်ချင်း ပြုံးပြုံးရွှင်ရွှင် ဖြစ်လာ၏။

မျက်နှာထားအပြောင်းအလဲ အလွန်မြန်သော ဖိုတုန်းပေတကား။

ဖိုတုန်းက ထောက်ရှန်းကိုပြုံးပြကာ ...



"ထောက်ရှန်း ... မင်းရဲ့သိုင်းပညာဟာ သိပ်တော်လို့ မင်းနဲ့ သာ ခရီးသွားရရင် ဘယ်လိုအန္တရာယ်မျိုးမှ ကြောက်စရာ မလိုတော့ ဘူး၊ ကဲ ကဲ ... မနက်ဖြန် ကျုပ်သွားရင် မင်းပါလိုက်ခဲ့ရမယ်"

ထောက်ရှန်း မျက်လုံးပြူးကျယ်သွားလေသည်။

သူသည် အူးကျန်းတို့ထံမှ သိုင်းပညာကို သင်ကြားခဲ့ပါ သည်။ ဘုရားစာ တရားစာ မသင်ရချေ။

ထို့ကြောင့် မည်သို့ တစ္ဆေနှင်ထုတ်နိုင်ပါမည်နည်း။

အမှန်ဆိုလျှင် ဖိုတုန်းက ထောက်ရှန်းအား ရှောင်လင် ကျောင်းတွင် သုတ်သင်၍မရပါက အပြင်သို့ခေါ်ထုတ် သုတ်သင် ပစ်ရန် ကြံစည်ထားခြင်းပေတကား။

သူ၏ မိတ်ဆွေတစ်ယောက်ထံသို့ စာရေးကာ သရဲခြောက် သည်ဟု လုပ်ကြံဇာတ်လမ်းထွင်စေပြီး ရှောင်လင်ကျောင်းကို ဘုန်း ကြီးလာ[illegible]စေခြင်း ဖြစ်သည်။

သို့မှသာ တစ္ဆေနှင်ရန်အတွက် ထောက်ရှန်းကို အဖော်ခေါ် သွားမည်ဆိုကာ ရှောင်လင်ကျောင်းမှ အပြင်သို့ ထုတ်လာပေမည်။

အပြင်သို့ရောက်လျှင် ထောက်ရှန်း ပြန်လာစရာ အကြောင်း ရှိမည် မဟုတ်ချေ။

www.burmeseclassic.com

www.burmeseclassic.com



တစ္ဆေခြောက်သော အိမ်တွင် ကိစ္စပြတ်သွားရပေလိမ့်မည်။

ထိုစဉ် ထောက်ရှန်း၏စကားသံ ထွက်ပေါ်လာ၏။

သူက လက်ခါယမ်းရင်း ...

"ကျုပ် လိုက်လို့ မဖြစ်ဘူးထင်တယ်၊ ကျုပ်က သိုင်းပညာပဲ တတ်တာ၊ တစ္ဆေနိုင်တဲ့ ပညာတတ်တာမှ မဟုတ်ဘဲ"

ဖိတုန်းက မျက်နှာထားတင်းတင်းဖြင့် ...

"မလိုဘူး ... မင်းလိုက်ရမယ်၊ ကျုပ်စကားကို နားမထောင်ရင် စည်းကမ်းထိန်းသိမ်းရေးမှူးက မင်းကို အပြစ်ပေးလိမ့်မယ်"

ထောက်ရှန်း ထိတ်လန့်သွား၏။

သူ့ဆရာများသည် အနှစ် နှစ်ဆယ် အကျဉ်းချခံထားရသည် မဟုတ်ပါလား။ သူသည် မည်သည့်အခါမှ အကျဉ်းချမခံလိုချေ။

ထို့ကြောင့် ကပျာကယာ ခေါင်းညိတ်ရင်း ...

"ကျုပ် ... ကျုပ် လိုက်ပါ့မယ် ခင်ဗျာ"

ဖိတုန်းက သူ၏အကြံအောင်မြင်တော့မည်ဖြစ်၍ ကျေနပ်စွာ ရယ်မောလိုက်လေတော့သည်။

✿ ✿ ✿



## သဲသရာတစ်ကွေ့ဝယ်

ည ...။

မိုးမချုပ်သေးသော်လည်း ပတ်ဝန်းကျင်တွင် အအေးဓာတ် ထိုးဖောက်လွှမ်းခြုံလာသည်။

ဤနေရာမှာ ရှောင်လင်ကျောင်းနှင့် သုံးမိုင်ခန့်ကွာဝေးသော တောအုပ်တစ်ခု ဖြစ်ပါသည်။

ယနေ့ညနေ လူသွားလူလာကင်းသော တောလမ်းကလေး ပေါ်၌ လူနှစ်ယောက် ရောက်ရှိလာကြ၏။

ဖိတုန်းနှင့်ထောက်ရှန်းတို့ ဖြစ်ကြသည်။

ဖိတုန်းက ထောက်ရှန်းအား ...

"တို့ အခုသွားမယ့်နေရာက တစ္ဆေခြောက်တဲ့ အိမ်ကိုပဲ၊ အဲဒီမှာ စွေချင်းဆိုတဲ့ အမျိုးသမီးတစ်ယောက် ရှိတယ်၊ သူ့ကိုယ်မှာ သူ့ယောကျ်ားဝိညာဉ်က ဝင်ပူးကပ်နေတာကို တို့က ဖယ်ရှားပေးရ

www.burmeseclassic.com

www.burmeseclassic.com



မှာ ဖြစ်တယ်၊ ဒါကြောင့် ကျမ်းစာကို ဂရုစိုက် ရွတ်ဖတ်ပါ”

“ဟုတ်ကဲ့ ... ကောင်းပါပြီ”

ဖိတုန်းက ကျေနပ်စွာပြုံးလိုက်လေသည်။

သူတို့ အတန်ကြာလျှောက်လာပြီးမှ ဖိတုန်းက ခပ်လှမ်းလှမ်းရှိ အိမ်အိုပျက်ကြီး တစ်လုံးကို ညွှန်ပြလိုက်ပြီး ...

“ငါတို့သွားရမှာ ... ဟိုရှေ့မှာ တွေ့နေရတဲ့ အိမ်ကြီးပဲ”

ထောက်ရှန်းက ဖိတုန်းညွှန်ပြရာသို့ ကြည့်လိုက်လေ၏။

အိမ်ကြီးမှာ အတော်ပင် ပျက်စီးယိုယွင်းနေပြီ ဖြစ်သည်။

ထိုအိမ်ကြီး ကို ထောက်ရှန်း ကြည့်နေရင်း စိတ်ထဲတွင် မသိုးမသန့် ခံစားလိုက်ရ၏။

ဖိတုန်းက အသံတိုးတိုးဖြင့် ...

“ထောက်ရှန်း ... ငါတို့ အိမ်ထဲဝင်ကြရအောင်”

“ဟုတ်ကဲ့”

အိမ်ကြီးအတွင်း အခန်းတစ်ခန်းထဲသို့ ဝင်လိုက်သည်။ ထိုအခန်းထဲတွင် အနက်ရောင်အခေါင်းတစ်လုံးကို တွေ့ရ၏။

ဖိတုန်းက အသင့်ပါလာသော ဖယောင်းတိုင်များကို မီးထွန်းညှိလိုက်၏။



ထိုအခါမှ အခန်းအတွင်းတွင် အမျိုးသမီးတစ်ဦး ကျောပေးထိုင်နေသည်ကို တွေ့လိုက်ရလေ၏။

ဖိတုန်းက ထောက်ရှန်းအား လေသံတိုးတိုးဖြင့် ...

“အဲဒီမိန်းကလေးက စွေစွေလို့ခေါ်တယ်၊ သူ့ယောကျ်ားဝိညာဉ်က သူ့ကို လာလာပူးနေတယ်လို့ သိရတယ်”

ထောက်ရှန်းမှာ တစ္ဆေနှင့်ထုတ်ရမည် ဆိုသောကြောင့် အနည်းငယ် စိတ်လှုပ်ရှားနေသည်။

ဖိတုန်းက ကောက်ကျစ်စွာ ပြုံးလိုက်ပြီး ...

“ကဲ ကဲ ... မိုးလည်းချုပ်ပြီ၊ တို့လုပ်ငန်း စကြစို့”

ပြောရင်း ကျမ်းစာများကို မျက်စိစုံမှိတ်ကာ စတင်ရွတ်ဖတ်နေပေပြီ။

ထောက်ရှန်းလည်း မနေနိုင်တော့ဘဲ မျက်စိစုံမှိတ်ကာ စတင်ရွတ်ဖတ်လိုက်လေသည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးလာနေသည်။

ထိုသို့ ထောက်ရှန်းနှင့်ဖိတုန်းတို့ ကျမ်းစာများ ရွတ်ဖတ်၍ အတန်ကြာလာသောအခါ သူတို့အား ကျောပေးထိုင်နေသော စွေစွေဆိုသည့် အမျိုးသမီးက တဖြည်းဖြည်းချင်း လှည့်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဇွေဇွေက တခစ်ခစ်ရယ်မောရင်း ထောက်ရှန်းတို့ထံသို့ တစ်လှမ်းချင်း လျှောက်သွားလေတော့သည်။

ထောက်ရှန်းမှာ လှုပ်လှုပ် ရှားရှားဖြစ်သွားသောအသံများ၊ ရယ်သံများကို ကြားပါသည်။

သို့သော် ကျမ်းစာကိုဂရုစိုက်ရွတ်ဖတ်ရမည်ဆိုသောကြောင့် လှုပ်ရှားခြင်းမပြုဘဲ မျက်စိမှိတ်ကာ ဆက်၍ရွတ်ဖတ်နေ၏။

ဇွေဇွေမှာ ထောက်ရှန်းနှင့် တစ်စထက်တစ်စ နီးကပ်လာ၏။

ထောက်ရှန်း၏နောက်ကျောဘက်သို့ ရောက်လာသည့်တိုင် ထောက်ရှမ်း လှုပ်ရှားခြင်း မပြုချေ။

ဇွေဇွေ၏ ခိုးခိုးခစ်ခစ် ရယ်မောသံသာ ကျယ်လောင်လာသည်။

ထောက်ရှန်း၏အနီးသို့ ရောက်သည်နှင့် ရှည်လျားသော လက်သည်းများဖြင့် ခေါင်းကို ထိုးစိုက်ချလိုက်တော့၏။

ထောက်ရှမ်းမှာ ကျမ်းစာများ ရွတ်ဆိုနေသော်လည်း ရင်ထဲ၌ မတင်မကျ ဖြစ်နေပါသည်။

ဖိတုန်း၏အသံ ပျောက်သွားသည်ကိုသာ သူသတိပြုမိ၏။



ဂစ်ဆက်တည်းပင် ဘုန်းတော်ကြီးသုံးပါးတို့၏ စကားများကိုလည်း ကြားယောင်လာလေသည်။

"ထောက်ရှန်း ... အမြဲတမ်း သတိထားပြီး နေတတ်၊ ထိုင်တတ်ရမယ်၊ ကိုယ့်ပတ်ဝန်းကျင်မှာ ရှိနေတာ ရန်သူချည်းပဲလို့ သဘောထား"

"သူများပြောတိုင်း မယုံနဲ့၊ စကားဆယ်ခွန်းကြားရင် သုံးခွန်းလောက်ပဲယူ၊ သူများပြောသမျှယုံရင် မင်းပဲခံရမှာ"

"တုတ်ကိုင်ပြီး မင်းအနားကပ်လာတဲ့လူက မင်းကိုရိုက်မှာပဲ၊ အဲ ... တုတ်မကိုင်ဘဲ လာပေမယ့် မရိုက်ဘူးမထင်နဲ့၊ ဝှက်ထားတဲ့တုတ်နဲ့ ရိုက်မှာပဲ၊ သူများအရိုက်မခံချင်ရင် ကိုယ်က ဦးအောင်ရိုက်ရမယ်၊ ဘယ်သူမဆို မင်းအနားချဉ်းကပ်လာရင် သတိသာထားနေပေတော့"

ထိုစကားများကို ပြန်လည်ကြားယောင်လာလျှင် ထောက်ရှန်း မျက်လုံး ဖျတ်ခနဲ ဖွင့်ကြည့်လိုက်မိလေသည်။

သူ၏ရှေ့တွင် ထိုင်နေသော ဖိတုန်းအား မတွေ့ရတော့ပါ။

ထိုစဉ် တခစ်ခစ်ရယ်မောနေသော ဇွေဇွေက သူ့အား နောက်ကျောမှ လက်နှစ်ဖက်ဖြင့် ကုန်ချလာသည်ကို တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ်လေး"

ထောက်ရှန်း အော်ဟစ်ကာ ရှေ့သို့ ခုန်ထွက်လိုက်၏။

ထို့ကြောင့် ဇွေဇွေ၏လက်ချောင်းများမှာ စားပွဲခုံကို ကုတ်ဖဲ့မိလိုက်လေသည်။ စားပွဲခုံစောင်းမှာ ကျိုးပဲ့သွားသည်။

ထောက်ရှန်း မျက်လုံးပြူးသွား၏။

သူသာ ဆက်၍ထိုင်နေလျှင် တစ်ကိုယ်လုံး လက်သည်းများဖြင့် ထိုးဖောက်ခံရကာ ဆန်ခါပေါက်ဖြစ်သွားလိမ့်မည် မဟုတ်ပါလား။

ဇွေဇွေ မယုံကြည်နိုင်စွာကြည့်ရင်း ...

"မင်း ... မင်း"

မျက်စိ၊ နှာခေါင်း၊ ပါးစပ် အနေအထား ရွေ့လျားနေခြင်းကြောင့် ရုတ်တရက်ဆိုလျှင် မျက်နှာတစ်ခုဟုပင် ပြောနိုင်မည် မဟုတ်ချေ။

ဇွေဇွေ၏ ရုပ်ပျက်ဆင်းပျက်မျက်နှာကို တွေ့မြင်ရလျှင် ထောက်ရှန်း စကားဆက်မပြောနိုင်ဘဲ ပါးစပ်အဟောင်းသားဖြစ်သွား၏။

ဇွေဇွေ တခစ်ခစ် ရယ်မောရင်း ...



"မင်းက ဘယ်လောက်တော်လို့ ငါ့ကို လာစမ်းတာလဲ၊ ဟား ဟား ဟား ... သေချင်နေပြီထင်တယ်"

သူမအသံသည် အက်ကွဲပြီး ခပ်သြသြ ဖြစ်နေသောကြောင့် မိန်းကလေးတစ်ယောက်၏အသံနှင့် မတူဘဲ ယောကျ်ားတစ်ယောက်၏အသံနှင့် ပိုတူလာ၏။

ထောက်ရှန်း ကြောက်ရွံ့လွန်း၍ ဒူးများ တဆတ်ဆတ် တုန်နေ၏။

ဖိတုန်းကို ရှာ၍ကြည့်လျှင် ထွက်ပြေးသွားပြီဖြစ်ကြောင်း သိလိုက်လေသည်။

သူလည်း ဆက်မနေဝံ့တော့ဘဲ ထွက်ပြေးရန် ဟန်ပြင်လိုက်၏။ သို့သော် ဇွေဇွေက အလွတ်မပေးပါ။

"မင်း ... ဘယ်ပြေးမလဲ"

စူးစူးရှားရှား အော်ဟစ်ရင်း ထောက်ရှန်းထံသို့ ခုန်ဝင်လာလေသည်။

ထောက်ရှန်းမှာ ထွက်ပြေးလို့ မလွတ်တော့သောအခါ လက်ဝါးနှစ်ဖက်တွင် အတွင်းအားပို့ဆောင်ကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့ ကြောက်ရွံ့၍ ဖြစ်လိုရာဖြစ်တော့ သဘော ပိုက်ကာ အတွင်းအား ပို့ဆောင်ကာ ခုခံတိုက်ခိုက်လိုက်ခြင်း ဖြစ်၏။

ထောက်ရှန်း တိုက်ခိုက်လိုက်သည်နှင့် ဇွေဇွေမှာ တစ်ဖက်သို့ ရှောင်ထွက်သွားသည်။

ထောက်ရှန်းက အလွတ်မပေးဘဲ လိုက်လံတိုက်ခိုက်ပစ် လိုက်လေသည်။

ဇွေဇွေသည် ထောက်ရှန်းကို ရန်ပြုရန် ကြိုးစားသော်လည်း မတတ်နိုင်ဘဲ နောက်သို့ ဆုတ်ပြီးရင်း ဆုတ်သွားရသည်။

ဇွေဇွေ ဆုတ်သွားရသည်ကိုတွေ့ရလျှင် ထောက်ရှန်းအား တက်လာ၏။ အံကို တင်းတင်းကြိတ်ကာ ...

"မင်းကို ငါ ဆုံးမပြမယ်"

ကြိုးဝါးခုန်အုပ်၍ တိုက်ခိုက်လိုက်လေသည်။ ထောက်ရှမ်းမှာ စိတ်ဓာတ်တက်ကြွလာပြီ ဖြစ်ပါသည်။

သူ၏သိုင်းပညာနှင့်ဇွေဇွေကို နောက်ဆုတ်သွားအောင် တိုက်ခိုက်နိုင်လျှင် အနိုင်ရနိုင်သည်အထိ တိုက်ခိုက်၍ ရလိမ့်မည်ဟု တွေးမိလာသည်။

ထို့ကြောင့် သိုင်းကွက်များ တစ်ကွက်ပြီးတစ်ကွက် ဖော်



ထုတ်ကာ တိုက်ခိုက်လိုက်လေသည်။ ဇွေဇွေ လျှင်မြန်ပေါ့ပါးစွာ ခုန်ပျံ ရှောင်တိမ်းသွားသည်။

သူမသည် အခန်းအလယ်ရှိ အနက်ရောင်သစ်သားအခေါင်း အနီးသို့ရောက်အောင် ဆုတ်သွားခြင်းဖြစ်၏။

အခေါင်းအနီးသို့ ရောက်လျှင် ...

"ဟား ဟား ဟား"

အော်ပာစ်ရယ်မောကာ လက်နှစ်ဖက် ဝှေ့ယမ်းလိုက်၏။

'ဝုန်း ဝုန်း'

ကျယ်လောင်သော ပေါက်ကွဲသံများ ထွက်ပေါ်လာပြီး အနီရောင်မီးခိုးလုံးများသည် အခေါင်းနှင့်ဇွေဇွေအား ဖုံးလွှမ်းသွား သည်။

ထောက်ရှန်းမှာ အနီရောင်မီးခိုးအငွေ့များကို လက်ဖြင့် ဝှေ့ ယမ်းရင်း နောက်ဆုတ်လိုက်သည်။

သူသည် ပတ်ဝန်းကျင်ကို သတိထားရင်း ထွက်ပေါ်လာ သည့် ဇွေဇွေကို အကဲခတ်ရှာဖွေကြည့်၏။

ထို့နောက် သူ၏နောက်ကျောဘက်မှ လေတိုးသံထွက်ပေါ် လာသောကြောင့် ကပျာကယာလှည့်ကြည့်လိုက်လျှင် သူ့ဘေးသို့

www.burmeseclassic.com

www.burmeseclassic.com



ဇွေဇွေ တရွေ့ရွေ့ လှမ်းလာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ယခုတစ်ကြိမ် ဇွေဇွေတစ်ယောက်တည်း မဟုတ်ပါ။

ဇွေဇွေ ဆယ်ယောက်တိတိ ဖြစ်နေ၏။

အားလုံးတူညီသော အဝတ်အစားများ၊ တူညီသော မျက်နှာများ ရှိကြသည်။

ထောက်ရှန်း ကြောင်အမ်းအမ်း ဖြစ်နေစဉ်မှာပင် အားလုံး ဝိုင်းလာကြလေသည်။

အခြေအနေမဟန်မှန်း ထောက်ရှန်း သဘောပေါက်လိုက်သည်။

ထို့ကြောင့် နောက်ဆုတ်ရန် ဟန်ပြင်လိုက်စဉ် ဇွေဇွေ ဆယ်ယောက်က သူ့အား ဝိုင်းရံပြီးသား ဖြစ်သွားကြလေ၏။

ထို့အပြင် ရှည်လျားသောလက်သည်းများကို ဆန့်ထုတ်ကာ ခိုးခိုးခစ်ခစ် ရယ်မောရင်း ချဉ်းကပ်လာကြ၏။

ထောက်ရှန်း လက်နှစ်ဖက် ဝှေ့ယမ်းရင်း ...

"သွားကြ ... ငါ့အနားမလာနဲ့ သွားကြ"

ကြောက်ကြောက်ရွံ့ရွံ့ဖြင့် အသံကုန် အော်ဟစ်လိုက်ပြီး အပေါက်ဝသို့ ပြေးသွားလေသည်။



သူသည် ဝိုင်းရံထားသော ဇွေဇွေများကို တိုးဝှေ့ကာ ထွက်ပြေးသွားခြင်းဖြစ်၏။

ဇွေဇွေများက သူ့အား လက်သည်းဖြင့် ကုတ်ချလိုက်လေသည်။

"အား"

ထောက်ရှန်း ရှောင်တိမ်းလိုက်သော်လည်း လက်မောင်းတစ်ဖက်တွင် ကုတ်ချခြင်းခံလိုက်ရ၏။

အင်္ကျီစများ စုတ်ပြဲသွားပြီး သွေးခြင်းခြင်းနီရဲသွားလေသည်။

သို့သော် ဝိုင်းထားသူများ အပြင်ဘက်သို့ ရောက်သွားကာ အပေါက်ဝမှ တစ်ဆင့် အပြင်ဘက်သို့ ပြေးထွက်နိုင်ခဲ့လေသည်။

ဇွေဇွေ ဆယ်ယောက်သည် သူ့နောက်သို့ လိုက်လာကြ၏။

ထောက်ရှန်း စဉ်းစားမနေဘဲ အပြင်ဘက်သို့ တစ်ချိုးတည်း ပြေးထွက်သွားလေတော့သည်။

✿

www.burmeseclassic.com

www.burmeseclassic.com



ည ...။

မှုန်ဝါးဝါး အလင်းရောင်အောက်တွင် အိမ်အိုပျက်ကြီး ရှိနေသည်ကို တွေ့ရ၏။

အိမ်ပျက်ကြီးအတွင်းမှ မီးရောင်များ ထွက်ပေါ်နေပါသည်။

"အား"

ရုတ်တရက် အိမ်ပျက်အတွင်းမှ စူးရှသောအော်ဟစ်သံ တစ်ချက်ထွက်ပေါ်လာပြီးလျှင် လူတစ်ယောက် ပြေးထွက်လာလေသည်။

ထောက်ရှန်းသည် အပြင်ဘက်ရောက်လျှင် တုံ့ဆိုင်းမနေဘဲ ဆက်၍ ပြေးထွက်သွား၏။

စွေစွေ လက်သည်းဖြင့် ခြစ်ခံလိုက်ရသော သူ၏လက်မောင်းမှ ဒဏ်ရာမှာ သွေးအနည်းငယ်စို့နေ၏။

ထိုဒဏ်ရာမှ ယားယံသော ဝေဒနာခံစားရလေသည်။ သို့သော် ယားယံမှုမှာ တစ်ခဏအတွင်း ကွယ်ပျောက်သွား၏။

ထောက်ရှန်း တံခါးမှတစ်ဆင့် အပြင်သို့ ခုန်ထွက်လျှင် အပြင်ဘက်တွင် ရန်သူတစ်ယောက်နှင့် ရင်ဆိုင်တိုးမိတော့၏။

'အွန့်'



ထောက်ရှန်း ကိုယ်ရှိန်သတ်ကာ နောက်ဆုတ်လိုက်၏။

အပြင်ဘက်တွင် ရပ်နေသူမှာ အဖြူရောင်ဝတ်ဆင်ထားသော လူရွယ်တစ်ယောက် ဖြစ်၏။

ထိုလူရွယ်၏လက်ထဲ၌ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပနေသော ဓားတစ်ချောင်း ကိုင်ထားလေသည်။

ထိုလူရွယ်ကို တွေ့ရလျှင် ထောက်ရှန်း ထိတ်လန့်သွားကာ

"မင်း ... မင်း ... စွေစွေ့ယောက်ျားလား"

လူရွယ် မျက်မှောင်ကြုတ်သွား၏။ ထောက်ရှမ်းကို နားမလည်စွာ ကြည့်ရင်း ခေါင်းခါယမ်းလိုက်လေသည်။

"မဟုတ်ပါဘူး"

လူရွယ်က ကောင်းကောင်းမွန်မွန် ပြန်ဖြေသောကြောင့် ထောက်ရှန်း အံ့သြသွားလေသည်။

လူရွယ်ကို ခြေဆုံးခေါင်းဆုံး ကြည့် ရင်း ...

"ဒါဖြင့် ... ခင်ဗျား ဘယ်သူလဲ"

လူရွယ်က ထောက်ရှန်းကိုကျော်ကာ အတွင်းသို့ အကဲခတ်ကြည့်လိုက်သည်။ ပြီးမှ ဝေခွဲမရသောလေသံဖြင့် ...

"ကျုပ်နာမည် ကျိရန်ကိုးလို့ ခေါ်ပါတယ်၊ ခရီးသွားတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ပါ၊ ညမိုးချုပ်လို့ ဒီဘက်မှာ မီးရောင်မြင်တာနဲ့ တစ်ညတည်းဖို့လာခဲ့တာပါ၊ ဒါ့ထက် အထဲမှာ ဘာတွေဖြစ်နေတာလဲဗျ"

ထိုစကားကြားမှ လူရွယ်မှာ တစ္ဆေသရဲမဟုတ်ကြောင်း ထောက်ရှန်း သိရှိသွားလေသည်။

သူသည် အသက်ကို ခပ်ဝဝရှူရှိုက်ကာ ...

"ခင်ဗျား ခရီးသွားဆိုရင် ဒီမှာတည်းဖို့ မစဉ်းစားနဲ့ဗျို့ ... အထဲမှာ သရဲခြောက်နေတယ်၊ ကျုပ်တောင် မနည်းလွတ်အောင် ပြေးလာရတာ"

ဝင်းလက်တောက်ပြောင်နေသော ဓားကိုင်ဆောင်ထားသူမှာ ဓားရဲတိုက်မှ ရှောင်လင်ကျောင်းသို့ ခရီးထွက်လာသော ကျိုရန်ကိုး ဖြစ်ပါသည်။

သူသည် အန္တရာယ်ကင်းစေရန် လူသူနည်းပါးသော တောလမ်းကို ရွေးချယ်ကာ ရှောင်လင်ကျောင်းသို့ လာခဲ့ခြင်း ဖြစ်သည်။

လမ်းတွင် မီးရောင်များ ထွက်ပေါ်နေသော အိမ်ပျက်ကြီး တစ်လုံးတွေ့ရ၍ စုံစမ်းရန် ဝင်လာခဲ့ခြင်း ဖြစ်ပါသည်။

အမှန်တော့ သူတို့နှစ်ယောက်သည် မထင်မှတ်ဘဲ ဆုံတွေ့ရပြီလေ။



ကျိုရန်ကိုး အိမ်အတွင်းသို့ တစ်ချက်ဝေ့ကြည့်ကာ မယုံနိုင်သောလေသံဖြင့် ...

"အထဲမှာ သရဲခြောက်တယ် ... ဟုတ်လား"

ထောက်ရှန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

"ဒါဖြင့် ကျုပ် ဝင်ကြည့်လိုက်ဦးမယ်"

ပြောပြောဆိုဆို လှမ်းဝင်သွားရာ ထောက်ရှန်း တားဆီးရန် မမီလိုက်ချေ။

BURMESE CLASSIC .com

ထောက်ရှန်းက ဦးခေါင်းလှုပ်ယမ်းကာ ...

"ဒီလူတော့ ဒုက္ခပဲ"

ပြောပြီးထွက်ခွာသွားရန် ဟန်ပြင်လိုက်သည်။ သို့သော် သူ၏ခြေလှမ်းများ တုံ့ခနဲ ရပ်တန့်သွား၏။

သူသည် ကျိုရန်ကိုးကို မြင်မြင်ချင်း ခင်မင်မိသောစိတ်များ ဖြစ်ပေါ်လာသည်။

အိမ်ကြီးအတွင်းသို့ ဝင်သွားသောကြောင့် ကျိုရန်ကိုး ကျိန်းသေဒုက္ခရောက်မည်ဟု ယုံကြည်လေသည်။

ထို့ကြောင့် ကျိုရန်ကိုးကို ပစ်ကာ မသွားလိုတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



"ကျိုရန်ကိုး ... မြန်မြန်ထွက်လာခဲ့ဗျ"

အော်ဟစ်ခေါ်ရင်း ကျိုရန်ကိုးကို ထွက်လာရန် ပြောနေသော်လည်း သူကိုယ်တိုင်ကမူ အိမ်ကြီး အတွင်းဘက်သို့ လှမ်းဝင်သွားမိလေသည်။

မကြာပါချေ ...။

အခေါင်းရှိနေသော အခန်းအတွင်းသို့ ပြန်လည်ရောက်ရှိသွားတော့၏။

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေသည်။

အခန်းတွင်း၌လည်း အပ်ကျသံပင် မကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက် နေလေသည်။

ထောက်ရှန်းမှာ အခန်းအတွင်းသို့ အပြေးကလေး ဝင်သွားမိရာ သူ၏ခြေသံကိုပင် ပြန်လည် ထိတ်လန့်နေမိ၏။

အခန်းတွင်း၌ ဇွေဇွေတစ်ယောက်မျှ ရှိမနေတော့ပါချေ။

ထောက်ရှန်း အံ့သြသွားကာ ...

"ဇွေဇွေတွေ ... ဘယ်ရောက်သွားသလဲ"

အခန်းအလယ်တွင် အနက်ရောင် သစ်သားအခေါင်းကမူ ရှိနေပါသေးသည်။



ကျိုရန်ကိုးသည် အခေါင်း၏ မလှမ်းမကမ်းတွင် ငြိမ်သက်စွာ ရပ်နေလေသည်။

ထောက်ရှန်း၏ အသံကြားရမှ လှည့်လာပြီး ...

"ဇွေဇွေဆိုတာ ... ဘယ်သူလဲဗျ"

ထောက်ရှန်းက သူ့အတွေ့အကြုံများကို ပြန်ပြောပြလိုက်သည်။

ကျိုရန်ကိုး အံ့သြသွားသည်။

ထောက်ရှန်းကို မယုံကြည်နိုင်စွာ ကြည့်ကာ ...

"ခင်ဗျားပြောတာ အမှန်ပဲလားဗျ"

"အမှန်ပါပဲဗျာ"

"ဒါဖြင့် ... သူတို့ ဘယ်ရောက်သွားသလဲ"

"ဘယ်မှမရောက်ဘူး ... ဒီမှာပဲ ရှိပါတယ်ရှင်"

ရုတ်တရက် စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ထောက်ရှန်းနှင့် ကျိုရန်ကိုးတို့ လှမ်းကြည့်လိုက်ကြလျှင် အခေါင်းပေါ်၌ အမျိုးသမီးတစ်ယောက် ထိုင်နေသည်ကို တွေ့လိုက်ရ၏။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ထိုအမျိုးသမီး မည်သည့်အချိန်က ရောက်လာမှန်းမသိလိုက်ရချေ။

ထိုအမျိုးသမီးကိုတွေ့လျှင် ထောက်ရှန်း ထိတ်လန့်သွားကာ ...

"ဓွေ ... ဓွေ ... ဓွေ"

ကျိုရန်ကိုးမှာ အခြေအနေကို နားလည်သဘောပေါက်သွားသည်။

ထို့ကြောင့် ဓားကို ချွင်ခနဲမြည်အောင် ဆွဲထုတ်လိုက်ပြီး ...

"ခင်ဗျားက သရဲလား"

"ဟုတ်တယ်လေ ... ရှင် မမြင်ဘူးလား"

ကျိုရန်ကိုး မဲ့ပြုံးပြုံးလိုက်ပြီး ...

"ခင်ဗျားရဲ့ မျက်နှာဖုံး တော်တော်ကောင်းတယ်၊ ဒါပေမဲ့ ကျုပ်ကိုတော့ လိမ်လို့မရဘူး၊ ကဲ ပြောစမ်း ... ဘာကြောင့် ဒီလိုလုပ်ရတာလဲ"

ဓွေဓွေက ခေါင်းပေါ်မှ ခုန်ဆင်းလိုက်သည်။

ရှည်လျားချွန်ထက်သော လက်သည်းများလည်း လက်ဝါးဖြန့်လိုက်လျှင် ထွက်ပေါ်လာ၏။

BURMESE CLASSIC .com



"ရှင်က သေချင်တာကိုး"

ကျိုရန်ကိုးက အသင့်ကိုင်ဆောင်ထားသောဓားဖြင့် လျှင်မြန် သွက်လက်စွာ တိုက်ခိုက်လိုက်တော့သည်။

ထိုအခါ ဓွေဓွေ အနားကပ်၍ မရတော့ချေ။

ထောက်ရှမ်း ဝမ်းသာသွား၏။

ဓွေဓွေကိုဖိ၍တိုက်ခိုက်နေသော ကျိုရန်ကိုးအားကြည့်၍ ...

"ဟုတ်ပြီ ... သူ့ကို အလွတ်မပေးနဲ့"

ယင်းသို့အော်ဟစ်ရင်း အနောက်ဘက်မှ လေတိုးသံများ ထွက်ပေါ်လာသည်ကို သတိပြုမိလိုက်၏။

ထို့ကြောင့် လှည့်ကြည့်လိုက်လျှင် ပျောက်ဆုံးနေသော ဓွေဓွေကိုယ်ပွားများ အနောက်ဘက်တွင် ရောက်နေသည်ကို တွေ့လိုက်ရလေသည်။

ထောက်ရှန်း မျက်လုံးပြူးကျယ်သွားကာ ...

"ကျိုရန်ကိုး ... နောက်ထပ် ဓွေဓွေတွေ ရောက်လာကြပြန်ပြီဗျ"

ကျိုရန်ကိုးမှာ ဓွေဓွေကိုယ်ပွားများ ရောက်လာသည်ကို တွေ့မြင်ထားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူနှင့်တိုက်ခိုက်နေသော ဇွေဇွေကို ဖိ၍တိုက်ခိုက်ရာ၌ ဇွေဇွေက ပေါ့ပါးစွာ ရှောင်နေသည်ကို တွေ့ရလျှင် ကိုယ်ဖော့ပညာ အသုံးပြုခြင်းကြောင့် ရိပ်မိလေသည်။

ဇွေဇွေမှာ တချွေသရဲယောင်ဆောင်ကာ ထောက်ရှန်းအား ခြောက်လှန့်နေသူဖြစ်ကြောင်း နားလည်သဘောပေါက်လာ၏။

ဇွေဇွေ လူကောင်းမဟုတ်သည်ကိုသိရလျှင် အလျှော့မပေးဘဲ ဖိ၍တိုက်ခိုက်လေတော့သည်။

ကျိုရှန်ကိုး၏ခားကွက်များ တစ်စထက်တစ်စ ပြင်းထန်လာသည်။

ဇွေဇွေ ခုခံနိုင်ခြင်း မရှိတော့ချေ။ ထို့ကြောင့် နောက်သို့သာ ဆုတ်ပြီးရင်း ဆုတ်နေရလေ၏။

ကျိုရှန်ကိုး ရယ်မောကာ ...

"ဗျို့ မိတ်ဆွေ ... သူတို့ဟာ တချွေသရဲမဟုတ်ဘူး၊ ခင်ဗျားကို တမင်သက်သက် ခြောက်လှန့်နေတာ၊ မယုံရင် တိုက်ခိုက်ကြည့်ပါလား"

ထိုစကားကြားလိုက်ရလျှင် ထောက်ရှန်း အားတက်လာ၏။ သူနှင့်အတူ ကျိုရှန်ကိုးလည်း ရှိနေပြီမဟုတ်လား။



ထို့ကြောင့် ကြောက်ရွံ့မှု လျော့နည်းသွားပြီး ...

"ယား"

ကျယ်လောင်သော ဩသံပေးကာ ပြင်းထန်စွာ တိုက်ခိုက်လိုက်လေသည်။

ထောက်ရှန်းသည် ဝမ်းသာအားရဖြစ်နေသောကြောင့် အမှတ်မထင် ရီကျိုကျင်းပညာကိုအသုံးပြုကာ တိုက်ခိုက်လိုက်မိလေသည်။

သူသည် သိုင်းကွက်ထုတ်ဖော်တိုက်ခိုက်လိုက်လျှင် အရှိန်အဟုန် ပြင်းထန်လှသောကြောင့် ဝိုင်းရံထားသော ဇွေဇွေကိုယ်ပွားများ ချက်ချင်း နောက်ဆုတ်သွားရ၏။

ထောက်ရှန်းက နောက်မှ လိုက်လံတိုက်ခိုက်သည်။

'ဝုန်း ... ဝုန်း'

လူနှစ်ယောက်မှာ မသဲမကွဲအော်ဟစ်လိုက်ကြပြီး ကြမ်းပြင်ပေါ်သို့ လဲကျသွားကြလေတော့သည်။

ယခုမှ ထောက်ရှန်း ရယ်မောနိုင်သည်။

သရဲယောင်ဆောင်နေကြသော လူများဖြစ်ကြသည်ကို သူ သိသွားပြီ မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



အခြေအနေ မဟန်သည်ကို တွေ့ရလျှင် ဇွေဇွေကိုယ်ပွားများ ချက်ချင်း ထွက်ပြေးသွားကြလေတော့သည်။

ဇွေဇွေ ...။

ဇွေဇွေတစ်ယောက်တည်းသော အခန်းတွင်း၌ ကျန်ခဲ့လေသည်။

သူမနှင့် ကိုရန်ကိုးတို့မှာ ပြင်းထန်စွာ တိုက်ခိုက်နေကြဆဲ။ ကျန်သော ဇွေဇွေကိုယ်ပွားများမှာမူ ထွက်ပြေးသွားကြချေပြီ။

ထောက်ရှန်းက ကြမ်းပြင်ပေါ်တွင်လဲကျနေသူတစ်ယောက်ထံသို့ လျှောက်သွားပြီး သေသေချာချာ စစ်ဆေးကြည့်လိုက်သည်။

ထိုလူနှစ်ယောက် သေဆုံးနေသည်ကိုတွေ့ရလျှင် ထိတ်လန့်တုန်လှုပ်သွားလေ၏။ သူ၏လက်ချက်ဖြင့် လူနှစ်ယောက် သေဆုံးသွားပြီ မဟုတ်ပါလား။

ထောက်ရှန်း၏ ရင်ထဲ၌ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာ၏။

သိုင်းပညာသင်ကြားသည်ဆိုရာ၌ မိမိကိုယ်ကို ခုခံကာကွယ်ရန်သာ ဖြစ်ပါသည်။ လူသတ်ရန် မဟုတ်ချေ။



ယခု ခုခံကာကွယ်ရင်း လက်လွန်သွား၍ လူနှစ်ယောက်သေဆုံးသွားသဖြင့် အပြစ်မကင်းသလို ခံစားနေရလေသည်။

ထောက်ရှန်း တွေဝေငေးငိုင်နေစဉ်မှာပင် ဇွေဇွေ၏အသံထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

"ရှင်တို့နှစ်ယောက်စလုံး လွတ်မယ်မထင်နဲ့"

ထောက်ရှမ်း လှမ်းကြည့်လိုက်သောအခါ ဇွေဇွေမှာ ခပ်လှမ်းလှမ်းသို့ ဆုတ်သွားပြီဖြစ်သည်ကို တွေ့မြင်လိုက်ရလေသည်။

ကိုရန်ကိုးက လိုက်လံတိုက်ခိုက်ခြင်းမပြုဘဲ အကဲခတ်ကြည့်နေ၏။ ဇွေဇွေက ထောက်ရှန်းကိုကြည့်ကာ ...

"ကျွန်မရဲ့လက်သည်းနဲ့ ကုတ်မိတဲ့အတွက် ရှင် အသက်ရှင်နေနိုင်မယ် ထင်သလား၊ ကျွန်မလက်သည်းမှာ အလွန်ပြင်းထန်တဲ့ အဆိပ်တွေပါတယ်ရှင့်"

မီးရောင်ကြောင့် ဇွေဇွေ၏လက်သည်းများမှာ ခရမ်းရောင်တောက်ပနေသည်ကို တွေ့မြင်ရလေသည်။

အလွန်ပြင်းထန်သောအဆိပ်များ သုတ်လိမ်းထားသည်မှာ အမှန်ဖြစ်ကြောင်း ကိုရန်ကိုး သဘောပေါက်၏။

ထောက်ရှန်းအတွက် စိတ်ပူသွား၏။

www.burmeseclassic.com

www.burmeseclassic.com



ဇွေဇွေ၏စကား ကြားရလျှင် ထောက်ရှန်း သဘောကျစွာ ရယ်မောလိုက်သည်။

"ဟား ဟား ဟား ... ခင်ဗျားမှားပြီ၊ ကျုပ်ကို ဘယ်လိုအဆိပ်မျိုးမှ ဒုက္ခမပေးနိုင်ဘူးဗျ။ ခင်ဗျားအဆိပ်မိသွားတယ်ဆိုရင် ကျုပ် သေပြီပေါ့ဗျ"

ယခုတစ်ကြိမ် အံ့ဩသွားရသူမှာ ဇွေဇွေ ဖြစ်လေသည်။

မှန်ပါသည် ...။ သူမ၏အဆိပ်မှာ အလွန်ပြင်းထန်သောကြောင့် ထောက်ရှန်း သေဆုံးသွားရပေမည်။

ယခုမူ သေဆုံးခြင်းမရှိဘဲ သူမ၏ လူနှစ်ယောက်ကိုပင် သုတ်သင်ပစ်လိုက်ပြီ မဟုတ်ပါလား။

ထောက်ရှန်း မဲ့ပြုံးပြုံးကာ ...

"ကျုပ်ကို ဘာကြောင့် သတ်ဖို့ ကြိုးစားရသလဲဆိုတာ ပြောပါ၊ ခင်ဗျားကို ကျုပ် ခွင့်လွှတ်လိုက်မယ်"

ဇွေဇွေ မကျေမနပ် ဖြစ်သွားလေသည်။ အနက်ရောင် သစ်သား အခေါင်းကို လက်ဝါးဖြင့် ဖြန်းခနဲ ရိုက်လိုက်ပြီး ...

"ရှင် ကြားတယ် မဟုတ်လား၊ သူ့ကို ကျွန်မတို့ အဆိပ်က ဒုက္ခမပေးနိုင်ဘူး၊ ပြီးတော့ သူ့မှာ အဖော်တစ်ယောက် ပါလာသေး



တယ်၊ ရှင်ထွက်လာမှ ဖြစ်တော့မယ်"

သူမ စကားဆုံးသွားလျှင် တကျွီကျွီ မြည်သံနှင့်အတူ အခေါင်းအဖုံး ပွင့်လာလေသည်။

ထောက်ရှန်းနှင့် ကျိုရန်ကိုးတို့ စိတ်ဝင်စားစွာ စိုက်ကြည့်နေကြ၏။ ထိုစဉ်မှာပင် ...

'ဝုန်း'

အခေါင်းအဖုံး ဝုန်းခနဲပွင့်သွားပြီး တစ်ဆက်တည်း ထောက်ရှန်းတို့ထံသို့ ပစ်လွှင့်လာလေသည်။

ကျိုရန်ကိုးမှာ အခေါင်းနှင့်အနီးဆုံးတွင် ရှိနေသည်။

ထို့ကြောင့် ရုတ်တရက် ရှောင်တိမ်းရန်မလွတ်ချေ။ ထောက်ရှန်း စိုးရိမ်သွားပြီး ...

"သတိထား"

အော်ဟစ်သတိပေးကာ ရှေ့သို့ ပြေးသွားပြီး ကျိုရန်ကိုးအား တွန်းဖယ်လိုက်သည်။

တစ်ဖန် ပစ်လွှင့်လာသော အခေါင်းအဖုံးကို လက်နှစ်ဖက်ဖြင့် လှမ်းဆွဲကာ ဟန့်တားလိုက်လေသည်။

အခေါင်းအဖုံးသည် ပြင်းထန်သောအဟုန်ဖြင့် ပစ်လွှင့်လာ

www.burmeseclassic.com

www.burmeseclassic.com



ခြင်း ဖြစ်သည်။

သာမန်လူတစ်ယောက် ရုတ်တရက် လက်ဖြင့်ဖမ်းကားထား ရန် မလွယ်ချေ။

ထောက်ရှန်းသည် ရီကျိုကျန်းသိုင်းကျမ်းမှ အားပြောင်း အားလွှဲပညာကို အသုံးချကာ ဖမ်းဆွဲထားနိုင်ခဲ့ခြင်း ဖြစ်သည်။

သူသည် ကြာကြာဆွဲထားနိုင်ခြင်း မရှိသောကြောင့် ချက် ချင်း ပြန်လည်တွန်းထုတ်လိုက်ရလေသည်။

အခေါင်းအဖုံးမှာ အရှိန်ပြင်းစွာ ပြန်လွင့်ထွက်သွားပါသည်။

ထိုစဉ် အခေါင်းအတွင်းမှ လူတစ်ယောက် မတ်တတ်ရပ် လာသည်ကို တွေ့ရ၏။

ထိုလူအား ရုတ်တရက်ကြည့်လျှင် လူသေအလောင်းတစ်ခု ဟု ထင်ရပေမည်။ အသားအရေ အသွေးအရောင်မရှိဘဲ ဖြူဖွေးနေ ပြီး အလွန်ပိန်လှီလှသော လူတစ်ယောက် ဖြစ်နေ၏။

ထိုလူက အခေါင်းအဖုံးအား အရှိန်ပြင်းစွာ ပစ်လွှင့်လိုက်နိုင် ခြင်းမှာ ယုံနိုင်ဖွယ် မရှိတော့ချေ။

အခေါင်းအဖုံး ပြန်လည်ပစ်လွင့်လာလျှင် ထိုလူက လက်နှစ် ဖက်ဖြင့် ဆီး၍ဖမ်းထားလိုက်သည်။



သို့သော် ထောက်ရှန်းကဲ့သို့ တည်ငြိမ်စွာ ဖမ်းဆွဲထားလိုက် သော်လည်း ခါးနောက်ပြန် ညွှတ်သွား၏။

တစ်ဆက်တည်းပင် အခေါင်းဖုံး ပိကျလာသောကြောင့် ...

"အား"

ကျယ်လောင်သော အော်ဟစ်သံတစ်ချက် ထွက်ပေါ်လာ သည်။

ထိုလူမှာ အခေါင်းအဖုံးနှင့် အခေါင်းနှုတ်ခမ်းသားတို့အကြား တွင် ဖိညှပ်ခြင်းခံရသကဲ့သို့ အဖုံးပိကာ သေဆုံးသွားလေတော့ သည်။ အဖြစ်အပျက်မှာ လျှင်မြန်လွန်းလှလေသည်။

ဧွေဧွေ၏ကိုယ် တစ်ချက်တုန်ခါသွားသည်။

ထောက်ရှန်း မယုံနိုင်စွာ ကြည့်ရင်း ...

"ရှင်ဟာ ရှောင်လင်ကျောင်းက ထိပ်တန်းပညာတောင် တတ်မြောက်ထားပြီကိုး"

ထောက်ရှန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... မင်း ဘယ်ပြေးမလဲ"

"ကျွန်မ မပြေးပါဘူးရှင်"

စကားဆုံးလျှင် လက်နှစ်ဖက်ဝှေ့ယမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဝုန်း ... ဝုန်း'

ကျယ်လောင်သော ပေါက်ကွဲသံများ ထွက်ပေါ်လာပြီး အနီရောင် မီးခိုးငွေ့များ စွေစွေကို ဖုံးလွှမ်းသွားလေသည်။

မီးခိုးငွေ့များ ကွယ်ပျောက်သွားသောအခါ စွေစွေ ပျောက်ခြင်းမလှ ပျောက်ကွယ်သွားပြီ ဖြစ်ပါသည်။

သူမသည် မီးခိုးငွေ့များကို အကာအကွယ်ယူကာ ထွက်ပြေးသွားခြင်း ဖြစ်လေသည်။ ကျိုရန်ကိုး သက်ပြင်းချရင်း ...

"သူတို့သွားကြပြီ"

ထောက်ရှန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ...ကျုပ်လည်းသွားရတော့မယ်"

ကျိုရန်ကိုးသည် စွေစွေ၏ပြောစကားများကြောင့် ထောက်ရှန်းကို စိတ်ဝင်စားနေပါသည်။

ထောက်ရှန်းကို ခြေဆုံး ခေါင်းဆုံး အကဲခတ်ကြည့်လိုက်ပြီး

"ခင်ဗျားက ရှောင်လင်ကျောင်းက ... ဟုတ်လား"

"ဟုတ်ပါတယ်"

"စောစောက အမျိုးသမီးပြောတော့ ရှောင်လင်ကျောင်းက ထိပ်တန်းသိုင်းပညာ တတ်ထားတယ်ဆို၊ ဘယ်လိုပညာမျိုးလဲဗျ၊



"ကျုပ်ကိုပြောပြပါလား"

ထောက်ရှန်း ရယ်မောကာ ...

"ရှင်းပါတယ်ဗျာ၊ ရန်ဖြစ်တော့မယ်ဆိုရင် ကိုယ်ကဦးအောင်ချရမယ်ဆိုတဲ့ပညာပါ၊ သူများချတာ မခံချင်ရင် ကိုယ်က ချရမယ်ဆိုတဲ့သဘောပါ"

ကျိုရန်ကိုး မျက်မှောင်ကြုတ်သွားသည်။

ထောက်ရှန်းက သူ၏ပညာကို လျှို့ဝှက်ထားသည်ဟု ထင်သွားလေသည်။

ထို့ကြောင့် သက်ပြင်းချကာ ဓားကို ဓားအိမ်ထဲသို့ ပြန်လည်ထိုးသွင်းလိုက်သည်။ ထို့နောက် ထောက်ရှန်းကိုကြည့်ကာ ...

"ကျုပ်သွားတော့မယ်"

ပြောပြီး အပြင်ဘက်သို့ လှမ်းထွက်သွားသည်။

ထောက်ရှန်း ပခုံးတွန့်ကာ နောက်မှလိုက်၍ ထွက်လာ၏။

မကြာပါချေ။ သူတို့ နှစ်ယောက်စလုံး အိမ်ပျက်ကြီးအပြင်ဘက်သို့ ရောက်ရှိသွားကြလေသည်။

✹ ✹ ✹

www.burmeseclassic.com

www.burmeseclassic.com



## မိတ်ဆွေ

တစ်ညတာ ကုန်ဆုံးသွားပြီး နေ့သစ်တစ်နေ့ စပေတော့မည်။

ထောက်ရှန်းနှင့်ဖိတုန်းတို့ လာခဲ့သော အိမ်အိုပျက်ကြီးမှာ ရှောင်လင်ကျောင်းမှ သုံးမိုင်ခန့်သာ ဝေးပါသည်။

အသွားအပြန် တစ်ညတာ အချိန်ကြာမြင့်ခဲ့သောကြောင့် ထောက်ရှန်း အံ့သြသွား၏။

သို့သော် အိမ်အိုပျက်အတွင်း ကြုံတွေ့ခဲ့ရသော တိုက်ပွဲများက အချိန်ကုန်ဆုံးစေခဲ့သည် မဟုတ်ပါလား။

မိုးစင်စင်လင်းလာလျှင် ထောက်ရှန်းနှင့် ကျိုရန်ကိုးတို့ တောအုပ်ကိုလွန်မြောက်ကာ ဖြောင့်ဖြူးသော တောလမ်းကလေးပေါ်သို့ ရောက်လာကြသည်။

ထိုလမ်းသည် ရှောင်လင်ကျောင်းသို့သွားရာလမ်းဖြစ်သည်။



သူတို့နှစ်ယောက် ပခုံးချင်းယှဉ်ကာ လျှောက်လာကြသော်လည်း တစ်ယောက်နှင့်တစ်ယောက် စကားမဆိုမိကြချေ။

ထောက်ရှန်းမှာ ပျော်ပျော်နေတတ်သူတစ်ယောက် ဖြစ်သည့်အလျောက် ကျိုရန်ကိုးစကားကို စကားစရန် ကြံရွယ်သော်လည်း ကျိုရန်ကိုး၏ ခပ်တည်တည်မျက်နှာထားကြောင့် စကားမပြောနိုင်ဘဲ ဖြစ်သွားရလေသည်။

သူတို့နှစ်ယောက် ဆက်၍ လျှောက်လာကြရာ အတန်ကြာလျှင် ရှောင်လင်ကျောင်းအား ခပ်ဝေးဝေးတွင် လှမ်းမြင်လိုက်ရ၏။

ထောက်ရှမ်း ဝမ်းသာသွားကာ ...

"ဟာ ရှောင်လင်ကျောင်းကို ပြန်ရောက်တော့မှာပါလား၊ အင်း တော်ပါသေးရဲ့၊ မိတ်ဆွေသာ ဝင်မကူရင် ကျုပ် ပြန်ရောက်လာနိုင်တော့မှာ မဟုတ်ဘူး"

ကျိုရန်ကိုးမှာ ထောက်ရှန်း၏အတွင်းအားကို များစွာ စိတ်ဝင်စားမိလေသည်။

ထောက်ရှန်း၏အတွင်းအားမှာ အလွန်မြင့်မားပြီး အလွန်ပြင်းထန်သော အဆိပ်မိသည်ကိုပင် မဖြုံချေ။

ဓွေဓွေကိုယ်ပွားကိုးယောက်ကို တစ်ခဏချင်း တိုက်ခိုက်နိုင်

www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် သိုင်းပညာ မခေကြောင်း ရိပ်မိလိုက်၏။

ထောက်ရှန်းသာ သူ၏မိတ်ဆွေဖြစ်လျှင် သူ့အား ကူညီမည်ဆိုလျှင် နယ်စားကြီးကုန်းချဲ့ကျန်းအား ကျိန်းသေ သုတ်သင်ပစ်နိုင်မည်ဟု ယုံကြည်ထားလေသည်။

ထို့ကြောင့် ထောက်ရှန်းနှင့် မိတ်ဆွေဖွဲ့ပါက အကျိုးရှိနိုင်ကြောင်း တွေးမိပြီး စိတ်လှုပ်ရှားလိုက်သည်။

အမှန်တော့ သူသည် ဘုရင့်သားဖြစ်ကြောင်း တစ်ပါးသူက သူ၏စကားကို အလေးအနက်မထားဘဲ ပေါ့ပေါ့တန်တန် အဖြေပေးသည်ကို မနှစ်မြို့ခဲ့ပေ။

ထို့ကြောင့် ထောက်ရှန်းကပင် ရယ်ရယ်မောမော စကားပြောလာသောကြောင့် ...

"ခင်ဗျားက သရဲတစ္ဆေလို့ ထင်နေလို့ပါ၊ လူတွေမှန်းသိရင် ကျုပ် ရောက်မလာခင်ကတည်းက အနိုင်ရမှာပါ"

ထောက်ရှန်း ရယ်မောလိုက်သည်။

"ဟုတ်တယ်ဗျို့၊ ကျုပ်ဆရာတွေက သူများစကား မယုံရဘူး ပြောထားပေမယ့် ကျုပ်က သူများပြောသမျှ ယုံပြီး ကြောက်လန့်နေမိတာ အမှားပဲဗျ ... ဟား ဟား ဟား"



ပြောရင်း သဘောကျစွာ ရယ်မောလိုက်လေသည်။ ကျိုရုန်ကိုးက ပြုံးရင်း ...

"ခင်ဗျားက ရှောင်လင်ကျောင်းကလား"

"ဟုတ်ပါတယ်"

"ခင်ဗျားနာမည် ဘယ်သူတုံးဗျ"

"ထောက်ရှန်းလို့ခေါ်ပါတယ်၊ အကျဉ်းချခံထားရတဲ့ ဒဏ်ကျ အဆောင်က ဘုန်းကြီးသုံးပါးရဲ့ အစေအပါးပါဗျာ"

ကျိုရုန်ကိုးက ထောက်ရှန်းဆိုသောနာမည်ကို ဆံပင်နှင့် ဘုန်းကြီးဟု အမိပ္ပာယ်ရကြောင်း သိလိုက်ပါသည်။

သို့သော် ထောက်ရှန်းက ခပ်တည်တည် ပြောလိုက်သောကြောင့် နောက်ပြောင်ခြင်းမဟုတ်ကြောင်း သိလိုက်ပါသည်။

ထောက်ရှန်း၏ အပြုအမူ၊ အပြောအဆိုနှင့်ပတ်သက်၍လည်း အနည်းငယ် သဘောပေါက် နားလည်သလို ရှိလာလေသည်။

ထောက်ရှန်းက ဆက်ပြောလိုက်၏။

"ခင်ဗျား ဘယ်သွားမလို့လဲ၊ ဒီလမ်းအတိုင်း ဆက်သွားရင် ရှောင်လင်ကျောင်းကို ရောက်သွားလိမ့်မယ်"

ကျိုရုန်ကိုး ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် ... ရှောင်လင်ကျောင်းကို သွားမှာပဲ"

ထောက်ရှန်း အံ့ဩသွားပြီး ...

"ရှောင်လင်ကျောင်းကိုသွားမလို့ ... ဟုတ်လား"

"ဟုတ်တယ်"

"ဟာ ... အတော်ပဲ၊ ကျုပ်တို့ရှေ့ဆက်ပြီး အတူတူသွားလို့ရတာပေါ့"

သူတို့ ရှေ့ဆက်ပြောစရာမရှိတော့၍ စကားစဖြတ်လိုက်ကြ၏။

ထို့နောက် လှမ်းမြင်နေရသော ရှောင်လင်ကျောင်းသို့ ခပ်သွက်သွက် လျှောက်သွားကြလေသည်။

မကြာပါချေ။ ရှောင်လင်ကျောင်းတည်ရှိရာ တောင်ကုန်းဘေးအောက်ဘက်သို့ ရောက်လာသည်။

တောင်ပေါ်တက်ရာ လှေကားထစ်တစ်ခုရှိပြီး လှေကားအောက်ခြေတွင် ကျောက်တိုင်တစ်ခု စိုက်ထူထားလေသည်။

ကျောက်တိုင်ပေါ်တွင် ရေးထိုးထားသောစာမှာ ရှောင်လင်ကျောင်းဟူ၍ ဖြစ်ပါသည်။

လှေကားအဆုံးတွင် မုခ်ဝတစ်ခုကို တွေ့ရ၏။



ထောက်ရှန်း ခြေလှမ်းရပ်လိုက်သည်။

တစ်ဖန် တောင်ပေါ်သို့ လက်ညှိုးညွှန်ပြလိုက်ပြီး ...

"ကဲ ... ဒီလှေကားအတိုင်း တက်သွားလိုက်ရင် ရှောင်လင်ကျောင်းပေါ်ကို ရောက်သွားပါလိမ့်မယ်"

ကျိုရန်ကိုး မျက်မှောင်ကြုတ်ကာ ...

"ခင်ဗျားကော မလိုက်ဘူးလား"

"ကျုပ် အပေါ်တက်လို့ မဖြစ်ဘူးဗျ၊ အကြောင်းမရှိဘဲ အပေါ်တက်ရင် အပြစ်ပေးခံရလိမ့်မယ်"

"ဒါဖြင့် ခင်ဗျားက ဘယ်ကိုသွားမှာလဲ"

ထောက်ရှန်းက ဝဲဘက်ရှိ တောလမ်းကလေးအား လက်ညှိုးညွှန်ကာ ...

"ကျုပ် ဒီလမ်းက သွားရလိမ့်မယ်၊ လမ်းဆုံးရင် ကျုပ်နေတဲ့ ဒဏ်ကျအဆောင်ကို ရောက်လာပါလိမ့်မယ်ဗျာ၊ ခင်ဗျားအားရင် ကျုပ်ဆီ လာနိုင်ပါတယ်၊ ကဲ ... ကျုပ်ကို ခွင့်ပြုပါဦး"

ပြောပြီး ကျိုရန်ကိုးနှင့်လမ်းခွဲကာ တောလမ်းလေးအတိုင်း ပြေးသွားလေသည်။

ကျိုရန်ကိုး သက်ပြင်းချလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်လင်ကျောင်းမှ ရိုကျိုကျင်းသိုင်းကျမ်းကို တောင်းယူပြီးအပြန်တွင် ထောက်ရှန်းထံ သွားမည်ဟု ဆုံးဖြတ်လိုက်လေ၏။ ထို့နောက် ရှောင်လင်ကျောင်းပေါ်သို့ လှမ်းတက်လိုက်လေသည်။

အပေါ်ဘက် မုခ်ဝသို့ရောက်သွားလျှင် သူ့အား အသင့်စောင့်ကြိုနေသော ရှောင်လင်ကျောင်းမှ ဘုန်းတော်ကြီးများကို တွေ့လိုက်ရလေတော့သည်။

ဖိတုန်းမှာ ရှောင်လင်ကျောင်းတော်သားများအား သိုင်းပညာသင်ပေးရသောတာဝန်ခံတစ်ယောက် ဖြစ်သည့်အပြင် ပထမအဆင့် ဧည့်ခံကြိုဆိုရေးတာဝန်ခံလည်း ဖြစ်၏။

ဖိတုန်းနှင့် ရှောင်လင်ကျောင်းတော်သားငါးယောက်မှာ ကျိုရန်ကိုး၏ သွားရာလမ်းကို ပိတ်ဆို့ဟန့်တားလိုက်ကြသည်။

ဖိတုန်းသည် ကျိုရန်ကိုး၏လက်တွင်းမှ ဓားကိုမြင်လျှင် မျက်မှောင်ကြုတ်သွားလေသည်။

ထိုဓားမှာ နန်းစဉ်ဓားဖြစ်ကြောင်း သူမ သိသော်လည်း အလွန်ထူးခြားသော ဓားတစ်လက်ဖြစ်ကြောင်း ရိပ်စားမိလေသည်။

မည်သို့ဆိုစေ ကျိုရန်ကိုးမှာ မည်သူမည်ဝါဖြစ်ကြောင်း သူမသိ၍ လက်ဖွေ့ယမ်းပြရင်း ...



"အပေါ်တက်ပြီး ကျောင်းထိုင်ဆရာတော်နဲ့ တွေ့လို့ရပါတယ်၊ ဒါပေမဲ့ ဓားကိုတော့ ထားခဲ့ရမယ်"

ကျိုရန်ကိုး ကြောင်အမ်းအမ်း ဖြစ်သွားပြီး ...

"ဘာဖြစ်လို့ ဓားထားခဲ့ရမှာလဲ"

ဖိတုန်းက ဝဲဘက်သို့ လက်ညှိုးညွှန်ပြလိုက်လေသည်။ ဝဲဘက်တွင် အဆောင်ငယ်တစ်ခု ရှိသည်။ အဆောင်ငယ်ရှေ့တွင် ကျောက်ခုံကလေးများ ရှိနေ၏။ အဆောင်အပေါ်ဘက်တွင် ...

"ရှောင်လင်ကျောင်းပေါ်တက်လျှင် ပါလာသော လက်နက်ဟူသရွေ့ကို ဤနေရာတွင် ထားရစ်ခဲ့ရမည်"

ဟု ရေးသားထားလေသည်။ ဖိတုန်းပြုံးကာ ...

"ဒါဟာ ... ရှောင်လင်ကျောင်းရဲ့ စည်းကမ်းပါပဲ၊ ရှောင်လင်ကျောင်းကို မိတ်ဆွေအဖြစ် ရောက်လာရင် လက်နက်ယူသွားစရာမလိုပါဘူး"

ကျိုရန်ကိုးက ခေါင်းခါယမ်းလိုက်လေသည်။

"ပေးထားခဲ့လို့တော့ မဖြစ်ဘူးဗျ၊ ဒီဓားဟာ ကျုပ်ရဲ့အသက်ပဲ၊ ကျုပ် မသေသရွေ့ ဒီဓားကို ကိုယ်နဲ့မခွာဘူးလို့ သစ္စာဆိုထားတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဖိုတုန်း မဲ့ပြုံးပြုံးကာ ...

"ဓားကိုင်ပြီးတော့ အပေါ်တက်လို့ မဖြစ်ပါဘူး၊ ဒီတော့ လှည့်ပြန်သွားတာ အကောင်းဆုံးပါပဲ"

ကျိုရန်ကိုး အံတင်းတင်းကြိတ်လိုက်ပြီး ...

"ကျုပ် မပြန်ဘူးဆိုရင်ကော"

"လွယ်ပါတယ်၊ ကျုပ်တို့ကို နိုင်အောင်တိုက်ပါ၊ နိုင်ရင် အပေါ်တက်သွားနိုင်ပါတယ်"

ကျိုရန်ကိုး အရှိအသေပေးရင်း ...

"မဖြစ်နိုင်လို့ တိုက်ခိုက်တာ ခွင့်လွှတ်ပါ"

စကားဆုံးလျှင် သူကပင် စတင်တိုက်ခိုက်လေသည်။

သူသည် ဓားကိုလုံးဝ ထုတ်မသုံးသည့်အပြင် လက်တစ်ဖက်တည်းဖြင့် တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

ဖိုတုန်း အမိန့်ပေးလိုက်လျှင် ရှောင်လင်ကျောင်းတော်သားများက ကျိုရန်ကိုးအား ဝိုင်းရံ၍ ပြန်လည်တိုက်ခိုက်လိုက်ကြလေသည်။

ဖိုတုန်းကိုယ်တိုင်လည်း ဝင်၍ တိုက်ခိုက်လိုက်လေသည်။

သို့သော် သိုင်းကွက်သုံးလေးကွက်မျှ တိုက်ခိုက်လိုက်လျှင်



ကျိုရန်ကိုးအား မနိုင်နိုင်ကြောင်း သိသွား၏။ ထို့ကြောင့် အခြေအနေကိုကြည့်ပြီး နောက်ဆုတ်သွားလေ၏။

ရှောင်လင်ကျောင်းတော်သားများနှင့် ကျိုရန်ကိုးတို့ တိုက်ခိုက်နေကြစဉ် တဖြည်းဖြည်းဆုတ်ကာ လှေကားအတိုင်း အပေါ်သို့ ပြေးတက်သွားလေတော့သည်။

✹

ဖိုတုန်း ထွက်ပြေးသွားပြီဖြစ်သည်။

ဖိုတုန်းထွက်ပြေးသွားသောကြောင့် ရှောင်လင်ကျောင်းတော်သားများ စိတ်ဓာတ်ကျဆင်းသွားတော့သည်။

ထိုစဉ် ကျိုရန်ကိုးက လျှပ်တစ်ပြက် တိုက်ခိုက်ရင်း တစ်ယောက်ပြီးတစ်ယောက် သွေးကြောထိုးပိတ်လိုက်လေ၏။

ရှောင်လင်ကျောင်းတော်သားငါးယောက်မှာ သိုင်းပညာမြင့်မားခြင်း မရှိကြပါချေ။

ထို့ကြောင့် တစ်ခဏအတွင်းမှာပင် ငါးယောက်စလုံး သွေး

www.burmeseclassic.com

www.burmeseclassic.com



ကြော ပိတ်ခံလိုက်ရလေသည်။

အားလုံး မလှုပ်နိုင်တော့မှ ကျိုရန်ကိုး သက်ပြင်းချကာ ...

"ကျုပ်ကို ခွင့်လွှတ်ကြပါ"

စကားဆုံးလျှင် ကျောင်းပေါ်သို့ တစ်လှမ်းချင်းလှမ်းတက်သွားလေသည်။ လှေကားထစ်ဆုံးလျှင် ရှောင်လင်ကျောင်းအပေါ်သို့ ရောက်ရှိသွားလေတော့သည်။

✵

ကျိုရန်ကိုး၏ ခြေလှမ်းများ တုံ့ခနဲ ရပ်သွား၏။ ကျောက်လှေကားဆုံး၍ အပေါ်ဘက်သို့ ရောက်လာလျှင် အသင့်စောင့်ကြိုနေကြသော ဘုန်းတော်ကြီးများကို တွေ့လိုက်ရ၏။

ထိုဘုန်းတော်ကြီးများကို ဦးဆောင်သူမှာမူ စည်းကမ်းထိန်းသိမ်းရေးမှူး ဖြစ်လေသည်။

စည်းကမ်းထိန်းသိမ်းရေးမှူးမှာ ဓားကိုင်၍တက်လာသော ကျိုရန်ကိုးကို တွေ့ရလျှင် ဒေါသထွက်သွား၏။



"ရှောင်လင်ကျောင်းပေါ်ကို ဓားကိုင်ပြီးတက်လာရဲတာ ချီးကျူးစရာပဲ"

ပြောပြီးလျှင် လက်ဝှေ့ယမ်းပြလိုက်လေသည်။ ဘုန်းတော်ကြီးများသည် ချက်ချင်းပင် ကျိုရန်ကိုးအား ဝိုင်းရံထားလိုက်ကြ၏။ ယခုတစ်ကြိမ်တွင် ကျော်ဖြတ်ရန် ပိုမိုခက်ခဲလိမ့်မည်ဟု ကျိုရန်ကိုး သဘောပေါက်လိုက်လေသည်။ စည်းကမ်းထိန်းသိမ်းရေးမှူးက ကျိုရန်ကိုးရှေ့သို့ လျှောက်လာပြီး ...

"မင်းရဲ့လက်က ဓားကိုစွန့်ပြီး အောက်ကို မြန်မြန်ပြန်ဆင်းသွားပါ"

"ကျုပ်မဆင်းနိုင်ဘူး၊ ကျောင်းထိုင်ဆရာတော်နဲ့ မတွေ့ရဘဲ ကျုပ် မပြန်ဘူး"

"ကောင်းပြီ၊ ကျောင်းထိုင်ဆရာတော်ဆီကို ခေါ်သွားမယ်၊ ဒါပေမဲ့ မင်းကိုကြိုးနဲ့တုပ်ပြီးတော့မှ ခေါ်သွားမှာ"

ပြောပြီးလျှင် တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။ ထိုစဉ်မှာပင် ...

"ရပ်လိုက်"

ဟန့်တားသံတစ်ချက် ထွက်ပေါ်လာပြီး ရှောင်လင်ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



အဆောက်အအုံအတွင်းမှ အသက်ခြောက်ဆယ်ကျော်ရှိ ဘုန်းတော်ကြီးတစ်ပါး လှမ်းထွက်လာသည်ကို တွေ့လိုက်ရ၏။

ထိုဘုန်းတော်ကြီး၏ မျက်ခုံးမွေးများ ဆွတ်ဆွတ်ဖြူနေပြီး လက်ထဲတွင် တောင်ဝှေးတစ်ချောင်းကို ကိုင်ဆောင်ထား၏။ ထိုဘုန်းတော်ကြီးက စည်းကမ်းထိန်းသိမ်းရေးမှူးကို ကြည့်ကာ ...

"သူ့ကိုလွှတ်လိုက်ဖို့ ကျောင်းထိုင်ဆရာတော် အမိန့်ပေးလိုက်တယ်၊ သူ့ကို လက်ခံတွေ့ဆုံပါမယ်"

စည်းကမ်းထိန်းသိမ်းရေးမှူးက တောင်ဝှေးကိုင်ဆောင်ထားသော ဘုန်းတော်ကြီးအား ဦးညွှတ်လိုက်သည်။

တစ်ဖန် ကျိုရန်ကိုးဘက်သို့ လှည့်ကာ ...

"မင်းသွားနိုင်ပါပြီ"

တောင်ဝှေးကိုင်ဆောင်ထားသော ဘုန်းတော်ကြီးက ခေါင်းညိတ်ပြလိုက်ပြီး ...

"ဒကာကြီး ... ကျုပ်နောက်လိုက်ခဲ့ပါ"

ပြောပြီး ရှေ့မှ လမ်းပြခေါ်ဆောင်သွားလေသည်။ ကျိုရန်ကိုးက ရင်ကော့၍ နောက်မှလိုက်ပါသွားလေ၏။

✹ ✹ ✹



## ကျောင်းထိုင်နှင့်တွေ့ဆုံခြင်း

'ဒေါင်'

မောင်းသံတစ်ချက် ထွက်ပေါ်လာသည်။

တိတ်ဆိတ်ခြောက်သွေ့နေသော ရှောင်လင်ကျောင်း၏ ဘုရားကျောင်းဆောင်မှာ ချက်ချင်းပင် ဘုန်းတော်ကြီးများနှင့် စည်စည်ကားကား ဖြစ်လာလေသည်။

ဘုရားကျောင်းဆောင်၏ တစ်ဖက်ထိပ်တွင် အသက်အရွယ်ကြီးရင့်နေပြီဖြစ်သော ဘုန်းတော်ကြီးတစ်ပါး ထိုင်နေ၏။ ထိုဘုန်းတော်ကြီးနံဘေးတွင် ဂူးအဆင့်ရှိ ဘုန်းတော်ကြီးနှစ်ပါး ခြံရံထားကြလေ၏။

ထိုဘုန်းတော်ကြီးမှာ အလွန်ကျော်ကြားလှသော ရှောင်လင်ကျောင်းထိုင်ဆရာတော် ဖြစ်ပါသည်။

မောင်းသံနှင့် မရှေးမနှောင်းမှာပင် အဆောက်အအုံးသို့

www.burmeseclassic.com

www.burmeseclassic.com



တောင်ဝှေးကိုင်ဆောင်ထားသော ဘုန်းတော်ကြီးတစ်ပါးနှင့် ကျိရန်ကိုးတို့ လှမ်းဝင်လာလေသည်။

ကျိရန်ကိုးမှာမူ ယခုအချိန်အထိ လက်ထဲ၌ ဓားကို တင်းကျပ်စွာ ဆုပ်ကိုင်ထားဆဲ။ တောင်ဝှေးနှင့် ဘုန်းတော်ကြီးက ကျောင်းထိုင်ဆရာတော်အား အရိုအသေပြုကာ ...

"ညွှံသည်ရောက်လာပါပြီ ဆရာတော်"

ကျောင်းထိုင်ဆရာတော် လက်ဝှေ့ယမ်းပြလိုက်သည်။

ထိုအခါ ကျိရန်ကိုးမှာ ခန်းမဆောင်အလယ်တွင် တစ်ယောက်တည်း မားမားမတ်မတ်ရပ်ကာ ကျန်ရစ်ခဲ့၏။

ကျောင်းထိုင်ဆရာတော်က ကျိရန်ကိုးကို အကဲခတ်ကြည့်ရင်း ...

"ဒကာလေး ဘယ်လိုကိစ္စကြောင့် ရှောင်လင်ကျောင်းတော်ကို လာခဲ့ရသလဲ"

ကျိရန်ကိုး ဒူးထောက်ကာ ရှိခိုးလိုက်လေသည်။ ထို့နောက် မတ်တတ်ပြန်ရပ်ရင်း ...

"တပည့်တော်ဟာ တာလိပြည်က မင်းသားတစ်ပါး ဖြစ်ပါတယ်။ တာလိထီးနန်းကို မတရားသိမ်းပိုက်ထားတဲ့လူကို နှိမ်နင်းဖို့



ရိက္ခိုကျင်း သိုင်းကျမ်းခဏာတောင်းရအောင် လာတာပါ"

ကျောင်းထိုင်ဆရာတော် အံ့သြသွားသည်။

ရိက္ခိုကျင်း သိုင်းကျမ်းအား ရှောင်လင်ကျောင်းတော်သားများပင် လေ့ကျင့်ခွင့်မရှိချေ။ ကျောင်းထိုင်ဆရာတော်နှင့် သူ၏ခွင့်ပြုချက် ရရှိထားသူများသာ လေ့ကျင့်သင်ကြားခွင့်ရှိသည်။

ထိုလူများသည် ရှောင်လင်ကျောင်းတော် အခွန့်ရှည်တည်တံ့ရန် အသက်ပေးကာကွယ်ကြမည့်သူများ ဖြစ်၏။

ကျောင်းထိုင်ဆရာတော် သက်ပြင်းချကာ ...

"ဒကာလေး ... ရိက္ခိုကျင်းပညာဟာ အလွန်ခက်ခဲနက်နဲတဲ့ ပညာတစ်ခု ဖြစ်ပါတယ်၊ ဒါကြောင့် လူတိုင်းကို သင်ကြားခွင့်မပေးဘဲ လျှို့ဝှက်ထားပါတယ်၊ ဒကာလေးနဲ့ တောင်းဆိုချက်ကို မလိုက်လျောနိုင်တဲ့အတွက် စိတ်မကောင်းပါဘူး"

ထိုစကားကြားရလျှင် ကျိရန်ကိုး စိတ်ဓာတ်ကျဆင်းသွားလေသည်။

သူသည် ရိက္ခိုကျင်းသိုင်းကျမ်းကိုမရဘဲ ပြန်မသွားနိုင်ပါချေ။ ထို့ကြောင့် တည်ကြည်သောမျက်နှာထားဖြင့် ...

"ရိက္ခိုကျင်းသိုင်းကျမ်းမှ မရရင် တပည့်တော် ရှောင်လင်

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းက ထွက်မသွားနိုင်ပါဘူး”

“ဒကာလေး ... စိတ်အေးအေးထားပါ၊ ရှောင်လင်ကျောင်းရဲ့ ရီကျိုကျင်းပညာလို အစွမ်းထက်မြက်တဲ့ သိုင်းပညာတွေ အများကြီး ရှိပါသေးတယ်ကွယ်၊ လိုက်ရှာရင် တွေ့မှာပါ၊ ဘာကြောင့် စိတ်လိုက်မာန်ပါ လုပ်ချင်ရတာလဲ၊ ရီကျိုကျင်းသိုင်းကျမ်းကို ပေးလို့မဖြစ်လို့ပါ၊ ဖြစ်နိုင်ရင် ပေးလိုက်ပါတယ်ကွယ်”

လိုက်လိုက်လျောလျော ဖျောင်းဖျ နှစ်သိမ့်လိုက်လျှင် ကျိရန်ကိုးတွေဝေသွားသည်။

သို့သော် ရီကျိုကျင်းသိုင်းကျမ်းရမှ နယ်စားကြီး ကုန်းချဲ့ကျန်းကို အနိုင်ရမည်ဟု ကျန်းစုက ပြောကြားခဲ့လေသည်။

ရီကျိုကျင်းသိုင်းကျမ်းကို သူမရမနေ ယူရပေလိမ့်မည်။ ကျိရန်ကိုး ဓားဆွဲထုတ်ကာ ...

“ရီကျိုကျင်းသိုင်းကျမ်းမရဘဲ ကျုပ် ထွက်မသွားဘူး”

ကျောင်းထိုင်ဆရာတော် သက်ပြင်းချလိုက်ပြန်သည်။ ကျိရန်ကိုးအား ဖျောင်းဖျ၍မရတော့မှန်း သဘောပေါက်လိုက်၏။

ထိုစဉ် ကျိရန်ကိုးအား တိုက်ခိုက်ရန် ဘုန်းတော်ကြီးများက ဝိုင်းရံထားကြလေသည်။



ကျောင်းထိုင်ဆရာတော် လက်ဝှေ့ယမ်းပြရင်း ...

“ဝူးတိ”

သူ၏ခေါ်သံကြားရလျှင် တောင်ဝှေးကိုင်ထားသော ဘုန်းတော်ကြီး ရှေ့တိုးထွက်လာပြီး ...

“အမိန့်ရှိပါ ဆရာတော်”

ကျောင်းထိုင်ဆရာတော် စိတ်မကောင်းဟန်ဖြင့် ...

“ဒကာလေးကို မင်းပဲ တာဝန်ယူပြီး အပြင်ဘက်ရောက်အောင် ပို့ပေးလိုက်ပါ”

“အမိန့်အတိုင်းပါ ဆရာတော်”

တောင်ဝှေးကိုင်ထားသော ဘုန်းတော်ကြီးဝူးတိက ကျိရန်ကိုးဘက်ကိုလှည့်ကာ ...

“ကဲ ဒကာလေး ... ကျုပ် နောက်လိုက်ခဲ့ပါ”

ကျိရန်ကိုး ခေါင်းခါယမ်းလိုက်သည်။

“ကျုပ်မလိုက်ဘူး”

“ကောင်းပြီ၊ ကျုပ်ကိုနိုင်အောင် တိုက်နိုင်ရင် ဆက်နေခွင့်ရှိပါတယ်၊ သတိထားပါ ဒကာလေး”

ဝူးတိက တောင်ဝှေးဖြင့် ကျိရန်ကိုးအား စတင်တိုက်ခိုက်

www.burmeseclassic.com

www.burmeseclassic.com



လိုက်လေသည်။

ကျိုရန်ကိုးမှာ ရီကျိုကျင်းသိုင်းကျမ်းကို ရအောင်တောင်းမည်ဟု ဆုံးဖြတ်ထားသောကြောင့် အကြောက်အရွံ့ကင်းမဲ့စွာဖြင့် ပြန်လည်တိုက်ခိုက်လိုက်လေတော့၏။

✿

သိုင်းကွက်တစ်ခု ...။

ဂူးတို့နှင့် ကျိုရန်ကိုးတို့မှာ သိုင်းကွက် တစ်ရာကျော်အထိ တိုက်ခိုက်ကြပြီးဖြစ်သည်။

ဂူးတိသည် ရှောင်လင်ကျောင်းတွင် ပထမတန်းအဆင့်ရှိသော သိုင်းပညာရှင် တစ်ယောက် ဖြစ်၏။

သို့သော် အချိန်ကြာလာသည့်တိုင် ကျိုရန်ကိုးကို အနိုင်မရသေးချေ။ အနိုင်မရသည့်အပြင် သိုင်းကွက်တစ်ရာကျော်လာသော အခါ ရှုံးနိမ့်စပြုလာလေသည်။

ကျောင်းထိုင်ဆရာတော် မျက်မှောင်ကြုတ်သွားသည်။



ဤအတိုင်းဆိုလျှင် မကြာမီ ဂူးတိ ရှုံးနိမ့်တော့မည် ဖြစ်ကြောင်း ရိပ်မိထားလေသည်။ ထိုစဉ် ...

'ခြွင်း'

အသံတစ်ချက် ထွက်ပေါ်လာကာ ဂူးတိလက်ထဲမှ တောင်ဝှေးလွတ်ကျသွား၏။ ဂူးတိလည်း နောက်ဆုတ်သွားလေသည်။

ကျိုရန်ကိုးအား ချီးကျူးသည့် အကြည့်ဖြင့်ကြည့်ကာ ...

"ကျုပ် ... ရှုံးသွားပြီ"

ပြောပြီးလျှင် ကျောင်းထိုင်ဆရာတော်ဘက်သို့ လှည့်လိုက်ပြီး ...

"ခွင့်လွှတ်ပါ ဆရာတော်"

ကျောင်းထိုင်ဆရာတော် ခေါင်းညိတ်လိုက်သည်။ တစ်ဖန် ကျိုရန်ကိုးကိုကြည့်ကာ ...

"ဒကာလေးရဲ့ သိုင်းပညာ မဆိုးပါဘူး၊ ဒါပေမဲ့ ... ရှောင်လင်ကျောင်းရဲ့ ရီကျိုကျင်းသိုင်းကျမ်းရဖို့ မလွယ်ပါဘူး၊ ထွက်သွားပါတော့ကွယ်"

ကျိုရန်ကိုး ခေါင်းခါယမ်းလိုက်ပြီး ...

"တပည့်တော် ရီကျိုကျင်းသိုင်းကျမ်းမရလို့ ထွက်မသွားနိုင်

www.burmeseclassic.com

www.burmeseclassic.com



ပါဘူး၊ နောက်ဆုံး အခြေအနေရောက်ရင် ရှောင်လင်ကျောင်းမှာ ရှိ သမ္ဗုပုဂ္ဂိုလ်တွေကို အကုန်လုံး တိုက်ခိုက်အနိုင်ယူပြီး အရယူရမှာ ဖြစ်ပါတယ်"

သူက ပြတ်ပြတ်သားသား စိန်ခေါ်လိုက်ခြင်းဖြစ်သည်။ ကျောင်းထိုင်ဆရာတော်က ပြုံးရုံသာပြုံးလိုက်သည်။

"ကောင်းပြီလေ၊ ကျုပ်တို့ ရှောင်လင်ကျောင်းက 'ရဟန်းသိုင်း' တီထွင်ထားပါတယ်၊ ဒကာလေး အနိုင်ရရင် ရိုကျိုကျင်း သိုင်းကျမ်း ပေးလိုက်ပါ့မယ်ကွယ်"

ပြောပြီး လက်ဖွေ့ယမ်းပြလိုက်သည်။

ခန်းမဆောင်အတွင်း ကျိုရန်ကိုးအား ဝိုင်းရံထားကြသော ဘုန်းတော်ကြီးများ ချက်ချင်းနောက်ဆုတ်ကာ ထွက်ခွာသွားကြ၏။

တစ်ခဏအတွင်း ကြက်ပျောက်ငှက်ပျောက် ပျောက်ကွယ်သွားကြလေသည်။ ကျိုရန်ကိုး အံ့သြနေစဉ်မှာပင် ...

"ကျား"

ဆူညံသော ဩသံများ ထွက်ပေါ်လာပြီးလျှင် ရှောင်လင်ကျောင်းတော်သားများ ပြေးဝင်လာကြသည်ကို တွေ့ရ၏။

သူတို့သည် ခန်းမဆောင်အတွင်းသို့ရောက်လျှင် ကျိုရန်ကိုး



ကို ဝိုင်းရံထားကာ ကိုယ်နေဟန်ထားအမျိုးမျိုးဖြင့် သိုင်းကွက်ဆင်လိုက်ကြလေသည်။ ကျောင်းထိုင်ဆရာတော်က ...

"ရဟန်းသိုင်းမှာ ပါဝင်တဲ့ ကျောင်းသားတစ်ရာ့ရှစ်ယောက်တိတိ ရှိတယ်၊ သူတို့ဟာ တစ်ယောက်ချင်း သိုင်းပညာ ထူးချွန်ကြသလို စုပေါင်းတိုက်ခိုက်နိုင်တယ်၊ ခုခံနိုင်တယ်၊ သူတို့ကို တစ်ယောက်ချင်း ဘယ်တော့မှ ရင်ဆိုင်လို့မရဘူး၊ တစ်ရာ့ရှစ်ယောက်စလုံးက တစ်ပြိုင်နက် တိုက်ခိုက်မယ်၊ တစ်ပြိုင်နက် ခုခံမယ်၊ ဒကာလေးရဲ့ ခွန်အားနဲ့ တစ်ရာ့ရှစ်ယောက်ရဲ့ ခွန်အားက ကွာခြားလှပါတယ်၊ ဒကာလေး စဉ်းစားပါဦး"

ကျိုရန်ကိုး ဝိုင်းရံထားသော သူများအား အကဲခတ်ကြည့်လိုက်လေသည်။ ဝိုင်းရံထားသူများသည် တချို့က မားမားမတ်မတ်ရပ်နေကြသည်။ တချို့က ထိုင်နေကြသည်။

တချို့က ကြမ်းပြင်ပေါ်တွင် လဲလျောင်းနေကြသည်။

အချို့မှာမူ ခါးကုန်းကာ လက်နှစ်ဖက် ကြမ်းပြင်နှင့် ထိထားကြလေသည်။ ထိုလူများသည် ကျိုရန်ကိုးအား စက်ဝိုင်းပုံသဏ္ဌာန် အထပ်ထပ် ဝိုင်းရံထားကြခြင်းဖြစ်သည်။

ကျိုရန်ကိုး သက်ပြင်းချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့သော် အခက်အခဲမဆို ရင်ဆိုင်ရန် ဆုံးဖြတ်ချက် ချပြီးချေပြီ။

ထို့ကြောင့် ကျောင်းထိုင်ဆရာတော်ဘက်လှည့်ကာ ...

"တပည့်တော် ရင်ဆိုင်ဖို့ ဆုံးဖြတ်ပြီးပါပြီ"

"ကောင်းပြီလေ၊ ဒကာလေး အနိုင်ရရင် ရိက္ခာကျင်း သိုင်း ကျမ်းပေးလိုက်ပါ့မယ်၊ တကယ်လို့ ရှုံးနိမ့်သွားရင်ကော"

ကျိုရန်ကိုးက အံကြိတ်ကာ ...

"ကျုပ်ရှုံးရင် ကြိုက်သလိုလုပ်ပါ၊ ဒါပေမဲ့ ... ကျုပ် ဘယ် တော့မှ ရှုံးမှာ မဟုတ်ဘူး"

စကားဆုံးလျှင် အနီးဆုံးလူသား လျှပ်တစ်ပြက် ဝင်ရောက် တိုက်ခိုက်လေ၏။

သူက တိုက်ခိုက်လိုက်သည်နှင့် ရှောင်လင်ကျောင်းတော် သားများ ချက်ချင်းပုံသဏ္ဌာန် အမျိုးမျိုးပြောင်းလဲလိုက်ကြသည်။

ကျိုရန်ကိုးနှင့် အနီးဆုံးရှိနေသူမှာ ချက်ချင်း နောက်ဆုတ် သွားကာ အဝေးဆုံးသို့ ရောက်သွားပြီး အဝေးဆုံးလူက အနီးဆုံးသို့ ရောက်လာသည်။

တစ်ဆက်တည်းပင် သူဝင်ငါထွက် ရှောင်တိမ်းလိုက်၊ တိုက်



ခိုက်လိုက် စသည် စသည်ဖြင့် တရကြမ်း ပြန်လည်တိုက်စစ်ဆင်လေ တော့သည်။

ကျိုရန်ကိုး မျက်လုံးပြူးသွား၏။ တိုက်ပွဲစပြီး တစ်ခဏ အကြာတွင် ကျိုရန်ကိုးမှာ ရှောင်လင်ကျောင်းတော်သားများ အလယ် တွင် ပြေးပေါက်မရှိ ပိတ်မိသွားလေတော့သည်။

✿

ဒဏ်ကျဆောင်ရှေ့တွင် ဆူဆူညံညံအသံများ ထွက်ပေါ် လာသည်။ တစ်ဆက်တည်းမှာပင် ...

"တံခါးဖွင့်စမ်း"

တံခါးခေါက်သံများ ထွက်ပေါ်လာလေသည်။ ဘုန်းကြီး သုံးပါးတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြ၏။ အူး ကျန်းက မကျေမနပ်ဖြင့် ...

"ဒီလူတွေ ဘာလာလုပ်ကြတာလဲ"

အူးကျားက ...

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ဖြစ် တို့ကိုလာပြီး အနှောင့်အယှက်ပေးတာ ထွက်ပြီး ဆုံးမရရင်ကောင်းမယ်"

အူးတိက လက်ကာပြလိုက်ပြီး ...

"စိတ်လိုက်မာန်ပါ လုပ်လို့ဖြစ်မလား၊ ကျုပ်တို့ဟာ နှစ်ပေါင်း နှစ်ဆယ် အကျဉ်းကျခံရတာဆိုတာ မမေ့နဲ့ဒေနှာ၊ နောက်ထပ် အပြစ်ဒဏ် အကျမခံချင်စမ်းပါနဲ့ဗျာ"

ပြောပြီး တံခါးဖွင့်ပေးလိုက်သည်။ တံခါးပွင့်သွားလျှင် ဖိတုန်းနှင့် ရှောင်လင်ကျောင်းသားတစ်စု လှမ်းဝင်လာကြသည်။

သူတို့သည် လက်နက်ကိုယ်စီ ကိုင်ဆောင်ထားကြ၏။ အတွင်းဘက်သို့ရောက်လျှင် ဖိတုန်းက အသံကျယ်လောင်စွာဖြင့် ...

"ထောက်ရှန်းကို ထုတ်ပေးပါ၊ ထောက်ရှန်းရဲ့ မိတ်ဆွေတွေ ရှောင်လင်ကျောင်းပေါ်မှာ လာပြီး ရမ်းကားနေတယ်၊ ဒါကြောင့် သူ့မှာ အပြစ်ရှိတယ်"

ထိုစကားကြားရလျှင် ဘုန်းတော်ကြီးသုံးပါးတို့ မျက်လုံးပြူးကျယ်သွားကြလေသည်။ အူးကျားက မကျေမနပ်ဖြင့် ...

"ထောက်ရှန်းမှာ ဘယ်မှာမိတ်ဆွေရှိလို့လဲ၊ သူ့မှာ မိတ်ဆွေရှိတယ်ပဲထားပါဦး၊ သူ့မိတ်ဆွေရမ်းကာတာနဲ့ ဘာဆိုင်လို့လဲ"



ဖိတုန်း မဲ့ပြုံးပြုံးလိုက်ပြီး ...

"သူခေါ်လာတာ"

"ဘာ ... ထောက်ရှန်းခေါ်လာတာ ဟုတ်လား"

"ဟုတ်တယ်"

အူးတိ ချာခနဲလှည့်ကာ အတွင်းဘက်သို့ လှမ်းဝင်သွားလေသည်။ သူပြန်ထွက်လာသောအခါ ထောက်ရှန်းလည်း ပါလာလေသည်။ အူးတိက ထောက်ရှန်းကို ပခုံးပုတ်လိုက်ပြီး ...

"သူတို့က မင်းမှာ အပြစ်ရှိတယ်လို့ ပြောနေကြတယ်"

"ကျုပ်မှာ အပြစ်မရှိပါဘူး"

"ကောင်းပြီ၊ မင်းမှာ အပြစ်မရှိဘူးလို့ ယုံကြည်ရင် မင်း မှန်တယ်ထင်တာ လုပ်နိုင်တယ်"

ပြောပြီး ထောက်ရှန်းကို ရှေ့သို့ တွန်းပို့လိုက်လေသည်။ အူးတိ၏စကားကို ထောက်ရှန်းက ကောင်းစွာ နားလည်သဘောပေါက်ထားပါသည်။ ကိုယ်မှန်တယ်ထင်ရင် ဖိတုန်းတို့ကို လုံးဝ ဂရုစိုက်စရာမလိုပါ။ အကယ်၍ ဖိတုန်းက တိုက်ခိုက်လာလျှင် ပြန်လည် တိုက်ခိုက်နိုင်သည်ဟု ခွင့်ပြုလိုက်ခြင်းပင် မဟုတ်ပါလား။

ဘုန်းတော်ကြီးနှစ်ပါးကလည်း အူးတိ၏စကားကို ကောင်း

www.burmeseclassic.com

www.burmeseclassic.com



ညိတ်ကာ ထောက်ခံလိုက်ကြလေသည်။ ထောက်ရှန်းက ခပ်တည်တည်ပင် ဖိတုန်းရှေ့သို့ လျှောက်သွားသည်။

ဖိတုန်းကို အထင်သေးစွာ ကြည့်ရင်း ...

"ခင်ဗျား ဘာလာရှုပ်ပြန်ပြီလဲ၊ သရဲမခြောက် လူတွေ ဟန်ဆောင်ခြောက်နေတာကို ကြောက်လန့်ပြီး ထွက်ပြေးတယ်၊ ကျုပ်ကို တောင် ထားခဲ့တယ်၊ အခုပြောစမ်း ... ကျုပ်ကို ဘာလာအပြစ်ရှာတာလဲ"

ဖိတုန်း မျက်နှာပျက်သွားလေသည်။ အံကို တင်းတင်းကြိတ်ရင်း ...

"မင်းနဲ့အတူပါလာတဲ့ ကျိရန်ကိုးဆိုတဲ့လူဟာ ရှောင်လင်ကျောင်းကိုလာပြီး စော်ကားနေတယ်၊ ကျိရန်ကိုးကို ခေါ်လာတဲ့အတွက် မင်းမှာ အပြစ်ရှိတယ်၊ မင်းကို ဖမ်းရလိမ့်မယ်"

ထောက်ရှန်း ရင်ထိတ်သွားသည်။

ကျိရန်ကိုးသည် လူကောင်းတစ်ယောက် ဖြစ်သည်ဟု ယုံကြည်ထား၏။ ရှောင်လင်ကျောင်းကို အဘယ်ကြောင့် လာ၍ရမ်းကားရမည်နည်း။

ထောက်ရှန်း ပခုံးတွန့်လိုက်ပြီး ...



"ကျုပ်ပြန်လာတော့ သူက ရှောင်လင်ကျောင်းကို လာတာနဲ့ လမ်းကြုံပြီး လိုက်လာတာ၊ ကျုပ်မှာ ဘာအပြစ်ရှိသလဲဗျ"

အမှန်ဆိုရလျှင် ကျိရန်ကိုးနှင့် ထောက်ရှန်းတို့ သက်ဆိုင်ခြင်းမရှိကြောင်း ဖိတုန်း ရိပ်မိထားပါသည်။ သို့သော် ထောက်ရှန်းကို အပြစ်မရှိ အပြစ်ရှာလိုသောကြောင့် ...

"ဘာပဲဖြစ်ဖြစ်၊ မင်း အဖမ်းခံရလိမ့်မယ်"

ထောက်ရှမ်းသည် အကျဉ်းချခံထားရမည်ကို အလွန်ကြောက် ရွံ့လေသည်။ ထို့ကြောင့် ခေါင်းတွင်တွင်ခါယမ်းကာ ...

"ကျုပ် အဖမ်းမခံနိုင်ဘူး"

"ကောင်းပြီ၊ အမိန့်ကို လွန်ဆန်တဲ့အတွက် အပြစ်ပိုကြီးတယ်၊ သူ့ကိုဖမ်းလိုက်ကြစမ်း"

ယင်းသို့ အမိန့်ပေးလိုက်လျှင် လက်နက်ကိုယ်စီကိုင်ဆောင်ထားကြသော ရှောင်လင်ကျောင်းတော်သားများ ထောက်ရှန်းကို ဝင်၍ တိုက်ခိုက်ကြလေသည်။

အများနှင့် တစ်ယောက်ဖြစ်နေ၍ အူးကျန်း ဝင်ကူရန် ဟန်ပြင်လိုက်လေသည်။ အူးကျားက လက်ကာပြရင်း ...

"ခင်ဗျားတို့ ဝင်ကူရင် နောက်ထပ် အပြစ်ဒဏ်ကျမယ်"

www.burmeseclassic.com

www.burmeseclassic.com



အူးကျန်းတို့ အသာငြိမ်နေလိုက်ကြရ၏။

ထောက်ရှန်း၏ပညာကိုလည်း သူတို့ ယုံကြည်[illegible]းသော ကြောင့် အူးကျားနှင့် အတိုက်အခံမလုပ်ကြခြင်း ဖြစ်လေသည်။

အူးကျန်းတို့ တိုက်ပွဲအတွင်းသို့ ဝင်မပါရသည်ကို တွေ့ရလျှင် ဖိတုန်းက တဟားဟား ရယ်မောလိုက်လေသည်။

ထို့နောက် ထောက်ရှန်းထံသို့ ခုန်ဝင်တိုက်ခိုက်လိုက်လေ တော့သည်။

✿

တိုက်ပွဲပြင်းထန်နေ၏။

ရှောင်လင်ကျောင်းတော်သား တစ်ရာ့ရှစ်ယောက်မှာ သိုင်း ကွက်အမျိုးမျိုးဆင်ကာ ကျိုရန်ကိုးအား တိုက်ခိုက်နေလေသည်။

ကျိုရန်ကိုး မည်သို့ပင် ထိုးဖောက်ထွက်သော်လည်း လွတ် မြောက်သွားနိုင်ခြင်း မရှိချေ။ နောက်ဆုံး ကြိုးစားသည့်အနေဖြင့် အပေါ်သို့ ခုန်တက်လိုက်သည်။



ထိုစဉ် ရှောင်လင်ကျောင်းတော်သားများ အချင်းချင်း တစ် ယောက်နှင့်တစ်ယောက် ခုန်တက်လိုက်ကြ၏။

ဒုတိယလူက ပထမလူ၏ ခြေထောက်ကို လက်နှစ်ဖက်ဖြင့် သိမ်းကျုံးဖက်ထားလိုက်သလို တတိယလူက ဒုတိယလူ၏ခြေ ထောက်ကို ဖက်ထားလိုက်သည်။

တစ်ဖန် စတုတ္ထခုန်တက်သူက တတိယလူ၏ ခြေထောက် ကို ဖက်ထားလိုက်ပြန်၏။

ယင်းသို့ တစ်ယောက်ခြေထောက်တစ်ယောက် ဖက်ထား ခြင်းဖြင့် အလွန်ရှည်လျားသော လူတန်းကြီး ဖြစ်လာ၏။

ရှေ့ဆုံးမှလူသည် အပေါ်ဘက်သို့ ခုန်တက်ပြီး ကျန်လူများ တန်းစီဖက်တွယ်ခြင်းဖြင့် အပေါ်တွင် ရပ်တည်၍ နေနိုင်စွမ်း ရှိခဲ့လေ သည်။

အောက်တွင် ကျန်ရစ်ခဲ့သူများက အပေါ်ဘက်မှလူများ ပြုတ်မကျအောင် ထိန်းပေးထားကြ၏။

လူလှေကားနှင့်ပမာ တူလှပေသည်။

ကျိုရန်ကိုး အပေါ်သို့ ခုန်တက်မိလျှင် အသင့်စောင့်နေသော ရှောင်လင်ကျောင်းတော်သားများနှင့် ရင်ဆိုင်တွေ့လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ရှောင်လွှဲမရဘဲ လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

ထိုလူကလည်း ပြန်လည်ရိုက်ချလိုက်၏။

ထိုလူမှာ ပထမဆုံးလူဖြစ်ပြီး နောက်မှ ခြေထောက်ဖက်ထားကာ ချိတ်ဆက်ထားသော ကျန်လူများ၏ ပို့ဆောင်သော အတွင်းအားကို အသုံးပြုကာ ခုခံလိုက်ခြင်း ဖြစ်ပါသည်။

လက်ဝါးနှစ်ခုတို့ တွေ့သွားမိလျှင် ပြင်းထန်သော လက်ဝါးအားကို ကျိုရန်ကိုး မခံနိုင်တော့ပါ။

"အွန့်"

မသဲမကွဲ ညည်းညူလိုက်ပြီး ကြမ်းပြင်ပေါ်သို့ ဝုန်းခနဲပြုတ်ကျသွား၏။ လူတခြား၊ ဓားတခြား လွင့်စဉ်ကာ ရှုံးနိမ့်သွားလေတော့သည်။

ရှောင်လင်ကျောင်းတိုင်ဆရာတော် သက်ပြင်းချကာ ...

"သူ့ကို ချုပ်ထားလိုက်ပါ"

ချက်ချင်းပင် ဘုန်းတော်ကြီးနှစ်ပါး ထွက်လာပြီး ကျိုရန်ကိုးအား ဖမ်းချုပ်လိုက်လေသည်။ ထို့နောက် ခန်းမဆောင်အတွင်းမှ ခေါ်ထုတ်သွားကြလေတော့သည်။

✿



ထောက်ရှန်းမှာ အများနှင့်တစ်ယောက် တိုက်ခိုက်နေရလေသည်။

သို့သော် ထောက်ရှန်းက လုံးဝ ဂရုမစိုက်ဘဲ ပြင်းပြင်းထန်ထန် ပြန်လည်၍ တိုက်ခိုက်လိုက်လေသည်။

ဖိတုန်းက ...

"ထောက်ရှန်း ... မင်းဟာ ကျိုရန်ကိုးကို ခေါ်လာတာက တစ်ပြစ်၊ ခု ... ငါတို့ကို ပြန်လည်ခုခံတာက တစ်ပြစ်၊ မင်းအပြစ်တွေ မနည်းတော့ဘူး"

"ငါ့မှာ ဘာအပြစ်မှမရှိဘူး ဖိတုန်း"

ဖိတုန်းက မဲ့ပြုံးပြုံးလိုက်ပြီး ...

"မင်း ... ခုမှ ကြောက်မနေပါနဲ့"

"ဟေ့ ဖိတုန်း ... မင်း ဘာမှပြောမနေနဲ့၊ ငါ့ကိုနိုင်အောင် တိုက်နိုင်ရင်တိုက်"

ဖိတုန်းက ရှောင်လင်ကျောင်းတော်သားများအား လှည့်၍ အမိန့်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို အသေသတ်လိုက်"

ဖိတုန်းက အမိန့်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် ...

"ကျား"

ဩသံပေးကာ အစုလိုက်အပြုံလိုက် ဝင်ရောက်လာကြလေသည်။

ထောက်ရှန်းက ရိုကျိုကျောင်းမှ အားပြောင်းအားလွှဲပညာကို အသုံးချကာ ပြန်လည်၍တိုက်ခိုက်သည်နှင့် ...

"အား"

"အွန့်"

လဲသူလဲ အော်သူအော်နှင့် အလဲလဲအကွဲကွဲ ဖြစ်ကုန်ကြသည်။ ဖိတုန်းသည် အခြေအနေမဟန်မှန်း သိလိုက်သည်နှင့် တစ်ချိုးတည်း ထွက်ပြေးသွားလေသည်။

ဖိတုန်းမရှိတော့သည့်အတွက် ကျန်လူများလည်း ထွက်ပြေးကြပြန်သောကြောင့် ပြန်လည်၍ တိတ်ဆိတ်သွားလေသည်။

ဖိတုန်းမှာ ရှောင်လင်ကျောင်းအဝင်ဝ ခေ့ွခံကြိုဆိုရေးနေရာတွင်ရှိနေစဉ် ကျိုရန်ကိုးနှင့် ထောက်ရှန်းတို့ အတူတွဲလာခဲ့သည်ကို အပေါ်စီးမှ တွေ့မြင်ခဲ့ပါသည်။



ထို့ကြောင့် တမင်သက်သက် အပြစ်ရှာကာ ထောက်ရှန်းကို သုတ်သင်ရန် ကြိုးပမ်းခြင်း ဖြစ်လေသည်။

✿

အူးကျန်း၊ အူးတိနှင့် အူးကျားတို့ မျက်နှာပျက်နေကြသည်။ ထောက်ရှန်းကို ကရုဏာသက်စွာ ကြည့်နေကြလေသည်။

ထောက်ရှန်း မျက်မှောင်ကြုတ်သွားကာ ...

"ဆရာတို့ ဘာများဖြစ်နေကြလို့လဲ"

အူးတိ ထိတ်လန့်ကြောက်ရွံ့သောလေသံဖြင့် ...

"ထောက်ရှန်း ... မင်း ဒီမှာ ဆက်နေလို့ မဖြစ်တော့ဘူး၊ ကျောင်းထိုင်ဆရာတော်ရောက်လာရင် မင်းကိုဖမ်းပြီး အကျဉ်းချထားလိမ့်မယ်"

ထောက်ရှန်း မျက်လုံးပြူးသွားလေသည်။

"ဒုက္ခပဲ ... ကျုပ် ဘယ်လိုလုပ်ရမလဲဟင်"

အူးတိ စကားမပြောနိုင်ဘဲ ဖြစ်သွားသည်။ အတန်ကြာမှ သက်ပြင်းချကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ အဖမ်းခံရမယ့်အတူတူ မင်းထွက်ပြေးတာ ပိုကောင်းလိမ့်မယ်"

အူးကျန်းနှင့်အူးကျားတို့ ခေါင်းညိတ်လိုက်ကြသည်။

"ဟုတ်တယ် ဟုတ်တယ် … မင်းမြန်မြန်သွားတော့၊ မင်းတတ်တဲ့ပညာနဲ့ သိုင်းလောကမှာ ကျင်လည်ကျက်စားလို့ ရပါတယ်၊ တို့လည်း မကြာခင် အကျဉ်းချခံရတာက လွတ်တော့မယ်၊ မင်းကိုလာတွေ့နိုင်မှာပါ"

ထောက်ရှန်း ဝမ်းသာသွားသည်။ သူ၏ဆရာများဖြစ်သောဘုန်းတော်ကြီးသုံးပါးအား ဒူးထောက်ရှိခိုးကာ …

"ကျုပ်ကို ခွင့်ပြုကြပါ၊ ကျုပ် ဆရာတို့ကို စောင့်နေမယ်"

ပြောပြီး ချက်ချင်းထွက်ပြေးသွားရန် ဟန်ပြင်လိုက်၏။

သူသည် ဆရာများနှင့် ခွဲသွားရမည်ကို စိတ်မကောင်းဖြစ်မိသော်လည်း ရှောင်လင်ကျောင်းတွင် တစ်သက်လုံး နေထိုင်ရမည့်အစား သိုင်းလောကသို့ လှည့်လည်သွားလာလိုပေသည်။

ထို့ကြောင့် ချက်ချင်းပြေးထွက်သွားရန် ဟန်ပြင်လိုက်၏။

ထိုစဉ် အူးတိက တစ်စုံတစ်ခုကိုသတိရလာသည့်အလား …

"ထောက်ရှန်း … ခဏနေဦး"



ပြောပြီး အတွင်းဘက်သို့ ပြေးဝင်သွားသည်။ သူ ပြန်ထွက်လာသောအခါ အထုပ်ကလေး တစ်ထုပ်ပါလာလေသည်။

အထုပ်ကလေးကို ထောက်ရှန်းထံသို့ ပစ်ပေးလိုက်ပြီး …

"ဒီအထုပ်ဟာ မင်းရဲ့ပစ္စည်းပါ၊ မင်း ပြန်ယူသွားပါ"

ထောက်ရှန်း အထုပ်ကလေးကို ဖမ်းယူကာ သေချာစွာသိမ်းဆည်းထားလိုက်၏။ ထို့နောက် တစ်ခဏအတွင်း ဒဏ်ကျဆောင်အတွင်းမှ ခုန်ပေါက်ပြေးထွက်သွားလေသည်။

အူးတိပေးလိုက်သော အထုပ်ကလေးမှာ ဘုရင့်အမိန့်တံဆိပ်တုံးအား ပဝါဖြင့်ထုပ်ထားသော အထုပ်ကလေးဖြစ်ပါသည်။

ဒဏ်ကျဆောင်မှာ အနောက်ဘက်တွင် ကျန်ခဲ့ပြီ ဖြစ်သည်။ ထောက်ရှန်းက ခပ်သွက်သွက်ပြေးထွက်ခဲ့ရင်း လမ်းတွင် တစ်စုံတစ်ရာ စဉ်းစားမိလာ၏။

ကျိုရန်ကိုးမှာ သရဲခြောက်သောအိမ်တွင် သူ့ကို ကယ်တင်ခဲ့သည်။ ယခု ရှောင်လင်ကျောင်းတော်ပေါ်တွင် ဒုက္ခရောက်နေသည်မှာ ကျိန်းသေ၏။

ဖိတုန်း သူ့ထံသို့ရောက်လာခြင်းမှာ ကျိုရန်ကိုးကို ရှောင်လင်ကျောင်းမှ အနိုင်ယူလိုက်နိုင်၍သာ ရောက်လာခြင်း ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထောက်ရှန်းမှာ အလိုလိုနေရင်း ကျိုရန်ကိုးအား ကယ်တင်လိုစိတ်များ ဖြစ်ပေါ်လာ၏။

ထို့ကြောင့် သူ၏ခြေလှမ်းများအား ရှောင်လင်ကျောင်းဘက်သို့ ပြန်လှည့်လိုက်လေတော့သည်။

ကျိုရန်ကိုး အဖမ်းခံလိုက်ရချေပြီ။

ရှောင်လင်ကျောင်းပေါ်သို့ ခြေချမိလျှင် ကျိုရန်ကိုး အဖမ်းခံရသောသတင်း ကြားလိုက်ရလေသည်။

ထောက်ရှန်း မနေနိုင်ဘဲ ချက်ချင်းပင် အချုပ်သားများထားရာ အဆောင်ဘက်သို့ ပြေးထွက်လာခဲ့သည်။

လမ်းတွင် ဘုန်းတော်ကြီးများနှင့် တွေ့သော်လည်း သူ့အားမည်သူမျှ ရန်မပြုကြချေ။ ထောက်ရှန်း အံ့သြသွားပြီး အချုပ်ဆောင်ဘက်သို့ ခပ်သွက်သွက် လျှောက်သွားလေ၏။

အချုပ်ဆောင်မှ အစောင့်အကြပ်များ စစ်ဆေးမေးမြန်းခြင်းမပြုဘဲ လက်ပိုက်ကြည့်နေကြလျှင် သူက ရယ်ပြလိုက်ပြီး အတွင်းဘက်သို့ ပြေးဝင်ခဲ့လေသည်။

ရှောင်လင်ကျောင်း၏ အချုပ်ဆောင်တွင် အကျဉ်းသားအလွန်နည်းပါးလှသည်။



ထို့ကြောင့် တစ်ခဏအတွင်းမှာပင် ကျိုရန်ကိုးအား ဖမ်းဆီးချုပ်ထားသည့်နေရာသို့ ရောက်အောင် သွားနိုင်ခဲ့၏။

ကျိုရန်ကိုးအား ချုပ်နှောင်ထားသည့် အခန်းမှာ တံခါးဖွင့်ထားလေသည်။

ထောက်ရှန်း လှမ်းဝင်သွားလျှင် အတွင်းဘက်မှ စကားသံများ ထွက်ပေါ်နေသည်ကို ကြားလိုက်ရ၏။

"သူဟာ တာလိဘုရင့်သားတော်ဆိုတာ သေချာရဲ့လား"

"သေချာပါတယ်၊ သူကိုယ်တိုင် ဖွင့်ပြောတာပဲ"

"ဒါဆို ... ပျောက်ဆုံးနေတဲ့ သားတော်တစ်ယောက်ပေါ့"

"ဟုတ်တယ်"

"ဒါဖြင့် သူ့ကို သုတ်သင်ပစ်လိုက်တာပေါ့၊ ပြီးရင် ကုန်းချဲ့ကျန်းကို အကြောင်းကြားမယ်၊ သူ့ဆီက ဆုလာဘ်တွေ ရဦးမှာပဲ"

ထိုစကားများကြားရလျှင် ထောက်ရှန်း မျက်လုံးပြူးကျယ်သွားသည်။ အတွင်းဘက်မှလူများ ကျိုရန်ကိုးအား သတ်ရန် ကြံစည်နေကြသည် မဟုတ်ပါလား။

"မလုပ်နဲ့"

ထောက်ရှန်း ဟန့်တားရင်း ပြေးဝင်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အတွင်း၌ ကျိုရန်ကိုးကို ကြိုးဖြင့် တုပ်နှောင်ထားသည်ကို တွေ့ရ၏။

ကျိုရန်ကိုး၏ နံဘေးတွင် လူနှစ်ယောက်ရှိနေပါသည်။

ထိုလူနှစ်ယောက်မှာ ဖိတုန်းနှင့် ဇွေဇွေတို့ပင် ဖြစ်ကြလေသည်။

ဇွေဇွေ ရှောင်လင်ကျောင်းပေါ်သို့ တက်လာနိုင်ခြင်းသည် ဖိတုန်း၏ လက်ချက်ဖြစ်ရမည်ဟု ထောက်ရှန်း ရိပ်မိလိုက်၏။

သူသည် အခြေအနေကို နားလည်သဘောပေါက်လာသည်။

ဖိတုန်းသည် သရဲခြောက်သည်ကို နှိမ်နင်းရန်ဟု အကြောင်းပြကာ သူ့အားသတ်ရန် ခေါ်သွားခဲ့သည် မဟုတ်ပါလား။

ထောက်ရှန်း ဒေါသခြောင်းခြောင်း ထွက်လာသည်။

"လူယုတ်မာ ... ခင်ဗျားက အကျင့်ပျက်တဲ့လူကိုး၊ သေပေတော့"

ကြိုးဝါးရင်း တရကြမ်း တိုက်ခိုက်လိုက်လေသည်။

ဖိတုန်းမှာ အခြေအနေမဟန်မှန်း သဘောပေါက်လျှင် ခုခံတိုက်ခိုက်ခြင်းမပြုဘဲ ထွက်ပြေးသွားလေသည်။



သို့သော် ဇွေဇွေကမူ ပြန်လည်ခုခံလိုက်၏။

ထို့ကြောင့် ထောက်ရှန်း၏လက်ဝါးတစ်ချက် သူ့အား ထိထိမိမိ ရိုက်ချမိသွား၏။

'ဝုန်း'

ဇွေဇွေ အသံပင်မထွက်နိုင်တော့ပါ။ ကြမ်းပြင်ပေါ် လဲကျသေဆုံးသွားလေသည်။

ထောက်ရှန်းက ဖိတုန်းနောက်သို့ မလိုက်တော့ပါ။

ကြာကြာဆက်နေလို့ မဖြစ်မှန်းသိသဖြင့် ကျိုရန်ကိုးအား ကြိုးဖြည်ပေးကာ နန်းစဉ်ဓားကို လှမ်းပေးပြီးလျှင် နှစ်ယောက်သား လျှင်မြန်စွာ ပြေးထွက်ခဲ့ကြလေတော့သည်။

ရှောင်လင်ကျောင်း၏ မြေကွက်လပ်ပေါ်တွင် ရှောင်လင်ကျောင်းသား တစ်ရာ့ရှစ်ယောက်ရှိလေသည်။

သူတို့သည် ကိုယ်နေဟန်ထားအမျိုးမျိုးဖြင့် ထောက်ရှမ်းနှင့်ကျိုရန်ကိုးတို့အား စောင့်ကြည့်နေကြ၏။

သူတို့အား တွေ့လျှင် ကျိုရန်ကိုး ရင်လေးသွားသည်။

ထောက်ရှန်းကိုကြည့်ကာ ...

"ကျုပ်တို့ လွတ်ဖို့မလွယ်ဘူးဗျ၊ သူတို့ကို နိုင်မှာမဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ထောက်ရှန်း သူ့ကိုယ်သူ ရှုံးလိမ့်မည်ဟု မည်သည့်အခါမျှ မယူဆချေ။ ထို့ကြောင့် မဲ့ပြုံးပြုံးရင်း ...

"ခင်ဗျားကို ကျုပ် ကယ်ထုတ်သွားမယ်ဆိုတာ မှတ်ထား၊ ဘာမှမကြောက်နဲ့၊ ကျုပ်တို့နှစ်ယောက် ညီညီညာညာ တိုက်လိုက်ကြရင် သူတို့ ဘာတတ်နိုင်မှာလဲ"

ထောက်ရှန်းမှာ အသင့်တွေ့ရသော တုတ်ရှည်တစ်ချောင်းကို ကောက်ယူလိုက်၏။ ထို့နောက် ...

"ယား"

ကျယ်လောင်သော ဗြာသံပေးကာ ဝိုင်း၍ထားကြသော ရှောင်လင်ကျောင်း၏ ကျောင်းတော်သားများအား တစ်ဟုန်ထိုးဝင်၍ တိုက်ခိုက်လိုက်လေသည်။

ကျိုရန်ကိုးလည်း မနေနိုင်တော့ပါ။ နန်းစဉ်ဓားကို ဆွဲထုတ်ကာ ဝင်၍ တိုက်ခိုက်လိုက်လေသည်။

သူတို့နှစ်ယောက် ပူးပေါင်းမိသွားလျှင် တိုက်ခိုက်မှုအရှိန်အဟုန်မှာ ကြောက်မက်ဖွယ်ကောင်း အောင် ပြင်းထန်လာလေသည်။

ရှောင်လင်ကျောင်းတော်သားများက ရဟန်းသိုင်းဖြင့် စုစည်းကာ ပြန်လည်တိုက်ခိုက်လိုက်သည်။



တစ်ခဏအတွင်း ပြင်းထန်သောတိုက်ပွဲ ဖြစ်လာလေတော့သည်။

✿

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

ထောက်ရှန်းနှင့် ကျိုရန်ကိုးတို့က ပြင်းထန်စွာ တိုက်ခိုက်နေကြသော်လည်း ယခုတိုင် မရနိုင်ကြချေ။

ကျိုရန်ကိုးက ထောက်ရှန်းကိုကြည့်ကာ ...

"ကျုပ်တို့ ထိုးဖောက်ထွက်ပြေးရင် ကောင်းမယ်"

ထောက်ရှန်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

သူတို့နှစ်ယောက် ရုတ်တရက်အပေါ်သို့ ခုန်တက်လိုက်ကြလေသည်။

ရှောင်လင်ကျောင်းတော်သားများ၏ ဦးခေါင်းပေါ်မှ ကျော်ကာ ထွက်ပြေးရန် ကြိုးစားလိုက်ကြခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ရှောင်လင်ကျောင်းသားများက ချက်ချင်းတန်းစီရပ်လိုက်ကြသည်။ ထို့နောက် တစ်ယောက်ပေါ်တစ်ယောက် ခုန်တက်လိုက်ရာ လူလှေကားသဖွယ် ဖြစ်သွားကြလေသည်။

ခုန်ထွက်လာသော ထောက်ရှန်းနှင့် ကျိုရန်ကိုးတို့၏ရှေ့တွင် တားဆီးထားသလို ဖြစ်သွားပြီး ရှေ့ဆုံးမှလူက လက်ဝါးနှစ်ဖက်နှင့် ရိုက်ချလိုက်လေသည်။

ကျိုရန်ကိုးမှာ တစ်ကြိမ်ခံထားရသောကြောင့် ရင်မဆိုင်ဝံ့ချေ။ ထောက်ရှန်းမှာမူ လက်နှစ်ဖက်ဖြင့် ဆီးခံလိုက်၏။

သူ၏လက်ဝါးမှတစ်ဆင့် ပြင်းထန်သောအတွင်းအား တိုးဝင်လာသည်ကို တွေ့ရလျှင် အားပြောင်းအားလွှဲပညာဖြင့် ပြန်လည်တွန်းထုတ်ပစ်လိုက်၏။

သို့သော် တစ်ခဏမျှသာ ဟန့်တားနိုင်ခဲ့ပါသည်။

သူသည်လည်း မခံနိုင်ဘဲ နောက်ပြန်ခုန်ဆင်းလိုက်ရ၏။ မြေပေါ်သို့ ခြေချမိလျှင် ကျိုရန်ကိုးကိုကြည့်ကာ ...

"ခင်ဗျား အပေါ်ဘက်ကိုတိုက်၊ ကျုပ်က အောက်ဘက်ကို တိုက်မယ်"

"ကောင်းပြီ"



ကျိုရန်ကိုးမှာ ထောက်ရှန်း၏အကြံကို သဘောကျသွားပြီး အပေါ်သို့ ချက်ချင်းခုန်တက်လိုက်သည်။ ရှောင်လင်ကျောင်းတော်သားလည်း ခုန်တက်လာကြပြန်လေသည်။

ထိုစဉ်မှာပင် ထောက်ရှန်းက အောက်ဆုံးမှနေ၍ အပေါ်ထောင်တက်နေသူများ၏ ခြေထောက်ကို ဆွဲထားသူများထံသို့ ပြေးသွားကာ တုတ်ဖြင့် တိုက်ခိုက်လေသည်။

ထိုသို့တိုက်ခိုက်လျှင် အောက်ဘက်မှလူများလည်း မတတ်သာဘဲ ပြန်လည်တိုက်ခိုက်ကြရ၏။ ထို့ကြောင့် အပေါ်ဘက်သို့ ရောက်ရှိနေသူများကို ကောင်းစွာ ထိန်းမထားနိုင်တော့ပါချေ။

"အား"

"အောင်မယ်လေး"

"ဟ ဟ ... ဘယ်လိုဖြစ်တာလဲ"

အပေါ်ဘက်သို့ ရောက်ရှိနေသူများ ဆူညံစွာ အော်ဟစ်ရင်း အလဲလဲအပြိုပြိုဖြင့် တစ်ယောက်ပြီးတစ်ယောက် ပြုတ်ကျလာတော့၏။

ထောက်ရှန်းနှင့် ကျိုရန်ကိုးတို့ ပေါင်းကာ ရဟန်းသိုင်းကို ဖြိုခွင်းလိုက်နိုင်ပြီ ဖြစ်လေသည်။ ထောက်ရှန်းနှင့် ကျိုရန်ကိုးတို့ထွက်

www.burmeseclassic.com

www.burmeseclassic.com



ပြေးရန် ဟန်ပြင်လိုက်စဉ် ရှောင်လင်ကျောင်းတော်သားများက ချက်ချင်း နေရာယူပြီး ပြန်လည် ဝိုင်းရံထားလိုက်ကြ၏။

သူတို့သည် ထောက်ရှန်းနှင့် ကျိရန်ကိုးတို့အား အလွတ်မပေးကြချေ။ ထိုစဉ်မှာပင် ...

"ထောက်ရှန်း ... မင်း ဘာမှ မပူနဲ့၊ ငါတို့လာပြီ"

စကားသံတစ်ချက် ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ဘုန်းတော်ကြီးသုံးပါးမှာ ထောက်ရှန်းတို့အား ဝိုင်းရံထားသော ရှောင်လင်ကျောင်းတော်သားများနောက်မှ တိုက်ခိုက်ရင်း ဝင်လာသည်ကို တွေ့ရ၏။

ထိုဘုန်းတော်ကြီးသုံးပါးမှာ အူးတိ၊ အူးကျန်းနှင့်အူးကျားတို့ဖြစ်ပါသည်။ သူတို့သည် ကလေးများကစားသည့် ကုလားမခြေထောက် တုတ်ချောင်းများစီးကာ ခုန်ဆွ ခုန်ဆွဖြင့် ခုန်ဝင်လာကြခြင်းဖြစ်သည်။

ထို့အတွက် မြေပေါ်သို့ ခြေနင်းစရာ မလိုတော့ချေ။

သူတို့ရောက်ပြီး မရှေးမနှောင်းပင် ရှောင်လင်ကျောင်းထိုင်ဆရာတော် ရောက်ရှိလာလေသည်။

ကျောင်းထိုင်ဆရာတော်က အူးကျားအား တွေ့လျှင် မျက်



မှောင်ကြုတ်သွားပြီး ...

"အူးကျား ... မင်းတို့ ဘာကြောင့် ဒဏ်ကျဆောင်က ထွက်လာကြတာလဲ"

အူးကျားက ရယ်မောကာ ...

"မနက်ဖြန်ကျရင် အပြစ်ဒဏ်က လွတ်ပါပြီ၊ အနှစ်နှစ်ဆယ်ပြည့်ပြီ မဟုတ်လား၊ ဒါကြောင့် ဒီကနေ့ ကြိုပြီး ခေါင်းတုံးရိပ်ထားတယ်လေ"

ဟုတ်ပါသည်။ အူးကျားတို့၏ ဦးခေါင်းပေါ်မှာ ဆံပင်ရှည်များ မရှိတော့ပဲ ပြောင်အောင်ရိပ်ထားပြီး ဖြစ်လေသည်။ အူးတိက

"ကတိအတိုင်း မြေပေါ် လည်း မနင်းပါဘူး ... ဟဲ ဟဲ ဟဲ"

ဘုန်းကြီးသုံးပါးအား အပြစ်ဒဏ်ချထားသည့်ရက်မှာ မနက်ဖြန်ဆိုလျှင် ပြည့်ပေတော့မည်။ ထို့ကြောင့် ရှောင်လင်ကျောင်းထိုင်ဆရာတော် အပြစ်မဆိုချင်တော့ပေ။ အူးကျန်းတို့သည် အပြစ်ဒဏ်ခံနေရသော နှစ်များအတွင်း ကောင်းမွန်စွာ နေထိုင်ခဲ့ကြသည် မဟုတ်ပါလား။ ထိုစဉ် အူးကျားက ...

"ဟေ့ ထောက်ရှန်း ... မင်း ဘာလုပ်နေတာလဲ"

သူ၏စကားကြားရလျှင် ထောက်ရှန်း ရယ်မောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျိုရန်ကိုး၏လက်ကို ဆွဲကာ ...

"လာ ... ပြေးကြစို့"

ချက်ချင်း ထိုးဖောက်ထွက်ပြေးသွား၏။

ရှောင်လင်ကျောင်းတော်သားများ ဟန့်တားရင်း ဟန်ပြင်လိုက်ကြသော်လည်း အူးကျန်းကို ရှိနေသောကြောင့် မဝံ့မရဲ ဖြစ်နေကြ၏။

ထိုစဉ် ထောက်ရှန်းနှင့်ကျိုရန်ကိုးတို့မှာ လျင်မြန်စွာ ထွက်ပြေးရင်း အဝေးသို့ ရောက်ရှိသွားပြီ ဖြစ်ပါသည်။

✿

ရှောင်လင်ကျောင်းမှာ အဝေးသို့ရောက်မှ ထောက်ရှန်း နောက်ပြန်လှည့်ကြည့်လိုက်သည်။

ရှောင်လင်ကျောင်းမှ လူများ လိုက်မလာသည်ကို တွေ့ရမှ စိတ်သက်သာရာ ရရှိသွားကာ ခြေလှမ်းရပ်လိုက်လေသည်။

ကျိုရန်ကိုးသည် ခြေလှမ်းရပ်ကာ အမောဖြေလိုက်၏။



အတန်ကြာပြီးလျှင် သက်ပြင်းချ၍ ထောက်ရှန်းကို ကြည့်ကာ ...

"ခင်ဗျား ... ကျုပ်ကိုလာကယ်တော့ ရှောင်လင်ကျောင်းကို ပြန်သွားလို့ မဖြစ်တော့ဘူး ထင်တယ်"

ထောက်ရှန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

"ဒါဖြင့် ... ခင်ဗျား ဘယ်ကိုသွားမလဲ"

"ကျုပ် ... ဘယ်ကိုသွားရမှန်း မသိတော့ဘူးဗျ"

ကျိုရန်ကိုး ဝမ်းသာသွားသည်။ ကျိုရန်ကိုးသည် ဉာဏ်ကောင်းပြီး သိုင်းပညာတော်သော ထောက်ရှန်းအား အလိုရှိလေသည်။ ထောက်ရှန်းသာ သူ့ကို ကူညီမည်ဆိုလျှင် ကုန်းချဲ့ကျန်းကို သုတ်သင်နိုင်လိမ့်မည်ဟု ယုံကြည်ထားလေသည်။ ထို့ကြောင့် ...

"ဒီလိုဆိုရင် ကျုပ်နဲ့လိုက်ခဲ့ပါလား"

"ခင်ဗျားက ဘယ်ကိုသွားမှာလဲ"

ကျိုရန်ကိုးက ဘုရင့်သားတော်ဘဝမှ ကုန်းချဲ့ကျန်း ထီးနန်းကို မတရားသိမ်းပိုက်ခဲ့၍ ထွက်ပြေးရပုံ၊ ကုန်းချဲ့ကျန်း လက်စားချေရန် ကြိုးပမ်းရင်း ရှောင်လင်ကျောင်းကို ရောက်လာပုံ စသည်စသည်ဖြင့် သူ၏ဘဝကို ပြောပြလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထောက်ရှန်း ကျိုရန်ကိုးကို ကရုဏာသက်သွား၏။ သူသည် ရိုက်ကျိုကျင်းပညာ တတ်မြောက်ထားသည် မဟုတ်ပါလား။ သို့သော် ကျိုရန်ကိုးကို ထုတ်ဖော်ပြောခြင်းမပြုပါ။

သွားစရာမရှိသည့်အတူတူ ကျိုရန်ကိုးနှင့် လိုက်သွားရန် ဆုံးဖြတ်လိုက်လေသည်။

✿

မြို့ကလေး ...။

ဤမြို့ကလေးမှာ တာလိပြည်နှင့် မဝေးကွာလှပေ။ ဓားရဲတိုက်နှင့်လည်း မဝေးပါချေ။

ကျိုရန်ကိုးနှင့် ထောက်ရှန်းတို့ ထိုမြို့ကလေးသို့ ရောက်လာခဲ့ကြ၏။

ကျိုရန်ကိုးမှာ ဓားရဲတိုက်သို့ ခေတ္တ ပြန်သွားလိုသည်။ ထို့ကြောင့် ထောက်ရှန်းအား တည်းခိုခန်းတစ်ခုတွင် ထားပြီး ထွက်လာလေသည်။



သူတို့အား ကုန်းချဲ့ကျန်းလူများက တစေ့တစောင်း အကဲခတ်ကြည့်နေကြသည်ကို မသိကြပါချေ။ ကျိုရန်ကိုး တည်းခိုခန်းမှ ထွက်လာပြီး လမ်းတစ်ဝက်အရောက်တွင် လူတစ်စု မြို့လေးအတွင်းသို့ အပြေးအလွှား ဝင်သွားကြသည်ကို တွေ့လိုက်ရ၏။

ထိုလူများအား ခေါင်းဆောင်လာသူမှာ ကုန်းချဲ့ကျန်း ဖြစ်နေသည်။ ကျိုရန်ကိုး ထိတ်လန့်သွားပြီး နောက်ကြောင်းပြန်လှည့်လာသည်။

ကုန်းချဲ့ကျန်း၏ လှုပ်ရှားမှုကို အကဲခတ်ကြည့်ရန်ဖြစ်သည်။

✿

ကုန်းချဲ့ကျန်းမှာ ဝေါစင်ပေါ်တွင် အခန့်သား ထိုင်နေ၏။ ယခု သူ၏လူများသည် မြို့ကလေး၏ တစ်ခုတည်းသော တည်းခိုခန်းကို ဝိုင်းရံထားပြီး ဖြစ်လေသည်။

ကုန်းချဲ့ကျန်းနှင့် မလှမ်းမကမ်းတွင် တရုတ်ဘုန်းတော်ကြီး တစ်ပါး ရှိနေ၏။ ထိုဘုန်းတော်ကြီးမှာ ဗိတုန်းဖြစ်လေသည်။ ဗိတုန်း

www.burmeseclassic.com

www.burmeseclassic.com



က ရှောင်လင်ကျောင်းမှ ထောက်ရှန်းနှင့် ကျိုရန်ကိုးတို့ လွတ်မြောက်သွားလျှင် ချက်ချင်း ကုန်းချဲ့ကျန်းထံ လာ၍ သတင်းပို့ခဲ့ခြင်း ဖြစ်သည်။ ဖိတုန်းက ကုန်းချဲ့ကျန်းကိုကြည့်ကာ ...

"သူတို့ ဒီတည်းခိုခန်းမှာရှိတယ်လို့ သိရတာပဲ၊ ဒီမြို့ကို ရောက်လာတာ သေချာတယ်"

ကုန်းချဲ့ကျန်း လက်ဇော့ယမ်းပြလိုက်ပြီး ...

"ကောင်းပြီ၊ တက်ရှာကြလို့ တွေ့ရင် တစ်ယောက်မှမလွတ်စေနဲ့"

ဖိတုန်းက ခေါင်းညိတ်ကာ တည်းခိုခန်းထဲသို့ ပြေးဝင်သွားသည်။ သူ၏နောက်မှ သိုင်းသမားတစ်စုလည်း လိုက်သွားကြလေသည်။

သူတို့ရောက်ရှိလာချိန်တွင် ထောက်ရှန်းမှာ တည်းခိုခန်းပေါ်ဘက်အခန်းတစ်ခုသို့ ရောက်ရှိနေပါသည်။ အောက်ထပ်မှ ဆူဆူညံညံ ထွက်ပေါ်လာသော အသံများကြောင့် အပြင်ဘက်သို့ မသိမသာ အကဲခတ်ကြည့်လျှင် ဖိတုန်းခေါင်းဆောင်သော လူတစ်စု သူ့အား လိုက်ရှာနေကြသည်ကို တွေ့လိုက်ရလေသည်။

ထောက်ရှန်း ရင်ထိတ်သွားသည်။ ပြတင်းပေါက်ဆီသို့သွား



ကာ အောက်ငုံ့ကြည့်လိုက်လျှင် ဝေါစင်တစ်ခုကို တွေ့ရပြီး လူတစ်ယောက် အခန့်သားထိုင်နေသည်ကို တွေ့မြင်ရလေသည်။ ထိုလူမှာ နယ်စားကြီး ကုန်းချဲ့ကျန်း ဖြစ်ရမည်ဟု ရိပ်မိလိုက်၏။

အခြေအနေ ရှင်းရှင်းလင်းလင်း မသိရသေးမီ ရှောင်နေရန် ဆုံးဖြတ်ကာ အခန်းခေါင်မိုး ထုပ်တန်းပေါ်မှတစ်ဆင့် မျက်နှာကြက်ပေါ်သို့ တက်ကာ ပုန်းရှောင်နေ၏။

ထိုသို့ ပုန်းရှောင်ပြီး ခဏကြာလျှင် ဖိတုန်း ဦးဆောင်သော လူတစ်စု အပေါ်ထပ်သို့တက်လာကာ တစ်ခန်းဝင်တစ်ခန်းထွက် လိုက်ရှာကြတော့သည်။

တည်းခိုခန်းမှ အခန်းအားလုံး ရှာဖွေပြီးစီးသွားချေပြီ။ သို့သော် ထောက်ရှန်းနှင့်ကျိုရန်ကိုးတို့ကို ရှာဖွေမတွေ့ချေ။

ဖိတုန်း မျက်မှောင်ကြုတ်သွားသည်။ ထောက်ရှန်းနှင့် ကျိုရန်ကိုးတို့ မည်သည့်နေရာ ရောက်ရှိသွားပါသနည်း။

လိုက်ရှာကြသူများ စိတ်ပျက်ကာ အောက်ထပ်သို့ ပြန်ဆင်းသွားကြ၏။ ဖိတုန်းမှာ ဖွဲ့မလျှော့ဘဲ တစ်ယောက်တည်း ဆက်၍ရှာဖွေနေတော့သည်။ ထိုအချိန်တွင် မြို့ကလေး၏ အရှေ့ဘက်လမ်းမှ လူတစ်စု လှမ်းဝင်လာကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူစုမှာ အလုံပိတ်ထားသော ဝေါစင်တစ်ခု ပါလာ၏။

သူတို့၏ အဝတ်အစားများသည် တာလီပြည်မှ ဝတ်စား ဆင်ယင်မှုနှင့် ကွာခြားနေသောကြောင့် နယ်ခြားမှ လာကြခြင်းဖြစ်ကြောင်း ချက်ချင်းသိလာနိုင်ပေသည်။

ထိုလူစုသည် မင်းလမ်းမအတွင်း ညီညီညာညာ လှမ်းလာကြပြီး တည်းခိုခန်းရှေ့သို့ရောက်လျှင် ရပ်နားလိုက်လေသည်။ ထိုလူစုအား ဦးဆောင်လာဟန်ရှိသော အဘိုးအိုတစ်ယောက်က ကုန်းချဲ့ကျန်းအား လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်ပြီး ...

"နယ်စားကြီး ကုန်းချဲ့ကျန်း ဟုတ်ပါသလား ခင်ဗျာ"

ကုန်းချဲ့ကျန်း မျက်မှောင်ကြုတ်သွားသည်။ ထိုလူများကို တစ်ချက်ကြည့်ပြီး ခေါင်းညိတ်ကာ ...

"ဟုတ်တယ်"

ဦးဆောင်လာသူ ဝမ်းသာသွားသည်။ သယ်ယူလာသော ဝေါစင်ကို လက်ညှိုးညွှန်ပြရင်း ...

"ဝေါစင်ထဲမှာ နယ်စားလူမျိုးစုခေါင်းဆောင်က ဆက်သလိုက်တဲ့ သမီးကညာ ပါလာပါတယ်၊ ဘုရင်မင်းမြတ်ထံရောက်အောင် ပို့ဆောင်ပေးခွင့်ပြုပါ"



တာလီနယ်ခြားတွင် အင်အားကောင်းသော လူမျိုးစုတစ်စု နေထိုင်ကြသည်။ ထိုလူများသည် မုဆိုးများဖြစ်ကြပြီး တိုက်ခိုက်ရေးတွင် ကျွမ်းကျင်ကြလေသည်။

ထိုလူများနှင့် ရှေးခေတ် အဆက်ဆက်က တာလီဘုရင်များ သင့်မြတ်အောင် ဆက်ဆံခဲ့ကြသည်။ ယခု နယ်ခြားလူမျိုးစု ခေါင်းဆောင်က သမီးကညာ ဆက်သလာသောကြောင့် ကုန်းချဲ့ကျန်း အကြံအိုက်သွားသည်။ ထောက်ရှမ်းနှင့်ကျိရန်ကိုးတို့ကို ရှာမတွေ့တော့သဖြင့် မထူးတော့ဟု သဘောပိုက်ကာ ...

"ကောင်းပြီ၊ ကျုပ်နဲ့အတူ နန်းတော်ကို လိုက်ခဲ့ကြပါ"

ပြောရင်း ထွက်ခွာသွားရန် ဟန်ပြင်လိုက်လေသည်။ ထိုစဉ်မှာပင် ...

"အား"

စူးရှထက်မြက်သော အော်ဟစ်သံတစ်ချက် တည်းခိုခန်း အပေါ်ဘက်မှ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။ ကုန်းချဲ့ကျန်းမှာ စဉ်းစားခြင်းမပြုဘဲ ဝေါစင်ပေါ်မှ ခုန်ဆင်းကာ တည်းခိုခန်းထဲသို့ ပြေးဝင်သွား၏။ ကျန်လူများလည်း လက်နက်ကိုယ်စီ ဆွဲကိုင်ကာ နောက်မှ ပြေးလိုက်သွားကြလေသည်။ ထိုအချိန်တွင် တည်းခို

www.burmeseclassic.com

www.burmeseclassic.com



ခန်းအပေါ်ဘက်မှ လူတစ်ယောက် ခုန်ထွက်လာလေသည်။

အောက်သို့ရောက်လျှင် ထွက်မပြေးဘဲ အသင့်တွေ့ရသော ဝေါစင်အတွင်းသို့ လှမ်းဝင်လိုက်၏။ ထိုလူမှာ ထောက်ရှန်းဖြစ်သည်။

ထောက်ရှန်းက သူ့ကို သဲကြီးမဲကြီး လိုက်ရှာနေသော ဖိတုန်းကို တွေ့ရလျှင် ဒေါသထွက်သွားလေသည်။ ထို့ကြောင့် စိတ်မထိန်းနိုင်တော့ဘဲ ပုန်းကွယ်နေရာမှ ခုန်ထွက်ကာ ဖိတုန်းကို တိုက်ခိုက်လိုက်လေသည်။

ဖိတုန်းမှာ ထောက်ရှန်းအား မမျှော်လင့်ဘဲ တွေ့လိုက်ရသောကြောင့် ကြောင်အမ်းအမ်းဖြစ်နေစဉ် ထောက်ရှန်း၏ လက်သီးတစ်လုံး သူ၏ရင်ဝသို့ ထိမှန်သွား၏။ ရင်ဝမှ အရိုးများ ကျိုးကြေသွားပြီး အပြင်ဘက်သို့ လွင့်စဉ်သွား၏။ တစ်ဆက်တည်းပင် လှေကားမှ တစ်ဆင့် အောက်သို့ လိမ့်၍ လိမ့်၍ ကျသွားလေတော့သည်။

ထောက်ရှန်းသည် အလုံပိတ်ထားသော ဝေါစင်၏ ယင်းကာလေးကို ဆွဲဖွင့်ရင်း အတွင်းသို့ လှမ်းဝင်လိုက်၏။ အတွင်းဘက်၌ အလွန်ချောမောသော မိန်းမပျိုတစ်ယောက် အံ့သြသော မျက်လုံးများဖြင့် သူ့အား ငေးကြည့်နေသည်ကို တွေ့ရ၏။

သူ အသံမထွက်နိုင်မီ ထောက်ရှန်းက သွေးကြောများကို





ပိတ်ထားလိုက်သည်။ ဝေါစင်ထဲသို့ ထောက်ရှန်းဝင်သွားသည်ကို ဝေါစင်ထမ်းလာသောလူများ လုံးဝ မသိလိုက်ချေ။

ထိုစဉ်မှာပင် ကုန်းချဲ့ကျန်းနှင့် သူ့လူစု ပြန်၍ ပြေးထွက်လာသည်ကို တွေ့ရသည်။ သူတို့သည် တည်းခိုခန်းအပြင်ဘက်သို့ ရောက်လျှင် ဟိုဟိုသည်သည် လှည့်ပတ်ရှာဖွေကြည့်လိုက်ကြ၏။

ထောက်ရှန်းနှင့်ကျိုရန်ကိုးတို့၏ အရိပ်အယောင်ပင် မတွေ့ရသောကြောင့် စိတ်ပျက်သွားလေသည်။ ကုန်းချဲ့ကျန်း သက်ပြင်းချလိုက်သည်။

ဘုရင်မင်းမြတ်ထံသို့ ဆက်သလာသော မိဖုရားလောင်းပို့ပေးရဦးမည်ဖြစ်သောကြောင့် ဝေါစင်ပေါ်သို့ ခုန်တက်ကာ ...

"နန်းတော်ကို သွားကြမယ်"

သူတို့လူစု ရှေ့ဆုံးမှ ဦးဆောင်၍ ထွက်ခွာသွားကြ၏။ နယ်ခြားမှ လူစုများမှာ နောက်မှ လိုက်ပါသွားလေသည်။ သူတို့နှင့်အတူ ထောက်ရှန်းသည် ဘုမသိဘမသိဖြင့် ပါသွားလေ၏။

ထိုအဖြစ်အပျက်များကို မနီးမဝေးမှ တစ်ချိန်လုံး အကဲခတ်ကြည့်နေခဲ့သော ကျိုရန်ကိုးက တွေ့မြင်သွားခဲ့လေတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com



## ပလ္လင်ပေါ်မှ ဒုက္ခသည်

တာလိဘုရင်၏မျက်နှာ ညှိုးငယ်နေသည်။ သူသည် တာလိပြည်၌ အုပ်ချုပ်မင်းလုပ်ခဲ့သည်မှာ ကြာချေပြီ။

သို့သော် သူ့တွင် အခွင့်အာဏာမရှိပါ။

နယ်စားကြီး ကုန်းချဲ့ကျန်း ပြောသမျှ ခေါင်းညိတ်နေရ၏။ ယခု ကုန်းချဲ့ကျန်း ရောက်လာပြန်သောကြောင့် စိတ်ညစ်ညူးရပြန်သည်။

ကုန်းချဲ့ကျန်းက ငေးငိုင်နေသော တာလိဘုရင်ကို ကြည့်ကာ

"ကျုပ် လာတာတောင်မှ မင်း ထွက်ပြီး မကြိုနိုင်တော့ဘူးလား"

တာလိဘုရင်မှာ အသက်နှစ်ဆယ်ကျော်မျှသာ ရှိသေးသော လူငယ်တစ်ယောက် ဖြစ်လာသည်။ သူသည် သက်ပြင်းချရင်း

"ကျုပ် နေထိုင်မကောင်းဖြစ်နေလို့ ထွက်မကြိုနိုင်တာ ခွင့်



လွှတ်ပါဗျာ"

ကုန်းချဲ့ကျန်း ရယ်မောလိုက်သည်။ ထို့နောက် သူသည် အင်္ကျီအိတ်ထဲမှ စာရွက်တစ်ရွက်ကို ပေးလိုက်ပြီး ...

"အခွန်တွေကို တိုးမြှင့်ကောက်ဖို့ အမိန့်ထုတ်လိုက်တာ လက်မှတ်ရေးထိုးပေးပါ"

"ဟာ ... အခွန်တိုးကောက်လို့ ဘယ်ဖြစ်မလဲ၊ ပြည်သူတွေ စီးပွားရေးကျပ်တည်းနေကြတာ မဟုတ်လား၊ အခုလို တိုးတောင်းရင်"

သူ၏စကားမဆုံးမီ ကုန်းချဲ့ကျန်းက ...

"အသုံးစရိတ် အကုန်အကျများနေတယ်၊ ဒါကြောင့် အခွန်တိုးကောက်ဖို့ လက်မှတ်ထိုးပေးပါ၊ ဒီမှာ မင်းမှတ်ထားဖို့က မင်းဟာ တာလိဘုရင်ဆိုပေမယ့် အချိန်မရွေး ဖြုတ်နိုင်တယ်၊ နောက်ထပ် ဘုရင်အသစ် အချိန်မရွေး ပြန်ပြီး တင်မြှောက်နိုင်တယ်၊ ကျုပ်ကို လွန်ဆန်ဖို့ စိတ်မကူးပါနဲ့"

တာလိဘုရင် ခေါင်းငိုက်စိုက်ကျသွား၏။ ကုန်းချဲ့ကျန်း ကမ်းပေးသော စာရွက်ပေါ်တွင် လက်မှတ်ရေးထိုး ပေးလိုက်ရသည်။ ကုန်းချဲ့ကျန်း သဘောကျသွားပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုမှပေါ့၊ ကဲ … အပြင်မှာ နယ်ခြားလူမျိုးစုံ ခေါင်းဆောင်က သမီးကညာဆက်တာ ရောက်နေတယ်၊ သူတို့ကို လက်ခံပြီး ကောင်းကောင်းမွန်မွန် ဆက်ဆံပါ၊ ဘုရင်လုပ်ရတာ တစ်ခါတလေ ပျော်စရာ ကောင်းပါတယ် … ဟား ဟား ဟား"

ရယ်မောပြီးနောက် နန်းဆောင်အတွင်းမှ လှမ်းထွက်သွားလေသည်။

✿

တာလိဘုရင် သက်ပြင်းချလိုက်သည်။ ဝေါစင်ရှေ့တွင် ခြေလှမ်းရပ်ကာ တည်ကြည်သော မျက်နှာဖြင့် …

"ကျုပ်ဟာ တာလိဘုရင်ပါ၊ မင်းဟာ ကိုယ့်သဘောမပါဘဲ သူများ အတင်းအကျပ်စေလွှတ်လို့ လာခဲ့ရတယ်ဆိုတာ ကျုပ်သဘော ပေါက်ပါတယ်၊ မင်းနဲ့ကျုပ်ဟာ ဘာမှ မထူးပါဘူး၊ ကျုပ်ဟာလည်း သူများခိုင်းသမျှ လုပ်နေတဲ့ လူတစ်ယောက်ဖြစ်နေပါပြီ၊ ဒီတော့ မင်း စိတ်ချမ်းသာသလိုနေပါ၊ မင်းကို ကျုပ်



လက်ဖျားနဲ့တောင် မထိ ဘူးလို့ ကတိပေးပါတယ်"

တာလိဘုရင်၏စကားကို ဝေါစင်ထဲမှ ထောက်ရှန်း ကောင်းစွာကြားလိုက်ရလေသည်။ ထောက်ရှန်းက မိန်းကလေးအား တိတ်တိတ်နေရန် အချက်ပြကာ သွေးကြောဖွင့်ပေးလိုက်သည်။

တစ်ဆက်တည်းပင် အပြင်ဘက်သို့ ခုန်ထွက်လိုက်လေသည်။ မမျှော်လင့်ဘဲ ထောက်ရှန်းကို တွေ့လိုက်လျှင် တာလိဘုရင် ထိတ်လန့်ကာ နောက်ဆုတ်သွားလေသည်။

ထိုနေရာမှာ တာလိဘုရင်၏ သီးသန့်အဆောင်ဖြစ်သောကြောင့် အစောင့်အကြပ်များ မရှိကြချေ။ ဆက်သလာသော သမီးကညာ မင်းသမီးနှင့်အတူ ဝေါစင်ထမ်းသူ နှစ်ယောက်သာ ရှိကြ၏။

ထိုလူများမှာလည်း ထောက်ရှန်းကို ကြောင်အမ်းအမ်းကြည့်နေကြ၏။ ထောက်ရှန်း ပြုံးပြလိုက်ပြီး …

"ကျုပ်ကို မကြောက်ပါနဲ့၊ ခင်ဗျားကို ကျုပ် ဘာမှ မလုပ်ပါဘူး၊ 'ကျုပ် ကြားခဲ့တာက တာလိဘုရင်ဟာ အင်မတန်ယုတ်မာတဲ့ လူတစ်ယောက်ပဲ၊ အခု ခင်ဗျားက အင်မတန် စိတ်ကောင်းရှိတဲ့ လူတစ်ယောက် ဖြစ်နေပါလား"

ထောက်ရှန်း၏ အပြုအမူကို ကြည့်ကာ တာလိဘုရင်

www.burmeseclassic.com

www.burmeseclassic.com



အကြောက်ပြေသွား၏။ ထောက်ရှန်းကိုကြည့်ကာ ...

"ခင်ဗျား ဘယ်သူလဲ"

ထောက်ရှန်းက လက်ကာပြရင်း ...

"ရှောင်လင်ကျောင်းကပါ"

ရှောင်လင်ကျောင်းဟု ကြားသိရလျှင် တာလိဘုရင် ဝမ်းသာသွားသည်။

"ဟာ ... အတော်ပဲ၊ ကျုပ်လည်း ရှောင်လင်ကျောင်းကို သွားပြီး ဘုန်းကြီးဝတ်ချင်ပါပြီ၊ ကျုပ်ကို ခေါ်သွားနိုင်မလား"

ထောက်ရှန်း ရယ်မောလိုက်သည်။ သူသည် ရှောင်လင်ကျောင်းမှ ထွက်ပြေးလာရသူ မဟုတ်ပါလား။

"ကျုပ်တော့ လိုက်မပို့နိုင်ဘူး၊ ဒါပေမဲ့ လမ်းညွှန်နိုင်ပါတယ်၊ ကဲ ကဲ ... သူတို့ကို အနားယူခွင့် ပေးလိုက်ပါဦးဗျာ"

ပြောပြီး သမီးကညာပါလာသော ဝေါစင်ကို လက်ညှိုးညွှန်ပြလိုက်၏။ တာလိဘုရင်က လေးလေးစားစားပင် ...

"ကဲ ကဲ ... အနားယူလိုက်ကြပါဦးဗျာ"

ဝေါစင်ထမ်းများက ချက်ချင်း ပခုံးပေါ် ထမ်းလိုက်ကြပြီး ထွက်သွားလေ၏။ ထိုအခါ ထောက်ရှမ်းက ...



"ခင်ဗျားဟာ ဘုရင့်သားတော် အစစ်အမှန်မဟုတ်ဘဲ နယ်စားကြီး ကုန်းချဲ့ကျန်း တင်မြှောက်ထားတဲ့ လူ မဟုတ်လား"

တာလိဘုရင် မျက်မှောင်ကြုတ်သွားသည်။

"ခင်ဗျား ခင်ဗျား ... ဒီအကြောင်းတွေကို ဘယ်လိုလုပ်သိသလဲ"

"ကျုပ်ကို ဘုရင့်သားတော်အစစ်က ပြောပြလို့ပေါ့"

"ဗျာ ... ဘုရင့်သားတော်အစစ်ကို ခင်ဗျား တွေ့ခဲ့တယ် ဟုတ်လား"

"ဟုတ်တယ်"

"ဘယ်မှာလဲ"

"ခင်ဗျား ဘာလုပ်မလို့လဲ"

"သူ့ကိုလိုက်ရှာပြီး ထီးနန်းအပ်ချင်လို့ဗျာ၊ ရှင်ဘုရင်လုပ်ရတာ စိတ်ကုန်လှပါပြီ"

ထိုစကားကြားရလျှင် ထောက်ရှန်း ဝမ်းသာသွားပြီး ...

"သူ့ကို လိုက်ခေါ်ပေးပါ့မယ်"

"ကျုပ်ကိုခေါ်စရာမလိုဘူး၊ ကျုပ်ရောက်လာပြီ"

ရုတ်တရက် စကားသံက ကျယ်လောင်စွာ ထွက်ပေါ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက် ခုန်ဝင်လာသည်ကို တွေ့လိုက်ရလေသည်။ ထိုလူမှာ ကျိုရန်ကိုး ဖြစ်ပါသည်။ ကျိုရန်ကိုးရောက်လာသည်ကို တွေ့ရလျှင် ထောက်ရှန်း ဝမ်းသာသွားသည်။

"ကျိုရန်ကိုး ... မင်းရောက်လာပြီကိုး"

ကျိုရန်ကိုး အံကိုတင်းကင်းကြိတ်ကာ ...

"သေပေတော့"

သူက လက်ထဲမှ နန်းစဉ်ဓားဖြင့် တာလိဘုရင်အား မပြော မဆို ပြင်းထန်စွာ တိုက်ခိုက်လိုက်လေသည်။ တာလိဘုရင်မှာ သိုင်း ပညာ အနည်းအကျဉ်းသာ တတ်မြောက်ထားလေသည်။

ထို့ကြောင့် ထိတ်လန့်တကြား ရှောင်တိမ်းရင်း ...

"ကျုပ် ... ကျုပ်ကို မသတ်ပါနဲ့"

သို့သော် ကျိုရန်ကိုးက ချမ်းသာမပေးဘဲ အသေသတ်ရန် ဖိ၍ ကြိုးစားတိုက်ခိုက်၏။ ဤအတိုင်းဆိုလျှင် တာလိဘုရင် သေဆုံး ရပေတော့မည်။

ထောက်ရှန်း လက်ပိုက်ကြည့်မနေနိုင်တော့ပါ။

"ကျိုရန်ကိုး ... မင်းလွန်မယ်၊ သူက မင်းအပေါ် စေတနာ အပြည့်အဝ ရှိတယ်၊ ယုံပါ"



ကျိုရန်ကိုး အံကိုကြိတ်ရင်း ...

"ကျုပ်မိဘကို ထီးနန်းလုတဲ့လူတွေကို ကျုပ်မကျေဘူး၊ ဒီ လူယုတ်မာတွေကို ကျုပ်သတ်မယ်"

"မဟုတ်ဘူး၊ မင်းကို ထီးနန်း လွှဲပြောင်းပေးလိမ့်မယ်"

"ကျုပ် မယုံဘူး"

ကျိုရန်ကိုးသည် ထောက်ရှန်း၏ ဟန့်တားမှုကို ထိုးဖောက် ကာ တာလိဘုရင်အား လိုက်လံတိုက်ခိုက်လေသည်။ တာလိဘုရင် ထွက်ပြေးရင်း နောက်ဆုံးတွင် အုတ်နံရံတစ်ခုတွင် ကျောကပ်သွား၏။

ပြေးစရာ မြေမရှိတော့ပါ။ ကျိုရန်ကိုး မဲ့ပြုံးပြုံးကာ ...

"သေပေတော့"

ထောက်ရှန်းက တာလိဘုရင်၏ရှေ့တွင် ရပ်ကာ အကာ အကွယ်ပေးလိုက်လေသည်။ တစ်ဆက်တည်းပင် ကျိုရန်ကိုး၏ တိုက် ခိုက်မှုကို ခုခံချေဖျက်လိုက်၏။

တာလိဘုရင်အား ထောက်ရှန်း ဝင်ကယ်လိုက်သောကြောင့် ဒေါသခြောင်းခြောင်း ထွက်သွားလေသည်။

ထောက်ရှန်းအား မကျေမနပ် ကြည့်ကာ ...

"မင်းဖယ်ပါ၊ ကျုပ် ရန်သူဘက်က ဝင်ကူတဲ့လူတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ကို မိတ်ဆွေလို့ မသတ်မှတ်နိုင်ဘူး"

"နေစမ်းပါဦး၊ ကျုပ်ရှင်းပြတာ နားထောင်ပါဦး"

"အို ... မလိုချင်ဘူး၊ ခင်ဗျားဖယ်ပေး"

ပြောရင်း ထပ်မံတိုက်ခိုက်လိုက်သည်။ ထောက်ရှုန်းသည် တာလီဘုရင်ကို ကာကွယ်ပေးရန် စိတ်စောနေသောကြောင့် ဓား တစ်ချက် ပါးပြင်ပေါ်တွင် ရှပ်ထိသွားလေသည်။

အမှတ်မထင် ထိမိသွားသောကြောင့် ထိတ်လန့်ကာ တစ်ဖက်သို့ ခုန်ရှောင်လိုက်လေသည်။ ထိုစဉ် အကာအကွယ် ကင်းမဲ့သွားသော တာလီဘုရင်အား ကျိုရန်ကိုးက ...

"သေပေတော့"

ကျယ်လောင်စွာ ကြုံးဝါးလျက် ဓားဖြင့် ထိုးချလိုက်သည်။ ထောက်ရှုန်း မနေနိုင်တော့ချေ။

ကျိုရန်ကိုးအား အေးအေးဆေးဆေး ဖျောင်းဖျပြောဆို၍ မရမှန်း သဘောပေါက်လျှင် ရုတ်တရက် တာလီဘုရင်ကို ခုန်ဝင်အုပ်လိုက်သည်။ တစ်ဖန် တိုးဝင်လာသော ကျိုရန်ကိုး၏ရင်ဝကို လက်ဝါး တစ်ချက် ရိုက်ထုတ်လိုက်လေသည်။

'ဝုန်း'



ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာပြီး ကျိုရန်ကိုး အနောက်ဘက်သို့ လွင့်စဉ်သွား၏။ လဲကျနေရာမှ ပြန်လည် လူးလိမ့်ထလာသောအခါ သူ၏ နှုတ်ခမ်းထောင့်မှ သွေးများ ယိုစီး ကျလာလေသည်။ ထောက်ရှုန်းက ခွန်အားအကုန်မသုံးသောကြောင့် အသက်မသေခြင်း ဖြစ်၏။ ထောက်ရှုန်း သက်ပြင်းချကာ ...

"မင်းက ဓားတစ်ချက် ခုတ်တယ်၊ ကျုပ်က လက်ဝါး တစ်ချက် ရိုက်တယ်၊ ကြေပါပြီ ... ဘယ်သူမှ အကြွေးမတင်ဘူး"

"ကောင်းပြီ၊ ဒီနေ့ကစပြီး ခင်ဗျားနဲ့ကျုပ် မိတ်ဆွေအဖြစ်က ပြတ်ပြီဆိုတာ မှတ်ထားပါ"

ပြောပြီးလျှင် အုတ်နံရံကို ခုန်ကျော်ကာ အပြင်ဘက်သို့ ထွက်ပြေးသွား၏။

"ကျိုရန်ကိုး"

ထောက်ရှုန်းက အော်ဟစ်ဟန့်တားရင်း နောက်မှ ပြေးလိုက်သွားသည်။ သူတို့နှစ်ယောက် ပျောက်ကွယ်သွားမှ တာလီ ဘုရင် သက်ပြင်းချနိုင်လေတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com



## သွေးကလဲ့စား

ကျိုရန်ကိုးသည် ဘုရင့်နန်းတော်မှ ထွက်လာခဲ့ပြီးနောက် ဓားရဲတိုက်သို့ ပြန်လာခဲ့လေသည်။ ကျိုရန်ကိုး ဓားရဲတိုက်သို့ မရောက်မီ လမ်းခုလတ်တွင် သူ၏ သွားရာလမ်းကို ပိတ်ဆို့ထားသော လူနှစ်ယောက်အား တွေ့မြင်လိုက်ရလေသည်။

ထိုလူနှစ်ယောက်မှာ တစ်ယောက်က မီးဟုန်းဟုန်းတောက်လောင်နေသည့် ဓားတစ်ချောင်းကို ကိုင်ဆောင်ထားပြီး ကျန်တစ်ယောက်မှာ ဆူးချွန်အပြည့်ပါသော လက်နက်နှစ်ချောင်း ကိုင်ဆောင်ထား၏။

ထိုလူနှစ်ယောက်မှာ မီးလျှံဓားသမားနှင့် ရေဘုရင်တို့ ဖြစ်ကြသည်။ ကျိုရန်ကိုးသည် ကျွန်းစု၏စကားများကို ပြန်လည်ကြားယောင်လာသည်။

မီးလျှံဓားသမားနှင့် ရေဘုရင်တို့အား အထူးပင် သတိထား



ရမည်ဟု မှာကြားခဲ့သည် မဟုတ်ပါလား။

ယခု မီးလျှံဓားသမားနှင့် ရေဘုရင်တို့အား တွေ့လျှင်တွေ့ချင်း သူ မှတ်မိလိုက်လေသည်။

မီးလျှံဓားသမားက ရယ်မောကာ ...

"အတော်ပဲ ဓားရဲတိုက်ကို မင်းပြန်လာမယ်ဆိုတာ သိလို့ကြိုပြီး စောင့်နေတာ၊ အခု မင်း ဘယ်ပြေးမလဲ၊ မင်း ဘယ်သူလဲဆိုတာ တို့သိထားပြီ၊ မင်းလက်ထဲက နန်းစဉ်ဓားကလည်း သက်သေပြနေတယ် မဟုတ်လား"

"ဟုတ်တယ်၊ ကျုပ်ဟာ တာလိဘုရင်ရဲ့သားတော်အစစ်ပဲ၊ ခင်ဗျားတို့လို လူယုတ်မာတွေကို သုတ်သင်ပြီး တာလိထီးနန်းကို သိမ်းပိုက်မယ်ဆိုတာ မှတ်ထားပါ"

ရေဘုရင်က တဟားဟား အော်ဟစ်ရယ်မောလိုက်ပြီး ...

"ဟား ဟား ဟား ... တို့ကိုနိုင်အောင် တိုက်စမ်းပါဦး"

ပြောပြီးလျှင် ဆူးချွန်လက်နက်ဖြင့် စတင်တိုက်ခိုက်လိုက်၏။

မီးလျှံဓားသမားကလည်း မီးလောင်နေသော ဓားဖြင့် တိုက်ခိုက်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျိုရန်ကိုးက အံကြိတ်ကာ နန်းစဉ်ဓားကို ဆွဲထုတ်ပြီး ပြန်လည် တိုက်ခိုက်လိုက်လေတော့သည်။

✲

တိုက်ပွဲ တစ်စထက်တစ်စ ပြင်းထန်လာသည်။

ရေဘုရင်နှင့် မိုးလျှံဓားသမားတို့မှာ အသက်ကြီးလာပြီ ဖြစ်သော်လည်း နှစ်ပေါင်းများစွာ လက်တွဲခဲ့ကြသောကြောင့် အကွက်ကျကျ အံဝင်ခွင်ကျ တိုက် ခိုက်နိုင်ကြသည်။

သူတို့နှစ်ယောက်၏ အချိတ်အဆက် တိုက်ခိုက်မှုကို ကျိုရန်ကိုးက အလူးလူးအလိမ့်လိမ့် ခံနေရ၏။

မိုးလျှံဓားသမား၏ ဓားချက်နှင့် မိုးလျှံများကို ကြောက်ရွံ့သလို ရေဘုရင်၏ ဆူးချွန်များမှာလည်း ပေါ့ဆ၍ မရချေ။

နောက်ဆုံး ကျိုရန်ကိုး ခြေကုန်လက်ပန်းကျလာသည်။ သူ၏ ရှောင်တိမ်းမှုသည်လည်း တဖြည်းဖြည်း နှေးကွေးလေးလံလာလေသည်။ ရေဘုရင်က ကျယ်လောင်သော အသံတစ်ချက်ပေးရင်း



"သေစမ်း"

ဆူးချွန်လက်နက်ဖြင့် ကျိုရန်ကိုး၏ ရင်ဝကို စိုက်ချလိုက်သည်။ မိုးလျှံဓားသမားကလည်း မီးစွဲလောင်နေသောဓားကို ကျိုရန်ကိုးထံသို့ ပစ်လွှတ်လိုက်သည်။

သူတို့နှစ်ယောက်၏ တိုက်ခိုက်မှု လွတ်မြောက်သွားရန် မလွယ်ပါ။ ထို့ကြောင့် ကျိုရန်ကိုးက မြေပေါ်သို့ လှဲချလိုက်လေသည်။

သူသည် ထိုသို့ လှဲချလိုက်ခြင်းဖြင့် တိုက်ခိုက်မှုကို လွတ်အောင် ရှောင်နိုင်ခဲ့သော်လည်း နောက်ထပ် တိုက်ခိုက်လျှင် ခုခံ ကာကွယ်နိုင်တော့မည် မဟုတ်ချေ။

သေမင်းလက်သို့ လည်စင်းပေးသည့်ပမာ ရှိပေတော့၏။

ရေဘုရင် တဟားဟား ရယ်မောရင်း ကျိုရန်ကိုးအား အသေသတ်ရန် ခုန်ဝင်လာသည်။ ထိုအချိန်မှာပင် ...

"ရပ်လိုက်"

ကျယ်လောင်သော အော်ငေါက်သံနှင့်အတူ လူတစ်ယောက် ခုန်ဝင်လာသည်ကို တွေ့ရလေသည်။

ထိုလူမှာ တုတ်ရှည်တစ်ချောင်း ကိုင်ဆောင်ထားသော ထောက်ရှန်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထောက်ရှန်းကို တွေ့ရလျှင် ကျိုရန်ကိုး ဝမ်းသာသွားလေသည်။

"ထောက်ရှန်း"

ထောက်ရှန်းက တုတ်ရှည်ကို ဝှေ့ယမ်းရင်း ရေဘုရင်နှင့် မီးလျှံဓားသမားတို့ နောက်ဆုတ်သွားသည်အထိ တွန်းထုတ်တိုက်ခိုက်ပစ်လိုက်သည်။ ပြီးမှ ကျိုရန်ကိုးကို ဖေးမကာ ...

"ကျိုရန်ကိုး ... မင်း ဘာမှမဖြစ်ဘူးနော်"

ကျိုရန်ကိုး ခေါင်းခါယမ်းလိုက်သည်။

"ခင်ဗျားကို ကျေးဇူးတင်ပါတယ်ဗျာ"

ထောက်ရှမ်းက ရယ်မောလိုက်ပြီး ...

"မလိုပါဘူးဗျာ၊ ကျုပ်တို့က မိတ်ဆွေတွေပဲ"

ထိုစဉ် မီးလျှံဓားသမားနှင့် ရေဘုရင်တို့က ဩသံပေးကာ ထပ်မံတိုက်ခိုက်လာကြပြန်သည်။

ထောက်ရှန်းက တုတ်ရှည်ဖြင့် ခုခံတိုက်ခိုက်လိုက်သည်။

ကျိုရန်ကိုးသည် နန်းစဉ်ဓားကိုကိုင်၍ တိုက်ပွဲအတွင်းသို့ ခုန်ဝင်လိုက်သည်။ ထောက်ရှန်းရောက်လာသောကြောင့် ကျိုရန်ကိုးမှာ မီးလျှံဓားသမားတို့အား အပေါ်စီးရသွားလေသည်။



ထောက်ရှန်း၏သိုင်းပညာသည် ကြောက်မက်ဖွယ် ထက်မြက်နေသောကြောင့် မီးလျှံဓားသမားနှင့် ရေဘုရင်တို့ မျက်လုံးပြူးသွားသည်။

ရေဘုရင်က ထောက်ရှန်းကို မယုံကြည်နိုင်စွာ ကြည့်ကာ

"မင်း ဘယ်သူလဲ"

"ကျုပ်က ထောက်ရှန်း"

စကားဆုံးသည်နှင့် ထောက်ရှန်းက ရေဘုရင်၏ရင်ဝကို တုတ်ရှည်ဖြင့် ထိုးချလိုက်လေသည်။

ရေဘုရင် ရှောင်တိမ်းသွားလျှင် တုတ်ရှည်ကို ပြန်လည် ရုပ်သိမ်းခြင်းမပြုဘဲ ကျိုရန်ကိုးနှင့် တိုက်ခိုက်နေသည့် မီးလျှံဓားသမား၏ နောက်ကျောသို့ သိမ်း၍ရိုက်ချလိုက် ပြန်သည်။

မီးလျှံဓားသမားမှာ ထောက်ရှန်း၏တုတ်ရှည်ကို ခုန်ရှောင်လိုက်ရသည်။

ထို့ကြောင့် ကိုယ်နေဟန်ထား ပျက်ပြားသွားကာ ကျိုရန်ကိုးက နန်းစဉ်ဓားဖြင့် ထိုးချလိုက်လျှင် ရှောင်တိမ်းနိုင်ခြင်းမရှိတော့ချေ။

"အား"

စူးရှသော အော်ဟစ်သံတစ်ချက် ထွက်ပေါ်လာပြီး မြေ

www.burmeseclassic.com

www.burmeseclassic.com



ပေါ်သို့ လဲကျသွားတော့၏။

မီးလျှံခါးသမား လဲကျသွားသည်ကို တွေ့ရလျှင် ရေဘုရင် ထိတ်လန့်ကာ ထွက်ပြေးသွားရန် ဟန်ပြင်လိုက်သည်။

ထိုစဉ် ထောက်ရှန်း၏တုတ်ရှည်က သူ၏ရင်ဝသို့ တိုးဝင် လာသည်။

"အွန့်"

မသဲမကွဲ ညည်းညူလိုက်ပြီးလျှင် မြေပေါ်သို့ လဲကျသွား ၏။ ကုန်းချဲ့ကျန်း၏ အလွန်အားထားရသော ရေဘုရင်နှင့်မီးလျှံ ခါးသမားမှာ ထောက်ရှန်းနှင့် ကျိုရန်ကိုးတို့၏ လက်ချက်ကြောင့် ကျဆုံး သွားပြီဖြစ်သည်။

ကျိုရန်ကိုး ထောက်ရှန်းကို လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ် ရင်း ...

"ကျုပ် ပြောခဲ့ဆိုခဲ့မိတာတွေကို တောင်းပန်ပါတယ်ဗျာ"

ထောက်ရှန်းက ရယ်မောကာ ...

"အို ... ကိစ္စမရှိပါဘူးဗျာ၊ ကျုပ်က ခင်ဗျားကို ညီရင်းအစ်ကိုလို သဘောထားပါတယ်၊ ဖွဲမယူပါဘူးဗျာ"

ထိုစကားကြားရလျှင် ကျိုရန်ကိုး၏ရင်ထဲ၌ လှုပ်ရှားသွား



သည်။ တာလီဘုရင်မှာ သူ၏အစ်ကို မဟုတ်နိုင်ပါ။ သူ၏အစ်ကို သည် မည်သည့်နေရာတွင် ရောက်နေပါသနည်း။

ကျိုရန်ကိုး သက်ပြင်းချရင်း ...

"ကျုပ်နဲ့အတူ ခါးရဲတိုက်ကိုလိုက်ခဲ့ဖို့ ခင်ဗျားကိုဖိတ်ခေါ်ပါ တယ်၊ ဟိုမှာ ကျုပ်ရဲ့မွေးစားဖခင်နဲ့ ကျုပ်ရဲ့ဆရာရှိတယ်"

ထောက်ရှန်း ခေါင်းညိတ်ကာ ...

"ကောင်းပြီလေ ... သွားကြတာပေါ့"

သူတို့နှစ်ယောက် ခြေလှမ်းသုတ်သုတ်ဖြင့် ခါးရဲတိုက်သို့ လျှောက်သွားကြလေတော့သည်။

✹

ခါးရဲတိုက် ...။

ခါးရဲတိုက်မှာ တိတ်ဆိတ်ငြိမ်သက်နေသည်။

ကျုံးကူးတံတား အဆင်သင့် ခင်းထားသောကြောင့် ခါးရဲ တိုက်အဝင် တံခါးမကြီး ပွင့်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် တံခါးမကြီးတစ်လျှောက် ရှိနေတတ်သော အစောင့်အကြပ်များကို မတွေ့ရချေ။ တံတားပေါ်သို့ရောက်လျှင် ကျိုရန်ကိုး မျက်မှောင်ကြုတ်သွား၏။

"အစောင့်တွေ ဘယ်ရောက်ကုန်ပြီလဲ"

ထောက်ရှန်းမှာ ကြောင်အမ်းအမ်း ဖြစ်နေသည်။ ကြီးမားခန့်ညားသော ဓားရဲတိုက်ကိုကြည့်ရင်း သဘောကျနေ၏။ ကျိုရန်ကိုး စကားကြားမှ ...

"ဗျာ ... ဘာဖြစ်လို့လဲ"

ကျိုရန်ကိုး စိုးရိမ်ပူပန်သော လေသံဖြင့် ...

"ရဲတိုက်ထဲမှာ တစ်ခုခု ဖြစ်နေပြီထင်တယ်"

ပြောရင်း ပြေးဝင်သွားသည်။ ထောက်ရှန်းလည်း နောက်မှ ပြေးလိုက်သွား၏။

ရဲတိုက်အတွင်းဘက်သို့ ရောက်လျှင် မြေပေါ်တွင် အတုံးအရုံးလဲကျသေဆုံးနေသော အစောင့်အကြပ်များကို တွေ့မြင်လိုက်ရ၏။

"ဟိုက် ... ဒုက္ခပဲ"

ကျိုရန်ကိုး ရှေ့သို့သာ ဆက်ပြေးဝင်သွားသည်။ ထောက်ရှန်းလည်း အခြေအနေမဟန်မှန်း သိလိုက်လျှင် ပြေးလိုက်သွား၏။



ရဲတိုက်အတွင်းဘက်တွင် လဲကျသေဆုံးနေသော အလောင်းများ ပြန့်ကျဲနေပါသည်။

"ဖေဖေ"

"ဆရာ"

ကျိုရန်ကိုး ကျယ်လောင်စွာ အော်ဟစ်ကာ ပြေးဝင်သွားပါသည်။ အခန်းများ တစ်ခန်းပြီးတစ်ခန်း ဖြတ်ကျော်လာပြီးနောက် ခန်းမဆောင်တစ်ခုအတွင်းသို့ ရောက်ရှိသွား၏။

ခန်းမဆောင်၏ တစ်ဖက်ထိပ်တွင် ကြီးမားသော ကုလားထိုင်တစ်လုံးရှိပါသည်။ ထိုကုလားထိုင်ပေါ်တွင် ဓားရဲတိုက်ပိုင်ရှင် လုကျင်းကျင်းရယ်ကို တွေ့မြင်လိုက်ရ၏။ လုကျင်းရယ်၏ ခန္ဓာကိုယ်တွင် သွေးအလူးလူး ပေကျံနေပေတော့သည်။

"ဖေဖေ"

ကျိုရန်ကိုး အော်ဟစ်ခေါ်ရင်း လုကျင်းရယ်ကို ပြေးပွေ့လိုက်သည်။ လုကျင်းရယ်မှာ ဒဏ်ရာပြင်းထန်စွာ ရထားပြီး ဖြစ်သည်။ သို့သော် စိတ်တင်းထားသောကြောင့် သေဆုံးသွားခြင်း မရှိသေးချေ။ ကျိုရန်ကိုးရောက်လာလျှင် မျက်လုံးပွင့်လာ၏။

ကျိုရန်ကိုးက လုကျင်းရယ်ကို ဖေးမရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ ဘယ်သူ့လက်ချက်လဲဆိုတာ ပြောပါ ဖေဖေ၊ သား လက်စားချေပါ့မယ်"

လုကျင်းရယ်ထံမှ မငိုဝိုးတဝါးစကားသံများ ထွက်ပေါ်လာ သည်။ ကျိုရန်ကိုး သေသေချာချာ နားစိုက်ထောင်လိုက်မှ ...

"ကုန်း ချဲ့ ကျန်း"

ကျိုရန်ကိုး အံကိုတင်းတင်းကြိတ်လိုက်သည်။ ကုန်းချဲ့ကျန်း သည် အခြေအနေ အရပ်ရပ်ကို နားလည်သဘောပေါက်သွားချေပြီ။ သူတို့အား အမြစ်ပါမကျန် သုတ်သင်ပစ်ရန် ကြိုးစားနေပြီ မဟုတ် ပါလား။

ကျိုရန်ကိုး၏ မျက်လုံးအစုံ၌ မျက်ရည်များ ဝိုင်းလာသည်။ သူ့အတွက် လုကျင်းရယ်မှာ ဓားစာခံဖြစ်ခဲ့ရချေပြီ။ သူ၏ဆရာကျန်းစု မှာ မည်သည့်နေရာသို့ ရောက်ရှိနေပါသနည်း။ ထောက်ရှန်းမှာ လည်း ကျိုရန်ကိုးနှင့် လုကျင်းရယ်တို့ကိုကြည့်ကာ စိတ်မကောင်းဖြစ် နေမိလေသည်။ ကျိုရန်ကိုး၏ဘဝကိုလည်း ကိုယ်ချင်းစာမိ၏။

ထိုစဉ်မှာပင် အဆောင်၏တစ်ဖက်ရှိ အခန်းငယ်မှ လှုပ် ရှားသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။ ထောက်ရှန်း ရင်ထိတ်သွားကာ ...



"ဘယ်သူလဲ"

ချက်ချင်းပင် တစ်ဖက်အခန်းဆီသို့ ခုန်ဝင်သွားလေ၏။ တစ် ဖက်အခန်းသို့ရောက်လျှင် သွေးစွန်းနေသော ဓားတစ်လက်ကို သူ့ အား ချိန်ရွယ်ထားသည်ကို တွေ့ရ၏။

ထောက်ရှန်း ထိတ်လန့်ကာ တိုက်ခိုက်ရန် ဟန်ပြင်လိုက်စဉ် ဓားဖြင့် ချိန်ရွယ်ထားသူမှာ ·တစ်ကိုယ်လုံး သွေးခြင်းခြင်းနီရဲနေပြီး သေလုမျောပါး ဒဏ်ရာရရှိထားကြောင်း တွေ့ရ၏။

ထိုလူမှာ ဓားရဲတိုက်မှ လူပင်ဖြစ်ရမည်ဟု သူ ရိပ်မိသွား သည်။ ထို့ကြောင့် သက်ပြင်းချကာ ...

"ကျိုရန်ကိုး ... ဒီမှာလာကြည့်ပါဦး"

သူ၏စကားနှင့် မရှေးမနှောင်းတွင် ကျိုရန်ကိုး ရောက်ရှိ လာသည်။ ကျိုရန်ကိုးမှာ ဒဏ်ရာရနေသူကိုမြင်လျှင် ...

"ဆရာ"

ကျယ်လောင်စွာ အော်ဟစ်ခေါ်ရင်း ပြေးပွေ့လိုက်လေ သည်။ ထိုလူမှာ ကျန်းစုဖြစ်ပါသည်။ ကျန်းစုမှာ ကျိုရန်ကိုးအား တွေ့ လျှင် ဝမ်းသာသွားပြီး ...

"မင်းသားလေး ပြန်လာပြီနော်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်းစု၏ရင်ဝရှိ ခါးဒဏ်ရာမှ သွေးများ ယိုစီးကျနေပါသည်။ ထို့ကြောင့် ထောက်ရှန်းက မနေနိုင်တော့ဘဲ ခါးတွင် ချိတ်ထားသော အထုပ်ကလေးမှ ပဝါကို ဖြုတ်ယူလိုက်သည်။

ထိုအခါ အတွင်းဘက်မှ ထုပ်ထားသော ဘုရင့်အမိန့် တံဆိပ်တုံးမှာ ကြမ်းပြင်ပေါ်သို့ ပြုတ်ကျသွား၏။ အမိန့်တံဆိပ်တုံးမှာ ကြမ်းပြင်ပေါ်သို့ ပြုတ်ကျသွား၏။ ဤသည်ကို ဂရုမပြုမိဘဲ ပဝါဖြင့် ကျွန်းစု၏ရင်ဝ ဒဏ်ရာအား စည်းနှောင်ပေးလိုက်၏။

ကျွန်းစုမှာ ကြမ်းပြင်ပေါ်သို့ ကျသွားသော အမိန့်တံဆိပ်တုံးကို အမှတ်မထင် တွေ့မြင်သွားပါသည်။ သူ၏မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပလာပြီး ...

"ဟင် ... အမိန့်တံဆိပ်တော်ပါလား"

သူ၏စကားကြောင့် ထောက်ရှန်းနှင့် ကျိရန်ကိုးတို့ အံ့သြသွားကြသည်။ ကျိရန်ကိုးက ကျွန်းစုကိုကြည့်ရင်း ...

"ဆရာ ... ဘုရင့်အမိန့်တံဆိပ်တုံးကို ပြောတာလား"

"ဟုတ် ... ဟုတ်တယ်"

"ဘယ်မှာလဲဟင်"

"ဟို ... ဟိုမှာ"



ပြောရင်း တုန်ယင်နေသော လက်တစ်ဖက်ဖြင့် ကြမ်းပြင်ပေါ်တွင် ကျနေသော တံဆိပ်တုံးကို ညွှန်ပြလိုက်သည်။

ကျိရန်ကိုး ထောက်ရှန်းကို လှမ်းကြည့်လိုက်သည်။

ထောက်ရှန်းလည်း တွေဝေနေသည်။ ကျိရန်ကိုး မျက်မှောင်ကြုတ်ကာ ...

"ဒါ ... ခင်ဗျားပစ္စည်းလား"

ထောက်ရှန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ကျုပ်ဆီက ပြုတ်ကျသွားတာ"

"ခင်ဗျား ... ဘယ်က ရလာတာလဲ"

"ကျုပ်ပစ္စည်း ကျုပ်ငယ်ငယ်ကတည်းက ပါလာတာလို့ ကျုပ်ဆရာတွေ ပြောတာပဲဗျ"

"ခင်ဗျားမိဘတွေက ဘယ်သူလဲဗျ"

"ဒါတော့ ... ကျုပ်မသိဘူး"

ထိုစဉ် ကျွန်းစုက ထောက်ရှန်းကို စိုက်ကြည့်ကာ ...

"ဒီပစ္စည်းဟာ မင်းရဲ့ပစ္စည်းနော်"

"ဟုတ်ပါတယ်"

"ဒါဖြင့် ... မင်းဟာ မင်းသားကြီးပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

ထောက်ရှန်း ပါးစပ်အဟောင်းသားဖြစ်သွားလေသည်။ ကျန်းစုကို မယုံကြည်နိုင်စွာကြည့်ကာ ...

"ကျုပ် ... ကျုပ်ဟာ ဘုရင့်သားတော် ဟုတ်လား"

"ဟင် ... ဟုတ်တယ်၊ ဘုရင့်သားတော်နှစ်ပါးစလုံး ပြန်တွေ့တဲ့အတွက် ကျုပ်သေပျော်ပါပြီ"

စကားဆုံးလျှင် ကျန်းစုသည် ခေါင်းငိုက်စိုက်ကျသွားလေသည်။ အမှန်ဆိုလျှင် မမျှော်လင့်ဘဲ ပျောက်ဆုံးနေသော ဘုရင့်သားတော်ကြီးကို တွေ့ရသောကြောင့် ဝမ်းသာ၍ စိတ်လှုပ်ရှားလာပြီး ဒဏ်ရာလည်း ပြင်းထန်စွာ ရရှိထားသောကြောင့် တစ်ခါတည်း ခေါင်းငိုက်စိုက်ကျကာ သေဆုံးသွားခြင်း ဖြစ်လေသည်။

"ဆရာ"

ကျိုရန်ကိုး ကျယ်လောင်စွာ အော်ခေါ်လိုက်ပြီး တင်းကျပ်စွာ ဖက်ထားလိုက်၏။ သို့သော် သူ၏ခေါ်သံကို ကျန်းစုမကြားနိုင်တော့ပါ။ ကျန်းစု သေဆုံးသွားပြီ ဖြစ်လေသည်။

ကျိုရန်ကိုးအတွက် အင်မတန် ကြေကွဲဖွယ်ကောင်းသော နေ့တစ်နေ့ပေတကား။ သို့သော် သူ့အတွက် အဆိုးထဲမှ အကောင်း



ဖြစ်စေရန် ပျောက်ဆုံးနေသော အစ်ကိုအား တွေ့ခဲ့ရပါသေးသည်။

ကျိုရန်ကိုးသည် ရီဝေသော မျက်လုံးများဖြင့် ထောက်ရှန်းကို ကြည့်ကာ ...

"အစ်ကို"

ထောက်ရှန်း ပြုံးလိုက်သည်။

"အင်း ... မိတ်ဆွေဘဝက ညီရင်းအစ်ကိုတွေ ဖြစ်နေတယ်ဆိုတာ သိရတော့ ဝမ်းသာစရာပါပဲ"

"အစ်ကိုဟာ ဘုရင့်သားတော်ပါ အစ်ကို၊ မိဘမဲ့မဟုတ်ပါဘူး"

ထောက်ရှန်း ခေါင်းညိတ်ကာ ...

"အင်း ... ဘုရင့်သားတော်ဖြစ်နေတော့ ပိုပြီးတောင် ဝမ်းသာစရာကောင်းသေးတယ်၊ ကျုပ်ဟာ ရှောင်လင်ဘုန်းကြီးဘဝက နေ့ချင်းညချင်း ဘုရင့်သားတော်ဖြစ်ပြီ၊ ဟဲ ဟဲ ... ပျော်စရာကြီးပါလား"

ကျိုရန်ကိုး၏မျက်ဝန်း၌ မျက်ရည်များစို့လာသည်။ ထောက်ရှန်း ကြောင်အမ်းအမ်းဖြစ်သွားကာ ...

"ညီလေး ... မင်းဘာဖြစ်သွားတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ကျီရန်ကိုးက ...

"အစ်ကို ... ကုန်းချဲ့ကျန်းကို သွားပြီး သုတ်သင်ပစ်ပါနော်၊ သူဟာ ကျုပ်တို့ကို ဒုက္ခပေးခဲ့တဲ့ တရားခံ အစစ်အမှန်ပါပဲ၊ အစ်ကို သူ့ကို သတ်ပစ်မယ် မဟုတ်လား"

ထောက်ရှန်းမှာ သေဆုံးသွားသော ကျန်းစုနှင့်လုကျင်းရယ်တို့၏ဖြစ်အင်ကို တွေ့မြင်ရလျှင် ကုန်းချဲ့ကျန်းကို အကြီးအကျယ် မုန်းတီးသွားလေသည်။

"စိတ်ချ ... အစ်ကို သူ့ကို သတ်ပစ်မှာပါ"

ထိုစကားကြားရလျှင် ကျီရန်ကိုး၏ရင်ထဲ၌ အင်အားများ တိုးပွားလာသည်ဟု ခံစားလိုက်ရလေတော့သည်။

✿

'ဒေါင် ဒေါင် ဒေါင်'

ခေါင်းလောင်းသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ ရှောင်လင်ကျောင်းမှ အရေးပေါ် အချက်ပေး ခေါင်းလောင်း



သံ ဖြစ်လေသည်။

ခေါင်းလောင်းသံ ထွက်ပေါ်လာပြီး မရှေးမနှောင်းတွင် ရှောင်လင်ကျောင်း၏ ဂိတ်ဝသို့ ဘုန်းတော်ကြီးများ စုရုံးရောက်ရှိလာကြသည်။

ရှေ့ဆုံးမှ ဦးဆောင်လာသူမှာ အူးတိ၊ အူးကျန်းနှင့် အူးကျားတို့ ဖြစ်ကြသည်။ ယခု သူတို့အပြစ်ဒဏ်ကျခံနေရာမှ လွတ်မြောက်သွားပြီ ဖြစ်သည်။

မူလက သူတို့ ရှောင်လင်ကျောင်းမှ ထွက်ခွာသွားရန် ဆုံးဖြတ်ထားကြသော်လည်း ထောက်ရှန်းအား သိုင်းပညာများ သင်ကြားပေးပြီး သိုင်းလောကသို့ စေလွှတ်လိုက်နိုင်ပြီဖြစ်၍ ကိုယ်တိုင်သွားစရာ မလိုအပ်တော့ဟု တွေးမိသည်။

သူတို့သည် အသက်အရွယ် ကြီးပြင်းလာကြပြီဖြစ်သည့် အလျောက် ရှောင်လင်ကျောင်းတွင်ပင် အသက်ထက်ဆုံး နေထိုင်သွားရန် ဆုံးဖြတ်လိုက်ကြတော့၏။

ကျောင်းထိုင်ဆရာတော်က သူတို့အား ယုံကြည်စိတ်ချ လက်ခံကာ အရေးကြီးသော တာဝန်များ ထမ်းဆောင်စေ၏။

သူတို့သုံးယောက်၏ တာဝန်မှာ ရှောင်လင်ကျောင်းကို

www.burmeseclassic.com

www.burmeseclassic.com



ပါးလာသော အန္တရာယ်များကို ကာကွယ်ရန် ဖြစ်၏။

သို့မှသာ သူတို့ခိုးယူသင်ကြားခဲ့သော သိုင်းပညာသည် ရှောင်လင်ကျောင်းအတွက် ဖြစ်ပေမည်။

အရေးပေါ်ခေါင်းလောင်းသံ ထွက်ပေါ်လာလျှင် အူးကျန်း၊ အူးတိနှင့် အူးကျားတို့ ချက်ချင်း ထွက်လာကြ၏။

တံခါးမကြီးအပြင်ဘက်မှ မြေကွက်လပ်သို့ရောက်သော အခါ လူတစ်စုကို တွေ့မြင်လိုက်ရသည်။ ထိုလူစုမှာ နယ်စားကြီး ကုန်းချဲ့ကျန်း ဦးဆောင်လာသော လူစုဖြစ်ပါသည်။

ကုန်းချဲ့ကျန်းသည် ထောက်ရှန်းနှင့်ကျိုရန်ကိုးတို့မှာ ပျောက်ဆုံးနေသော သားတော်များဖြစ်ကြောင်း သိရှိသွားချေပြီ။ ထို့ကြောင့် ရှောင်လင်ကျောင်းတိုက်သို့ လိုက်လာခြင်း ဖြစ်သည်။

ကုန်းချဲ့ကျန်းတို့ လူစုအား တွေ့လျှင် အူးကျန်းမျက်မှောင်ကြုတ်ကာ ...

"ဒကာကြီးတို့ ဘာကိစ္စနဲ့ ရှောင်လင်ကျောင်းကို လာခဲ့ကြရတာလဲ"

နယ်စားကြီးကုန်းချဲ့ကျန်းက တင်းမာသော မျက်နှာထားဖြင့် ...



"ထောက်ရှန်းကိုတွေ့ချင်လို့လာတာ၊ သူ ဘယ်မှာလဲ ထုတ်ပေးပါ"

အူးကျန်း ပြုံးလိုက်သည်။ ထောက်ရှန်းသည် ကျောင်းမှ ထွက်သွားပြီး သိုင်းလောကတွင် ခြေဆန့်နေပြီဟု ယုံကြည်လေသည်။

သူသည် ဦးခေါင်းတွင်တွင်ခါယမ်းကာ ...

"ထောက်ရှန်း ... ဒီမှာမရှိဘူး"

နယ်စားကြီး ကုန်းချဲ့ကျန်း၏မျက်နှာ မည်းမှောင်သွားသည်။

"ကျုပ်ကိုမလိမ်ပါနဲ့၊ သူ ဒီမှာရှိတယ်ဆိုတာ သိလို့ ကျုပ်လိုက်လာတာ၊ သူ့ကိုမတွေ့ရရင် ရှောင်လင်ကျောင်းကို ကျုပ် ဖျက်ဆီးပစ်လိုက်မယ်"

အူးတိ၊ အူးကျားနှင့် အူးကျန်းတို့ ရယ်မောလိုက်ကြလေသည်။ သူတို့သုံးယောက် ရှေ့သို့ထွက်သွားကြပြီး ...

"ဒကာကြီး ... အေးအေးဆေးဆေးပြန်ပါလို့ မေတ္တာရပ်ခံပါတယ်၊ ထောက်ရှန်း ... ဒီမှာ မရှိပါဘူး"

ကုန်းချဲ့ကျန်းက အူးကျန်း၏စကားကို လက်မခံချေ။

"ကောင်းပြီလေ၊ ခင်ဗျားတို့ ထုတ်မပေးဘူးဆိုရင် ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင် ဝင်ရှာရမှာပဲ"

ပြောပြီး သူ၏လူများကို တိုက်ခိုက်ရန်အတွက် လက်ဖွေ့ယမ်းပြမည် ကြံရွယ်လိုက်လေသည်။ ထိုစဉ်မှာပင် ...

"ဟော့ ... ထောက်ရှန်း ပြန်လာပြီ"

ဆူညံသောအသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ လူအများကြည့်ရာသို့ လှမ်းကြည့်လိုက်လျှင် မြေကွက်လပ်တစ်ဖက် တောလမ်းကလေးမှ လူနှစ်ယောက် ပြေးတက်လာနေသည်ကို တွေ့ရ၏။ ထိုလူနှစ်ယောက်မှာ ထောက်ရှန်းနှင့်ကျိုရန်ကိုးတို့ ဖြစ်ကြပါသည်။

နယ်စားကြီး ကုန်းချဲ့ကျန်း၏မျက်နှာတွင် ရက်စက်ကြမ်းကြုတ်သည့်အရိပ်အယောင်များ ထွက်ပေါ်လာလေတော့၏။

ထောက်ရှန်းနှင့် ကျိုရန်ကိုးတို့ ရောက်ရှိလာကြပြီဖြစ်၏။

ထောက်ရှန်းအား တွေ့ရလျှင် ဘုန်းတော်ကြီးသုံးပါးတို့ ဝမ်းသာ ပျော်ရွှင်သွားကြလေသည်။ ထောက်ရှန်းက ဆရာသုံးယောက်ကို အရိုအသေပြုလိုက်သည်။

"ဆရာတို့ ... ကျုပ် သူကို ရှင်းပြီးမှ အေးအေးဆေးဆေး လာတွေ့ပါ့မယ်"



အူးကျန်း ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ"

"တို့ ... မင်းကို ကူညီရဦးမလား"

ထောက်ရှန်း ခေါင်းခါယမ်းကာ ...

"ကိစ္စမရှိပါဘူး ဆရာ၊ ကျုပ် သူ့ကို ရှင်းပစ်နိုင်ပါတယ်"

"အေး ... ကောင်းတယ်၊ ဒါဖြင့် တို့သွားမယ်"

ဘုန်းတော်ကြီးသုံးပါးတို့မှာ ထောက်ရှန်းကို ယုံကြည်စိတ်ချထားပါသည်။ ထို့ကြောင့် ကျန်လူများကို ခေါ်၍ ရှောင်လင်ကျောင်းအတွင်းသို့ ပြန်ဝင်သွားကြလေတော့၏။

ထိုအခါမှ ကျိုရန်ကိုးနှင့် ထောက်ရှန်းတို့က နယ်စားကြီး ကုန်းချဲ့ကျန်းနှင့် မျက်နှာချင်းဆိုင်လိုက်သည်။

ယခု သူတို့၏မိဘများ၊ ဆရာများကို သုတ်သင်သွားသူနှင့် ထိပ်တိုက်ရင်ဆိုင်ရပြီ မဟုတ်ပါလား။

ကုန်းချဲ့ကျန်းက ထောက်ရှန်းနှင့် ကျိုရန်ကိုးတို့ကို စိုက်ကြည့်လိုက်သည်။ သူတို့နှစ်ယောက် လွတ်မြောက်သွားသည့်အတွက် သူ့အား အန္တရာယ်ပြုမည့်သူများ ဖြစ်လာချေပြီ။ သို့သော် သူက မမှုပါ။ ကျိုရန်ကိုးနှင့် ထောက်ရှန်းတို့ကို သုတ်သင်ပစ်နိုင်လိမ့်မည်ဟု

www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်ထား၏။ သူသည် လက်တစ်ဖက် ဝှေ့ယမ်းပြရင်း ...

"သူတို့နှစ်ယောက်ကို မလွတ်စေနဲ့"

ယင်းသို့ အမိန့်ပေးလိုက်သည်နှင့် အနောက်ဘက်တွင် ပါလာသော လူတစ်ရာကျော်ခန့်မှာ လက်နက်ကိုယ်စီကိုင်စွဲကာ ရှေ့တိုးလာကြလေသည်။ ထိုစဉ် ကျိုရန်ကိုး နန်းစဉ်ဓားနှင့် ဘုရင့် အမိန့်တံဆိပ်တုံးကို အပေါ်သို့ မြှောက်လိုက်ပြီး ...

"ဒါ ... ဘာပစ္စည်းလဲဆိုတာ သေသေချာချာ ကြည့်ကြပါ"

ဝိုင်းရံထားကြသူများ ခြေလှမ်းရပ်သွားကြသည်။ ကျိုရန်ကိုး လက်ထဲမှ ပစ္စည်းများကိုလည်း လှမ်းကြည့်လိုက်ကြလေသည်။ ကျိုရန်ကိုးက အောင်မြင်ခန့်ညားသောလေသံဖြင့် ...

"ဒါဟာ တာလီဘုရင်များ ခေတ်အဆက်ဆက် အသုံးပြုခဲ့တဲ့ နန်းစဉ်ဓားပဲ၊ ဘုရင့်အမိန့်တံဆိပ်တုံးပါ၊ ကျုပ်တို့ဟာ ဘုရင့်သားတော်နှစ်ပါးဖြစ်ပါတယ်၊ မကြာခင် တာလီနန်းကို သိမ်းပိုက်တော့မှာဖြစ်တယ်၊ ဒါကြောင့် ကျုပ်တို့ကို ရန်ပြုတဲ့လူမှန်သမျှ အပြစ်ဒဏ်ခံကြရမယ်၊ ကျုပ်တို့ကို ကူညီရင်တော့ ချီးမြှင့်မြှောက်စားခံရမယ်"

ဘုရင့်အမိန့်တံဆိပ်တုံးနှင့် နန်းစဉ်ဓားသည် စိတ်ဓာတ်ရေးရာအရ အောင်မြင်မှုရရှိအောင် စွမ်းဆောင်နိုင်ခဲ့လေသည်။ ကုန်းချဲ့



ကျုန်း၏နောက်လိုက်များမှာ ကုန်းချဲ့ကျုန်း၏ အပြုအမူ အကျင့်အကြံကြောင့် မကျေမနပ် ဖြစ်နေကြ၏။

ကုန်းချဲ့ကျုန်းလက်အောက်တွင် မနေလိုကြချေ။ ယခု ဘုရင့်သားတော်နှစ်ပါး ပေါ်ထွက်လာသည်ကို တွေ့ရလျှင် ရှေ့မတိုးရဲကြတော့ပါ။ အချို့သည် အပြစ်ဒဏ်ခံရမည်ကို ကြောက်ရွံ့ကာ နောက်သို့ တဖြည်းဖြည်း ဆုတ်သွားကြ၏။ နန်းစဉ်ဓားနှင့် ဘုရင့်အမိန့်တံဆိပ်တော်မှာ ဘုရင်များပင် ကိုင်ဆောင်ရသည် မဟုတ်ပါလား။

နယ်စားကြီးကုန်းချဲ့ကျုန်းသည် တာလီပြည်ကို ချုပ်ကိုင်ထားခဲ့သော်လည်း နန်းစဉ်ဓားနှင့် ဘုရင့်အမိန့် တံဆိပ်တုံး ကိုင်ဆောင်ဖူးခဲ့ခြင်း မရှိပါ။

သူသည် ဘုန်းကံနည်းသောကြောင့် မကိုင်ရခြင်း ဖြစ်သည်။

ဘုရင့်သားတော်များမှာမူ တာလီပြည်ကို ပြန်လည်သိမ်းပိုက်အုပ်စိုးနိုင်မည်ဖြစ်၍ နန်းစဉ်ဓားနှင့် ဘုရင့်အမိန့်တံဆိပ်တော်ရှိနေကြသည်။ ဘုန်းကံမြင့်မားကြသည်ဟု တွေးသူတွေးနေကြသည်။

နောက်ဆုံး ဆောက်တည်ရာမရ စိတ်ဓာတ်ပြိုကွဲသွားပြီး တစ်ယောက်ပြီးတစ်ယောက် မသိမသာထွက်ပြေးသွားကြ၏။

အချို့သည် လက်နက်များကို စွန့်ပစ်ကာ ပြောင်ပြောင်တင်း

www.burmeseclassic.com

www.burmeseclassic.com



တင်း ထွက် ပြေးသွား၏။

နယ်စားကြီး ကုန်းချဲ့ကျန်း၏မျက်နှာ ပျက်သွားသည်။ အော်ဟစ်ဟန့်တားရန် ဟန်ပြင်လိုက်စဉ် သူ့လူများမှာ တစ်ယောက်မကျန် ထွက်ပြေးသွားပြီ ဖြစ်လေသည်။ သူနှင့်အတူ ဝေါစင်ထမ်း ထားသော လူလေးငါးယောက်သာ ကျန်ရစ်တော့၏။

ကုန်းချဲ့ကျန်း ခံပြင်းသွားသည်။ ချက်ချင်းပင် ဝေါစင်ပေါ်မှ ခုန်ဆင်းလိုက်ပြီး ...

"မင်းတို့ ငါ့ကိုနိုင်မယ်များ ထင်သလား၊ သေပေတော့"

ပြင်းထန်စွာ တိုက်ခိုက်လိုက်လေသည်။

ကျိုရန်ကိုးနှင့် ထောက်ရှန်းတို့ကလည်း လက်နက်ကိုယ်စီဖြင့် ပြန်လည်တိုက်ခိုက် ကြလေတော့သည်။

ထောက်ရှန်းက တုတ်ရှည်ရှည်ဖြင့် တိုက်ခိုက်နေသည်။ ကျိုရန်ကိုးမှာမူ နန်းစဉ်ဓားဖြင့် တိုက်ခိုက်လိုက်လေ၏။ သူတို့နှစ်ယောက်စလုံး ပြင်းပြင်းထန်ထန် တိုက်ခိုက်နေကြခြင်းဖြစ်သည်။ ထို့ကြောင့် တိုက်ပွဲစပြီး တစ်ခဏကြာလျှင် နယ်စားကြီး ကုန်းချဲ့ကျန်းမှာ အထင်နှင့်အမြင် လွဲမှားသွားပြီဖြစ်ကြောင်း သိလိုက်ရလေသည်။

သူသည် အသက်လည်း ကြီးရင့်လာပြီဖြစ်သောကြောင့်



ယခင်ကနှင့်မတူဘဲ မောဟိုက်လာလေသည်။

ထောက်ရှန်း ရယ်မောကာ ...

"ခင်ဗျား အသက်ကြီးနေပါပြီဗျာ ... မာန်လျှော့ပါတော့"

နယ်စားကြီး ကုန်းချဲ့ကျန်းသည် ရှေ့တိုးတိုက်ခိုက်ရန် မလွယ်ကူကြောင်းသိလျှင် ချက်ချင်းနောက်ဆုတ်ကာ ဝေါစင်ပေါ်သို့ ခုန်တက်ထိုင်နေလိုက်၏။ တစ်ခဏကြာမျှ တိုက်ခိုက်ခဲ့ရသည့်အတွက် မောဟိုက်နေ၏။ ကျိုရန်ကိုး အံကို တင်းတင်းကြိတ်ကာ ...

"သူ့ကို အလွတ်မပေးနဲ့"

အော်ဟစ်ရင်း ရုတ်တရက် အပေါ်သို့ ခုန်တက်လိုက်၏။ တစ်ဖန် ဝေါစင်ထမ်းထားသူနှစ်ယောက်၏ အပေါ်ဘက် ဝေါစင်တင်ထားသော တုတ်ချောင်းများပေါ်သို့ တက်လိုက်လေသည်။

ထိုအခါ ကျိုရန်ကိုးသည် ဝေါစင်ထမ်းထားသူများ၏ အပေါ်သို့ ရောက်သွားပြီး ကုန်းချဲ့ကျန်းနှင့် မျက်နှာချင်းဆိုင် ဖြစ်သွားလေသည်။ ဝေါစင်ပေါ်တွင် ကုလားထိုင်တစ်လုံး တင်ထားသလို တည်ဆောက်ထား သော ဝေါစင်ဖြစ်သည်။

ရုတ်တရက်ကြည့်လျှင် ကုလားထိုင်တစ်လုံးကို တုတ်နှစ်ချောင်းဖြင့် လျှိုကာ ထမ်းမထားသည်ဟု ထင်ရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျိုရန်ကိုး ခုန်တက်လာသည်ကို တွေ့မှလျှင် ကုန်းချဲ့ကျုန်းက ထိုင်နေရာမှပင် ခြေလက်များအသုံးပြုကာ တိုက်ခိုက်[illegible]သည်။

ထိုစဉ် ထောက်ရှန်းက ဝေါစင်ထမ်းထားသူများအား တုတ်ရှည်ဖြင့် တိုက်ခိုက်လိုက်ပါသည်။ သို့သော် ထိုသူများကို လွယ်လွယ်ကူကူ တိုက်ထုတ်၍မရချေ။

ထိုလူများသည် ချက်ချင်းနောက်ဆုတ်သွားသည်။

ရင်ပေါင်တန်းကာ နှစ်ယောက်တစ်တွဲရပ်၍ ဝေါစင်ထမ်းထားကြသော်လည်း ပတ္တာပါသော ဝေါထမ်းတုတ်များဖြစ်၍ ဝဲယာခွဲလိုက်ခြင်း ဖြစ်၏။

ဝေါစင်ထမ်းသူလေးယောက်စလုံး ရင်ပေါင်တန်းကာ ရပ်နိုင်ကြ၏။ ထိုအခါ အပေါ်မှ ကုန်းချဲ့ကျုန်း ပြုတ်ကျသွားခြင်းမရှိ။ ကုလားထိုင်ပေါ်တွင် ငြိမ်သက်စွာ ထိုင်နေနိုင်ဆဲ။

ဝေါစင်မှာ လျှို့ဝှက်ဆန်းပြားလှကြောင်း သိရလျှင် ထောက်ရှန်းနှင့်ကျိုရန်ကိုးတို့ ချက်ချင်း နောက်ဆုတ်သွားကြသည်။ ထောက်ရှန်းမှာ ဝေါစင်ကို ဖြိုဖျက်နိုင်မှ ကုန်းချဲ့ကျုန်းကို အနိုင်ရလိမ့်မည်ဟု ယုံကြည်ထားသည်။ ထို့ကြောင့် ကျိုရန်ကိုးဘက်သို့လှည့်၍ ...

"ညီလေး ... မင်းက ကုန်းချဲ့ကျုန်းကိုတိုက်၊ ငါက ဝေါထမ်း



တဲ့လူတွေကိုတိုက်မယ်၊ သူ့ ဝေါစင်ပေါ်က အောက်ရောက်အောင် လုပ်နိုင်မှ တို့ အနိုင်ရလိမ့်မယ်"

"စိတ်ချ ... အစ်ကိုကြီး"

ကျိုရန်ကိုးက ဝေါစင်ပေါ်သို့ ခုန်တက်ကာ တိုက်ခိုက်လိုက်ပြန်သည်။ ယခုတစ်ကြိမ် တိုက်ခိုက်မှုမှာ လျင်မြန်လွန်းလှသောကြောင့် ကုန်းချဲ့ကျုန်း မရှောင်နိုင်တော့ချေ။ သို့သော် သူက ဝေါစင်ကုလားထိုင်နံဘေးရှိ ခလုတ်တစ်ခု နှိပ်ချလိုက်လျှင် ...

'ရှီ'

ကုလားထိုင်မှာ ထမ်းထားသော တုတ်တန်းများအပေါ်၌ လှည်းတစ်ခုပမာ အနောက်ဘက်သို့ လျှောခနဲ ထွက်သွား၏။ သို့သော် တုတ်တန်းအပေါ်မှ မကျဘဲ ရပ်နေသည်။

ထူးဆန်းသော ဝေါစင်ကြောင့် ကျိုရန်ကိုး၏ဓားချက်မှ ကုန်းချဲ့ကျုန်း လွတ်မြောက်သွားတော့၏။

ထိုစဉ် ကုလားထိုင်မှာ ရှေ့သို့ လျင်မြန်စွာ ရွေ့လျားလာသည်။ ကုန်းချဲ့ကျုန်း၏လက်နှစ်ဖက် ဆန့်ထုတ်ကာ ရိုက်ချလိုက်လျှင်

'ဝုန်း'

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာပြီးလျှင်

www.burmeseclassic.com

www.burmeseclassic.com



ကျိုရန်ကိုးမှာ ဝေါစင်ပေါ်မှ လွင့်စဉ်ကျလာတော့၏။

ထိုစဉ်မှာပင် ဝေါစင်ထမ်းထားသူများအနက် အနောက်တွင်ရှိသော နှစ်ယောက်က ဘေးမှဝန်း၍ အရှေ့ဘက်တက်လာကြ၏။

အရှေ့ဘက်ရောက်လျက်ရှိသော လူနှစ်ယောက်နှင့်အတူ လေးယောက် ရင်ပေါင်တန်းလျက်သား ဖြစ်သွားကြ၏။ သူတို့ ထမ်းထားသော ဝေါစင်ပေါ်မှ ကုလားထိုင် ပြုတ်ကျသွားခြင်း မရှိပါ။

ကုလားထိုင်အောက်ဘက်မှ ဝေါစင်ထမ်းသော တုတ်များသည် လို အပ်သလို ကွေးဆန့်နိုင်သည်။ အလျားလိုက်ဖြစ်နိုင်သည်။ ယခု လူလေးယောက် ရင်ပေါင်တန်းလိုက်သောအခါ သူတို့ထမ်းထားသော တုတ်ချောင်းလေးများ ထောက်ရှန်းဘက်သို့ ချိန်ရွယ်ပြီးသား ဖြစ်သွားလေသည်။ ထိုလူများက တုတ်မှခလုတ်များ နှိပ်လိုက်လျှင်...

'ထောက်'

တုတ်ချောင်းလေးချောင်းမှ ဓားလေးချောင်း ထွက်လာသည်ကိုတွေ့ရ၏။ ဝေါစင်ထမ်းလာသူများ ပြသံပေးလိုက်ပြီး စီတန်းလျက် ဓားလေးချောင်းဖြင့် ထောက်ရှန်းအား ထိုးကြ၏။

ထောက်ရှန်း တဖြည်းဖြည်း နောက်ဆုတ်သွား၏။

အတန်ကြာ ဆုတ်ပြီးသောအခါ နောက်ထပ် ဆုတ်၍ မရ



တော့ပါ။ ထို့ကြောင့် ဝေါစင်မှ တန်းတစ်ခုကို လက်ထဲမှ တုတ်ရှည်ဖြင့် လှမ်းထောက်လိုက်သည်။ တစ်ဖန် အားကုန်တွန်းပစ်လိုက်လေသည်။ ထောက်ရှန်းက ရီကျိုကျင်းသိုင်းကျမ်းမှ အားပြောင်းအားလွှဲပညာ အသုံးပြုလိုက်လျှင် သူတွန်းလိုက်သော ခွန်အား အလွန်ပြင်းထန်ပြီး ဝေါစင်ထမ်းထားသူများ နောက်ပြန်လဲကျသွားသည်။ ထိုလူများသည် ဆွဲထုတ်ထားသော ဓားများဖြင့် ပြန်လည်ထိမိကာ ...

"အား"

"အွန့်"

"အောင်မယ်လေး"

ရူးရှဗွာ အော်ဟစ်လိုက်ပြီး သေဆုံးသွားလေတော့၏။

ဝေါစင်လည်း ကျိုးပဲ့ကြေမွသွားသည်။ ထို့ကြောင့် ကုန်းချဲ့ကျန်း အောက်သို့ ခုန်ဆင်းလာရလေသည်။

ထိုစဉ် မြေပေါ်သို့ပြုတ်ကျသွားသော ကျိုရန်ကိုး လျင်မြန်စွာ ပြန်ထလာ၏။ ချက်ချင်းပင် ကုန်းချဲ့ကျန်းအား တိုက်ခိုက်လိုက်သည်။

ကုန်းချဲ့ကျန်းမှာ မောဟိုက်နေသည့်အပြင် ဝေါစင်ကျိုးကျရာတွင်လည်း အနည်းငယ် ထိခိုက်မိသွား၏။ ထို့ကြောင့် မရှောင်နိုင်သဖြင့် လက်တစ်ဖက် ဆန့်ထုတ်ကာ ဖမ်းထားလိုက်ရ၏။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သူသည် သံမဏိလက်ဝါးမှ သံမဏိလက်ချောင်းနှစ်ချောင်းဖြင့် ကျိုရန်ကိုး၏ နန်းစဉ်ဓားကို ညှပ်ထားလိုက်၏။ ထိုသို့ ညှပ်ပြီးလျှင် လက်နှစ်ချောင်းလှည့်ကာ ဓားကို ချိုးပစ်လိုက်သည်။

'ချွင်'

ယခုတစ်ကြိမ် ကျိုရန်ကိုး၏ဓား ကျိုးသွားခြင်း မဟုတ်ပါ။

ကုန်းချဲ့ကျန်း၏ သံမဏိလက်ချောင်းနှစ်ချောင်းသာ ကျိုးပဲ့သွားလေသည်။

ကျိုရန်ကိုးမှာ ဓားကျိုးသွားလျှင် ထိုးချလာမည့် ကုန်းချဲ့ကျန်း၏ သံမဏိလက်ချောင်းများအား မည်သို့ ရှောင်တိမ်းရမည်ကို စဉ်းစားနေစဉ်ပင် ကုန်းချဲ့ကျန်း၏လက်ချောင်းများ ကျိုးသွားခြင်းဖြစ်သည်။

သူသည် ဝမ်းသာအားရဖြစ်သွားပြီး ချက်ချင်း နန်းစဉ်ဓားဖြင့် ကုန်းချဲ့ကျန်းကို ထိုးချလိုက်လေသည်။

သူကိုင်ဆောင်ထားသော ဓားမှာ နန်းစဉ်ဓားဖြစ်၍ ကုန်းချဲ့ကျန်း လှည့်ချိုးသောအခါ မကျိုးခြင်းဖြစ်လေသည်။ ထိုစဉ်မှာပင်...

"ညီလေး ... နောက်ဆုတ်"

ထောက်ရှန်းက သတိပေးအော်ဟစ်ရင်း တုတ်ရှည်ဖြင့်



ကုန်းချဲ့ကျန်း၏ ဦးခေါင်းအပေါ်စီးမှ မိုး၍ ရိုက်ချလိုက်လေသည်။

'ချွင်'

အသံတစ်ချက် ခပ်အုပ်အုပ် ထွက်ပေါ်လာလေသည်။

ကုန်းချဲ့ကျန်းမှာ အသံပင် မထွက်နိုင်တော့ဘဲ မြေပေါ် လဲကျသေဆုံးသွား လေတော့သည်။

ကျိုရန်ကိုးမျက်နှာ ပြုံးနေပါသည်။ ထို့အတူ ထောက်ရှန်း၏ မျက်နှာလည်း ပြုံးနေပါသည်။

အတန်ကြာ ထောက်ရှန်းက စကားစလိုက်သည်။

"ငါ့ညီ ... မင်း တာလိပြည်ကို ပြန်ပြီး ထီးနန်းသိမ်းပိုက်ပါ၊ တာလိဘုရင်က ထီးနန်းလွှဲပေးပါလိမ့်မယ်"

ကျိုရန်ကိုး မျက်မှောင်ကြုတ်ကာ ...

"အစ်ကိုကော"

"အစ်ကိုမလိုက်တော့ဘူး၊ ရှောင်လင်ကျောင်းမှာ ဘုန်းကြီးဝတ်တော့မယ်"

ကျိုရန်ကိုး ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။ ထောက်ရှန်းက ဆုံးဖြတ်ချက်ချပြန်ဖြင့် ...

"ငါ့ညီသာ ထီးနန်းနဲ့ ထိုက်တန်ပါတယ်၊ တိုင်းသူပြည်သား

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



တွေကို ကျောသားရင်သား မခွဲခြားဘဲ တရားမျှတစွာ အုပ်ချုပ်ပါ၊ အစ်ကိုကတော့ ရှောင်လင်ကျောင်းက ခွဲမသွားနိုင်တော့ဘူး၊ ကဲ ... ငါညီ သွားပေတော့"

ထောက်ရှန်းမှာ အလွန်ထူးဆန်းသူဖြစ်ကြောင်း ကျိရန်ကိုး နားလည်ထားသည်။ ထို့ကြောင့် ခေါင်းညိတ်လိုက်ပြီး ...

"စိတ်ချပါ ... အစ်ကို့စကားကို မြေဝယ်မကျ နားထောင်ပါ့မယ်လို့ ကတိပေးပါတယ်"

ပြောပြီးလျှင် ချာခနဲလှည့်ကာ ထွက်သွားလေတော့သည်။ သူ၏မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာသည်ကို ထောက်ရှန်း မတွေ့မမြင်စေလိုပါချေ။ ထောက်ရှန်း သက်ပြင်းချလိုက်သည်။

ကျိရန်ကိုး မြင်ကွင်းမှ ပျောက်ကွယ်သွားသည်အထိ စိုက်ကြည့်နေပြီးမှ ရှောင်လင်ကျောင်းအတွင်းသို့ လှမ်းဝင်သွားလေတော့သည်။

ထောက်ရှန်းကား ငြိမ်းချမ်းမှုကို ရှာဖွေတွေ့ရှိသွားပြီ ဖြစ်ပါသည်။

ပြီးပါပြီ

တက္ကသိုလ်ဝင်းကြွယ်

BURMESE CLASSIC .com

www.burmeseclassic.com